# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၆)၊ အမှတ် (၀၄၀)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆွစ်ဇာလန်နိုင်ငံ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအား တွေ့ဆုံ

# နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Johannes Matyassy ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွစ်ဇာလန်နိုင်ငံ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Johannes Matyassy နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

# ကိုရီးယားရင်းနှီးမြှုပ်နှံမှု ပထမဆုံး နိုင်ငံတကာအဆင့်မီ ဆီစက်ရုံဖွင့်လှစ်



**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

**ရန်ကုန် နိုဝင်ဘာ ၈**

တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် CJ Foods Myanmar မှ စားသုံးဆီထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သီလဝါအထူးစီးပွားရေးဇုန် ယင်းစက်ရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက "မြန်မာနိုင်ငံအစိုးရအနေနဲ့ စီးပွားရေးမူဝါဒတွေမှာ လယ်ယာကဏ္ဍနဲ့စက်မှုကဏ္ဍ အညီအမျှ ဖွံ့ဖြိုးတိုးတက်မှုရရှိစေဖို့ ချမှတ်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ လယ်ယာကဏ္ဍကိုအခြေခံထားတဲ့အတွက် လယ်ယာအခြေခံ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍမှာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုလျက်ရှိပါတယ်။ လယ်ယာအခြေခံစက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကုန်ကြမ်းဈေးကွက်ခိုင်မာလာပြီး တောင်သူလယ်သမားတွေအတွက် စီးပွားရေး

*စာမျက်နှာ ၃ ကော်လံ ၅* ◆

## နာဂဒေသတွင် ကာကွယ်ဆေးထိုး လုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်မှုစတင်

*စာမျက်နှာ - ၅*

## ရွှေ့ပြောင်းသွားလာသူများအရေး ဥရောပသမဂ္ဂ၏ ခွဲတမ်းချထားမှုကို ဟန်ဂေရီလွှတ်တော်၌ မဲခွဲဆုံးဖြတ်

*စာမျက်နှာ - ၁၀*

## လမ်းလျှောက်ရင်း လမ်းပျောက်ခဲ့ကြသူများ

*စာမျက်နှာ - ၁၁*




မြန်မာ့အလင်း

# အချုပ်အခြာအာဏာပိုင်နိုင်ငံနှင့် ပြည်တွင်းငြိမ်းချမ်းရေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ကျွန်မတို့နိုင်ငံမှာ အချိန်ဆွဲလို့ မရပါဘူး။ ဆယ်စုနှစ်တွေချီပြီး ငြိမ်းချမ်းရေးကို ငတ်မွတ်နေတဲ့နိုင်ငံဖြစ်ပါတယ်။ ဘယ်လောက်အချိန်ယူချင်သေးပါသလဲ” ဟူသော ပြောစကားသည် တိုင်းပြည်၏ အမျိုးသားရေးလိုအပ်ချက်ကို မီးမောင်းထိုး ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးကို အလျင်အမြန် လိုအပ်နေပြီဖြစ်ပါသည်။ တိုင်းပြည်ဖြတ်သန်းခဲ့သော သမိုင်းကြောင်းအရ ပစ္စုပ္ပန်၌ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် စီးပွားရေးအရ နောက်ကျလျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအနာဂတ်စီးပွားရေးစီမံကိန်းများ၌ ပါဝင်နိုင်စွမ်းမရှိပါက အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ကျားကန်ပေးမည့် စီးပွားရေးအင်အားတို့ကို လက်လွှတ်ဆုံးရှုံးရမည့် အန္တရာယ်ရှိနေပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိပါက ဒေသတွင်းအနာဂတ်စီးပွားရေးစီမံကိန်းတို့၌ ပါဝင်နိုင်မည်မဟုတ်ပါ။

ဥပမာအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သည် အာဆီယံအပါအဝင် တောင်အာရှနိုင်ငံများ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (South Asian Association for Regional Cooperation-SAARC) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဗဟိုအာဏာပိုင်နှင့် နယ်စပ်ဒေသများကြား ချိတ်ဆက်စည်းနှောင်မှုကို အရှိန်အဟုန် မြှင့်တင်နေသည်ဟု သိရပါသည်။ ယူနန်ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ ပူးပေါင်းဆောင်ရွက်မှု (BCIM) ၌လည်း အရေးပါသော အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိသည်ဟု ဆိုပါသည်။ အရေးကြီးသောအချက်မှာ မြန်မာနိုင်ငံသည်အဆိုပါဒေသတွင်း အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ၌ အဓိက အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေခြင်းဖြစ်ပါသည်။ သို့သော် ပြည်တွင်းငြိမ်းချမ်းရေးမရှိပါက မြန်မာနိုင်ငံသည်အဆိုပါဒေသတွင်း အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမည်မဟုတ်၍ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပို၍၊ ပို၍ နောက်ကျကျန်ရစ်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ ဤကဲ့သို့ ပို၍၊ ပို၍ နောက်ကျကျန်ရစ်ပါက အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရပ်တည်နိုင်မည့် စီးပွားရေးစည်းနှောင်အားတို့ကို ဆုံးရှုံးသွားမည့်အန္တရာယ်ကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအား အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်စေလိုသော နိုင်ငံရေးအင်အားစုအားလုံးအနေဖြင့် ဤအန္တရာယ်အပေါ် အလေးအနက်ထားသုံးသပ်သင့်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စုဟူသည် ပြည်ထောင်စုအဖွဲ့ဝင်များက ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကို ကျင့်သုံးသည့်နည်းတူ ပြည်ထောင်စုတစ်ခုလုံးကောင်းကျိုးအတွက်လည်း ညှိနှိုင်းလက်တွဲဆောင်ရွက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအဖွဲ့ဝင်များကြား ညှိနှိုင်းလက်တွဲ ညှိနှိုင်းဆောင်ရွက်ခြင်းသည် ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပါသော အင်္ဂါလက္ခဏာ တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအဖွဲ့ဝင်အားလုံးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ဖြစ်သော ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပါသော အထက်ဖော်ပြပါ အင်္ဂါလက္ခဏာကို နှလုံးသွင်းလျက် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အားကြိုးမာန်တက်ညှိနှိုင်းလက်တွဲဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ရွှေကျင်-ညောင်လေးပင်-ဒိုက်ဦးမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်မည်

**ဒိုက်ဦး နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး-ညောင်လေးပင်-ရွှေကျင်မြို့နယ် သုံးမြို့နယ်ရှိ ကျေးရွာအချို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၁၄၆၄ ဒသမ ၅၂၉ သန်းဖြင့် လမ်း၊ တံတားများ ရေပေးဝေရေးလုပ်ငန်းများကို တိုင်းရင်းသား လုပ်ငန်းရှင်ကုမ္ပဏီများက တင်ဒါစနစ်ဖြင့် ပါဝင်ဆောင်ရွက်စေခဲ့ပြီး လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ GOLDEN HOURS ကုမ္ပဏီမှ ရေရရှိရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လုပ်ကိုင်ဆောင်ရွက်ပေးမည့် ကျေးလက် လမ်း၊ တံတားအဖြစ် ရွှေကျင်မြို့နယ်တွင် ရွှေကျင်၊ ကျောက်လုံးကြီး၊ ကံဘေးအိုင်၊ ဇရပ်ဆိပ်လမ်းကွန်ကရစ် လမ်းခင်းခြင်း တစ်မိုင် နှစ်ဖာလုံ ၊ မြေသားလမ်း ၄ ဒသမ ၅၄ ဖာလုံ ၊ ကျောက်ချောလမ်း ၆ ဒသမ ၇၄ ဖာလုံ၊ သစ်သားတံတား ငါးစင်း၊ ညောင်လေးပင်မြို့နယ်တွင် အေးရွာ၊ ဝင်္ကဘော်၊ နဘဲပင်၊ ကြာအင်းကြီး ကျောက်ချောလမ်း နှစ်မိုင် ၊ ဂဝံလမ်း ၂ ဒသမ ၅၈ ဖာလုံ၊ တံတားချဉ်းကပ်လမ်းမြေဖို့ခြင်း ဝ ဒသမ ဝ၆ ဖာလုံ၊ သစ်သားတံတား လေးစင်း၊ ဒိုက်ဦးမြို့နယ်တွင် ကတုတ်ရွာမ၊ ဘောနီ ကျောက်ချောလမ်းခင်းခြင်း နှစ်မိုင်၊ ဂဝံလမ်း တစ်မိုင် ၄ ဒသမ ၆၃ ဖာလုံ၊ ကွန်ကရစ်တံတားသုံးစင်း၊ သစ်သားတံတားသုံးစင်း၊ ရေပြွန် ခြောက်ခုတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ကျေးလက်ရေရရှိရေးလုပ်ငန်းအဖြစ် ရွှေကျင်မြို့နယ်မှ ဇလုပ်ကြီး၊ ဝင်းကံ၊ ရုံးတိုင်း၊ အင်္ဂနီ၊ သံဆိပ်ရွာမ၊ မဘီးလေးရွာ၊ ညောင်လေးပင်မြို့နယ်မှ ကတုတ်၊ အင်းချောင်း၊ ကြံတို၊ ထွန်းကုန်းရွာ၊ ဒိုက်ဦးမြို့နယ်မှ ဗျက်ကြီး၊ အညာစု၊ ကမာကလစ်၊ မင်္ဂလွန်း၊ လင်းရောင်ခြည်၊ သုံးခွ၊ အမရ၊ ပသွယ်ရွာတို့တွင် တွင်းနက် ၁၅ တွင်း ၊ တွင်းတိမ်နှစ်တွင်း၊ မြေသားရေကန်တစ်ခုတို့ကို ပြုလုပ်ပေးမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများကို ယခုနှစ်မိုးရာသီကုန်ဆုံးပြီးနောက် ပွင့်လင်းရာသီမှ စတင်ကာ ယခုဘဏ္ဍာရေးနှစ်ကာလအတွင်း အပြီးသတ် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းမြို့နယ်များရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

**ထင်သာမြင်သာပြုပြင်စရာ**

# ရှင်မြို့ ကျေးရွာချောင်းကူးတံတား ပြုပြင်ဆောင်ရွက်ရန်လိုအပ်လျက်ရှိ



မိတ္ထီလာတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ချောင်းရေ ရေစီးသန်စွာစီးဆင်းမှုကြောင့် ယိုင်နဲ့ယိုယွင်းနေသည့် ရှင်မြို့ ကျေးရွာချောင်းကူးတံတားပေါ်မှ ကျေးရွာဒေသခံပြည်သူများ နေ့စဉ်ဖြတ်သန်းသွားနေရသဖြင့် ယင်းချောင်းကူးတံတားအား ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

“မိတ္ထီလာကန်ထဲကိုစီးဝင်တဲ့ နတ်စင်ချောင်းရေက ရှင်မြို့ကျေးရွာအနီးက ဖြတ်သန်းစီးဆင်းတာပါ။ မိတ္ထီလာမှာ မိုးအဆက်မပြတ် ရွာသွန်းတာကြောင့် ချောင်းရေစီးသန်ပြီး ရှင်မြို့ကျေးရွာချောင်းကူးတံတားက အလယ်ဒေါက်တိုင်တွေကျိုးကျပြီးတော့ ယိုင်နဲ့ယိုယွင်းသွားတာ တစ်လနီးပါးရှိနေပါပြီ။ အဲဒီယိုင်နဲ့ယိုယွင်းနေတဲ့ တံတားပေါ်ကနေပဲ ကျေးရွာဒေသခံလူကြီး၊ လူငယ်၊ ကလေးအားလုံးပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေနဲ့ မိတ္ထီလာမြို့ပေါ်ကို နေ့စဉ်ဖြတ်သန်း သွားလာနေကြရတာပါ။ ဒါကြောင့် ဒီရှင်မြို့ ကျေးရွာချောင်းကူးတံတားကို အမြန်ပြုပြင် ဆောင်ရွက်ပေးစေချင်ပါတယ်”ဟု ကျေးရွာဒေသခံ တစ်ဦးက ပြောသည်။

အဆိုပါ ချောင်းကူးတံတားကို တံတားအသစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေ တင်ပြတောင်းခံထားကြောင်း သိရသည်။

“ရှင်မြို့ ကျေးရွာချောင်းကူးတံတားကို အသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ဖို့အတွက် ဌာနကိုတင်ပြတောင်းခံထားပါတယ်။ အဲဒီချောင်းကူးတံတားက ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတဲ့ ချောင်းကူးတံတားလို့ ဒေသခံတွေက ပြောပါတယ်။

ရှင်မြို့ကျေးရွာချောင်းကူး တံတားအသစ်ကို အရှည်ပေ ၈၀၊ အကျယ် ၁၄ ပေ သစ်သား၊ သံပေါင် အမျိုးအစားနဲ့ ဆောက်လုပ်ပေးသွားဖို့ တင်ပြထားတာပါ”ဟု မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးဇော်မြင့်က ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့်လျှပ်စစ်ကြိုးများလဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ် ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

**မီးသတ်ဦးစီးဌာန**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၁၁-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၃၀/၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၅/၆၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၈ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၃ · ၂၃ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၂၅၂ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၀၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*ကျော့ဖုံးမှ*

ဒုတိယသမ္မတက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်အမီ ပြီးစီးရေးမှာကြားပြီး တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်း ဆောင်မှ ကြည့်ရှုသည်။

**အားပေးစကားပြော**

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းပြည်နယ် ဖလမ်းမြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ လူနာများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဟားခါးမြို့သို့ ရောက်ရှိကြပြီး ဟားခါးမြို့အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**တည်ငြိမ်အေးချမ်းရန်လိုအပ်**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက မိမိတို့အဖွဲ့အနေဖြင့် ချင်းပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် ယခုအခါ ကောလိပ်ရှိလာတော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ချင်းပြည်နယ်ရှိ ကျောင်းသား ကျောင်းသူများ ဟားခါးတွင် တက္ကသိုလ်ပညာရပ်များကို သင်ကြားနိုင်ကြပြီဖြစ်ကြောင်း၊ ဒေသတစ်ခု တိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ငြိမ်းချမ်းရေးရရှိအောင် နိုင်ငံတော်အစိုးရ အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကျင်းပခဲ့ပြီး အောင်မြင်အောင် ကြိုးပမ်းလျက်ရှိကြောင်း၊ တိုင်းရင်းသား အားလုံးပါဝင် ကြိုးပမ်းကြရန်လိုကြောင်း။

ယခုအခါ နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များကို ဖွံ့ဖြိုးမှုကွာခြားချက် နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးနေပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ် ပြည်မ ဆက်သွယ်ရာလမ်းတစ်လျှောက်ရှိ မြစ်ကူး၊ ချောင်းကူးနေရာများကိုလည်း တံတားများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ချင်းပြည်နယ်အနေဖြင့် ဖလမ်းတွင် လေယာဉ်ကွင်း တည်ဆောက်ပြီးပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

**ဘတ်ဂျက်ပိုမို သုံးစွဲလျက်ရှိ**

ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် ယခင်ကထက် ဘတ်ဂျက်ပိုမိုသုံးစွဲလျက်ရှိပါကြောင်း၊ ချင်းပြည်နယ်အတွက် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ပုလဲ-ဂန့်ဂေါ-ဟားခါး-ဖလမ်း ဓာတ်အားလိုင်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ပေးအပ်သည်။

ယင်းနောက် မြို့မိမြို့ဖတစ်ဦးက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ လူနာများအား အားပေးစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဟားခါးမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ်** (သတင်းစဉ်)

# ပထမအကြိမ် မြန်မာ-ဆွစ်ဇာလန်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ပထမအကြိမ် မြန်မာ-ဆွစ်ဇာလန်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီ ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဆွစ်ဇာလန်နိုင်ငံ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Johannes Matyassy တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုနှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွစ်ဇာလန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာ-ဆွစ်ဇာလန် သံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာအထိ ဆောင်ရွက်သွားမည့် လှုပ်ရှားမှုများအား စတင်သည့် အထိမ်းအမှတ်အဖြစ် နေပြည်တော် Kempinski ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဦးဝင်းမော်ထွန်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးမြင့်လွင်အား ဆူဒန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆူဒန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# e-Government မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရေးအတွက် ဘတ်ဂျက်ခွင့်ပြုရေးအား လွှတ်တော်တွင် ဆွေးနွေးပြီးဖြစ်



**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ICT နယ်ပယ်တွင် အကြီးတန်းမူဝါဒရေးရာ ကျွမ်းကျင်သူ (SeniorICT Policy Specialist) Mr.Siou Chew Kuek ၊ အကြီးတန်း e-Government ကျွမ်းကျင်သူ Mr. Sebastian Foo နှင့် နည်းပညာဆန်းစစ်ပညာရှင် ဦးအောင်ထွန်းလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် အကြီးတန်း e-Government ကျွမ်းကျင်သူ Mr. Sebastian Foo က Digital Myanmar Project Preparation နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဦးတင်မောင်ဝင်းက မြန်မာနိုင်ငံတွင် e-Government အကောင်အထည်ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများဖြစ်သော Leadership, Organization and Capacity Lack of Legislation တို့ကိုဆွေးနွေးမေးမြန်းသည်။

ထို့အပြင် National Data Centre နှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်း၊ e-Government အကောင်အထည် မြန်မြန်ဆန်ဆန် ဖော်ဆောင်ရေးအတွက် ဘတ်ဂျက်ခွင့်ပြုရေးအား လွှတ်တော်တွင် ဆွေးနွေးပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*ရှေ့ဖုံးမှ*

အခွင့်အလမ်းကောင်းတွေတိုးပွားလာမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံသားတစ်ဦး၏ ဆီစားသုံးမှုသည် တစ်နှစ်လျှင် ၅ ဒသမ ၅ ပိဿာရှိနေကြောင်း၊ တစ်နေ့လျှင် လူတစ်ဦး ဆီစားသုံးမှုမှာ နှစ်ကျပ်ခွဲသားရှိနေသဖြင့် ကျန်းမာရေးရှုထောင့်ကကြည့်ပါက လူတစ်ဦး၏ ကျန်းမာရေးလိုအပ်ချက်ထက် များပြားနေသည်ကို တွေ့ရကြောင်း၊ မြန်မာလူမျိုးတို့၏ ဆီစားသုံးမှု များပြားနေမှုအစဉ်အလာကို လျှော့ချသင့်ကြောင်း၊ ကိုလက်စထရောနည်းသည့် စားသုံးဆီကိုသာ စားသုံးသင့်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းပြောကြားသည်။

အဆိုပါ CJ (Cheil Jedang) ကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံ၏ နံပါတ်တစ် စားသောက်ကုန် ထုတ်လုပ်ရေးကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအဖြစ် ဆီစက်ရုံအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ သန်းရင်းနှီးမြှုပ်နှံထားကြောင်း၊ စက်ရုံမှပဲပိစပ်ဆီများကို ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် နေကြာဆီ၊ မြေပဲဆီ၊ နှမ်းဆီများကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစားသုံးဆီစက်ရုံသည် မြန်မာနိုင်ငံတွင်ပထမဆုံးသော ခေတ်မီစားသုံးဆီစက်ရုံဖြစ်ပြီး ကိုရီးယားနိုင်ငံ CJ Group ၏ စက်မှုနှင့် နည်းပညာပံ့ပိုးမှုများဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်ကုန်များကို ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစားသုံးဆီစက်ရုံဖွင့်လှစ်နိုင်ခြင်းဖြင့်ရန်ကုန်တိုင်းဒေသကြီး အပါအဝင် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တောင်သူလယ်သမားများ အနေဖြင့် နှမ်း၊ နေကြာ၊ ပဲပိစပ်အစရှိသော ဆီထွက်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာပြီး ကောင်းမွန်သော ကုန်ကြမ်းဈေးကွက်အခွင့်အလမ်းကောင်းများလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့တပ်မတော်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

**ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် Mrs. Federica Mogherini အား နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် Justus Lipsius Building ရှိ အဆင့်မြင့်ကိုယ်စားလှယ်ရုံး၌ သွားရောက်တွေ့ဆုံသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် Mrs. Federica Mogherini တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (မြဝတီ)

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးပေါ်လွင်စိန်တို့ ပါဝင်တက်ရောက်ကြပြီး Mrs. Federica Mogherini နှင့်အတူ ဥရောပသမဂ္ဂ စစ်ဘက်ကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Roland Kobia နှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ဥရောပသမဂ္ဂက ဆက်လက်ပံ့ပိုးကူညီရေး၊ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ မြန်မာ့တပ်မတော်နှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျာမနီတပ်မတော်စစ်ဦးစီးချုပ် General Volker Wieker နှင့် Justus Lipsius Building ရှိ ဂျာမနီ တပ်မတော် ကိုယ်စားလှယ်ရုံး၌ ဆက်လက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးပေါ်လွင်စိန်တို့တက်ရောက်ကြပြီး ဂျာမနီတပ်မတော် စစ်ဦးစီးချုပ်နှင့်အတူ Lieutenant General Hans-Werner, German Military Representative to NATO/ EU နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး**

တွေ့ဆုံပွဲတွင် မြန်မာနှင့်ဂျာမနီ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဂျာမနီဘက်မှ အမြဲတမ်းလမ်းဖွင့်ထားပါကြောင်း၊ တပ်မတော်နှစ်ရပ်အနေဖြင့် ကြုံတွေ့ခဲ့ကြသည့် အတွေ့အကြုံကောင်းများကိုလည်း အပြန်အလှန်မျှဝေသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပြီး ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးအတွက် ဖိတ်ကြားခဲ့ကြကာ အခြားစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ Palaisdes Colonies, Tervuren ၌ ဥရောပသမဂ္ဂ စစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား General Mikhail Kostarakos နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ပြီး General Mikhail Kostarakos က ညစာစားပွဲ မိန့်ခွန်းပြောကြားကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ညစာစားပွဲသို့ တက်ရောက်လာသည့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးဦးစီးချုပ်များ၊ အခြား ဥရောပသမဂ္ဂ စစ်ဘက်ကော်မတီ မိတ်ဖက်တပ်မတော် ဦးစီးချုပ်များနှင့် မိတ်ဆက်ပေးသည်။

ညစာသုံးဆောင်စဉ်အတွင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နယ်သာလန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ဗြိတိန်၊ ဆိုက်ပရပ်စ်နှင့် ဆားဗီးယား နိုင်ငံတပ်မတော်ဦးစီးချုပ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရေသယံဇာတနှင့် သဘာဝဘေးအန္တရာယ်များအတွက် အဆင့်မြင့်ကျွမ်းကျင်သူများနှင့် ဦးဆောင်သူများအဖွဲ့၏ (၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် ရေသယံဇာတနှင့်သဘာဝဘေးအန္တရာယ်များအတွက် အဆင့်မြင့်ကျွမ်းကျင်သူများနှင့် ဦးဆောင်သူများအဖွဲ့၏ High-level Experts and Leaders Panel (HELP)၏ (၈)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်သည်။

ရေသယံဇာတနှင့် သဘာဝဘေးအန္တရာယ်များအတွက် အဆင့်မြင့်ကျွမ်းကျင်သူများနှင့် ဦးဆောင်သူများအဖွဲ့တွင် မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပြီး 8th Meeting of HELP ၏ အစည်းအဝေးတွင် HELP အဖွဲ့၏ အကြံပေးပညာရှင်များအဖြစ် အဆင့်မြင့်ပညာရှင်သုံးဦး အသစ်ခန့်အပ်မှုတွင်လည်း မြန်မာနိုင်ငံမှ ဒေါက်တာဒေါ်ခင်နီနီသိန်း ပါဝင်ခန့်အပ်ခံရသည်။

ရေသယံဇာတနှင့် သဘာဝဘေးအန္တရာယ်များအတွက် အဆင့်မြင့်ကျွမ်းကျင်သူများနှင့် ဦးဆောင်သူများအဖွဲ့ HELP သည် ကမ္ဘာလုံးဆိုင်ရာ ရေသယံဇာတနှင့်သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် အဓိကဦးဆောင်ကဏ္ဍက ပါဝင်ဆောင်ရွက်မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် HELP အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေသယံဇာတနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ အဆင့်မြင့် ကျွမ်းကျင်ပညာရှင်များ၊ ဦးဆောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည့်အပြင် HELP အဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနက် တစ်ခုအပါအဝင်ဖြစ်သော နိုင်ငံတွင်းဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများတွင် မြန်မာနိုင်ငံမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**ရေသယံဇာတနှင့် သဘာဝဘေးအန္တရာယ်များအတွက် အဆင့်မြင့်ကျွမ်းကျင်သူများနှင့် ဦးဆောင်သူများအဖွဲ့၏ (၈)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်**




ရေသယံဇာတနှင့် သဘာဝဘေးအန္တရာယ်များအတွက် အဆင့်မြင့်ကျွမ်းကျင်သူများနှင့် ဦးဆောင်သူများအဖွဲ့ (HELP) ကို ၂၀၀၇ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ ရေဖိုရမ်ဥက္ကဋ္ဌဟောင်း H.E. Dr.Han Seung-soo က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင် အဆင့်မြင့်ကျွမ်းကျင်ပညာရှင် ၂၁ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ညွှန်းပြိုင်ပွဲဆုသုံးဆု နိုင်ငံတကာအကဲဖြတ်ဒိုင်များက ရွေးချယ်ချီးမြှင့်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၈**

စတုတ္ထအကြိမ်မြောက် ပြုလုပ်သည့် MEMORY Cinema နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်အား ရန်ကုန်မြို့တွင် နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ပြုလုပ်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၈ ရက်အထိ လေးရက်တာကျင်းပ ပြုလုပ်နေသော ရုပ်ရှင်ဇာတ်ညွှန်းပြိုင်ပွဲတွင် နိုင်ငံတကာမှ ဒိုင်လူကြီးများက ဆုသုံးဆုကို နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီက ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ အကဲဖြတ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဤသို့ နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်နှင့်အတူ ရုပ်ရှင်ဇာတ်ညွှန်းပြိုင်ပွဲကြီးကို ကျင်းပရခြင်းသည် ထပ်မံပေါ်ထွန်းလာမည့် မြန်မာ့မျိုးဆက်သစ်ရုပ်ရှင်ရိုက်ကူးဖန်တီးသူများအတွက် ဇာတ်ကားကောင်းဖန်တီးနိုင်ရန် ဖော်ဆောင်ပေးခြင်းဖြစ်ပြီး ရရှိသောဆုမှာ ရုပ်ရှင်ဇာတ်ညွှန်းတစ်ခုအတွက် ပံ့ပိုးကူညီပေးသွားမည့်ဆုဖြစ်ကာ သင်တန်းသား ၂၀ မှ ဆုသုံးဆုကို နိုင်ငံတကာမှ ဒိုင်လူကြီးများက ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက အမှာစကားပြောကြားပြီး နိုင်ငံတကာမှ အကဲဖြတ်ဒိုင်လူကြီးများတွင် အကြီးအမှူးဒိုင်အဖြစ် Michael Hazanavicius မှဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဆွေဇင်ထိုက်၊ နိုင်ငံတကာရုပ်ရှင်ပွဲတော် Locamo မှ Sophie Bourdon၊ ချက်ရီပတ်ဘလစ်ရုပ်ရှင်သင်တန်းကျောင်း FAMU မှ ဒါရိုက်တာ Vit Janecek၊ Shadowns and Asian Shadowns ၏ CEO ဖြစ်သူနှင့် ရုပ်ရှင်ထုတ်လုပ်သူ Isabelle Glachant၊ Yangon Film School မှနည်းပြဖြစ်သူနှင့် ဒါရိုက်တာ၊ စာရေးဆရာ Rachel Mathews၊ Arte Cinema မှ CEO ဖြစ်သူ Olivier Pere တို့မှ ဆောင်ရွက်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ၁၃ ရက်အထိ ဝဇီရာရုပ်ရှင်ရုံတွင် အများပြည်သူအား အခမဲ့ပြသလျက်ရှိပြီး နိုဝင် ဘာ ၄ ရက် ဖွင့်ပွဲနေ့တွင် (၁၉၃၄)ခုနှစ်တွင် ပြသခဲ့သော ရှေးအကျဆုံး အသံတိတ်စာတန်းထိုးရုပ်ရှင်ဖြစ်သည့် ဒါရိုက်တာ အေဝမ်းမောင်တင်မောင်၏ မြဂနိုင်ဇာတ်ကားကို ပြသခဲ့ကာ ယခုပွဲတော်သည် အာရှ၏ တစ်ခုတည်းသော နိုင်ငံတကာရုပ်ရှင်ပွဲတော်အဖြစ် မြန်မာနိုင်ငံတွင် ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

ယခုကျင်းပလျက်ရှိသော နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်ကြီးတွင် နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၆၀ ခန့်ကို ပြသလျက်ရှိပြီး ရုပ်ရှင်ဇာတ်ညွှန်းဆုကိုလည်း နိုင်ငံတကာရုပ်ရှင်ဒါရိုက်တာနှင့်ပညာရှင်တို့မှ ရွေးချယ်ပေးခဲ့ကာ ဒါရိုက်တာ Buxter Keaton ၏ အကောင်းဆုံးသော အနုပညာလက်ရာမွန် ဇာတ်ကားကြီးအား ဦးကြည်စိုးထွန်းမှတစ်ဖန်ပြန်လည်၍ အသွင်ဆန်းသစ်၍ Live ပုံစံ ပုံဖော်တင်ဆက်သွားမည့်နည်းတူ ထိုင်ဝမ်မှ မြန်မာနွယ်ဖွား Midi ၏ နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ဆုရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားကြီး The Road to Mandalay ကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

# ထရန်စဖော်မာအသစ် တိုးချဲ့တပ်ဆင်

**မန္တလေး နိုဝင်ဘာ ၈**

ရမည်းသင်းမြို့နယ် ရွှေစည်းခုံရပ်ကွက်(၁)လမ်းထိပ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးတွင် တည်ဆောက်တပ်ဆင်ထားသည့် ADB (စီမံချက်)ပါ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်ကို နိုဝင်ဘာ ၇ ရက်က တပ်ဆင်ရန်လိုသည့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းကြိုးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများ ဆက်သွယ်တပ်ဆင်မှု လုပ်ငန်းတို့ကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးတိုးတိုးအောင်နှင့်အဖွဲ့ကြီးကြပ်ပြီး လျှပ်စစ်လိုင်းဝန်ထမ်းများ ဆောင်ရွက်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား သာသနာရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ နံနက် ၁၀ နာရီက တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒုတိယဥက္ကဋ္ဌ တိဗက်အမျိုးသားကွန်ဂရက်မှ H.E. Bianba Zhaxi ဦးဆောင်သော တရုတ်ပြည်သူ့ အမျိုးသားကွန်ဂရက်မှ အဖွဲ့ဝင်များအား ဝန်ကြီးဌာနရှိ လောကနတ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Johannes Matyassy၊ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲက ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားအဆင့် မြေအသုံးချမှု မူဝါဒရေးဆွဲခဲ့သည့် အတွေ့အကြုံများနှင့် လုပ်ငန်းစဉ်များ၊ ဆက်လက်၍ မြေယာဥပဒေရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြေယာနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်မည့် Platform တစ်ခုအဖြစ် ပေါ်ထွက်လာမည့် One Map Myanmar လုပ်ငန်း စီမံကိန်းတိုးတက်မှုအခြေအနေများနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်တို့နှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ယနေ့ ညီလာခံတွင် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြရာ "သတင်းအချက်အလက်ရရှိပိုင်ခွင့်" ခေါင်းစဉ်တွင် Equality Myanmar မှ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းက ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်ဦး၊ ပြည်ကြီးခင် အမှုဆောင်ဒါရိုက်တာ ဒေါ်နွယ်ဇင်ဝင်း၊ မြန်မာသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် Center for Law and Democracy မှ Executive Director Mr.Toby Mendel တို့က ဦးဆောင်ဆွေးနွေးကြသည်။

"လွတ်လပ်သော မီဒီယာများ ဆက်လက်ရှင်သန်နိုင်မှု" ခေါင်းစဉ်တွင် မဇ္ဈိမမီဒီယာ အယ်ဒီတာချုပ် ဦးစိုးမြင့်က ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး Information matrix အမှုဆောင်အရာရှိချုပ် ဦးသောင်းစုငြိမ်း၊ Dawei Watch Media တာဝန်ခံအယ်ဒီတာ ဦးမျိုးအောင်၊ မြစ်မခသတင်းအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါ်မေသကြိန်ဟိန်နှင့် Mango Media Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးနှင်းဆွေ (ခ)ရိုစ်ဆွေတို့က ဦးဆောင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် "လူမှုအသိုင်းအဝိုင်း မီဒီယာများ၏အသံများကို အားပေးအားမြှောက်ပြုခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ Thanlyin Post Journal အယ်ဒီတာချုပ် ဒေါ်တူးတူးသာက ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး သံလွင်တိုင်းမ် အယ်ဒီတာချုပ် ဦးကိုကိုဇော်၊ BBC Media Action အကြီးတန်းထုတ်လုပ်ရေးမှူး ဒေါ်ဝင့်ဝတီ၊ ချင်းမီဒီယာကွန်ရက် အမှုဆောင်ဒါရိုက်တာ ဆလိုင်းဟုန်ထွန်းဂေနှင့် DW Akademie မှ Senior Media Consultant Mr. Per Oesterlund တို့က ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် အနှစ်ချုပ်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် UNESCO Myanmar မှ Head of Office Ms. Min Jeong Kim က ဆောင်ရွက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ USAID မှ Mission Director Ms. Teresa McGhie၊ Burma News International-BNI မှ ဒါရိုက်တာ ဦးခိုင်မြတ်ကျော်နှင့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်တွဲဖက်ပါမောက္ခ ဒေါ်ဇင်မာကျော်တို့က အနှစ်ချုပ်ဆွေးနွေးကြပြီး ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**






# (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြိုင်ပွဲဝင်ဒိုးအဖွဲ့များအား ထောက်ပံ့

**ဘားအံ နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် နိုဝင်ဘာ ၇ ရက်ရောက်တိုင်း ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် ဒိုးယိမ်းအကပြိုင်ပွဲတို့ကို နှစ်စဉ်ထည့်သွင်းကျင်းပလေ့ရှိရာ ယခု (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်တွင် ဒိုးအဖွဲ့ပေါင်း ၁၆ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုမပျောက်ပျက်စေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကရင်တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ဆောင်ရွက်ကြသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး ပြိုင်ပွဲဝင်ဒိုးအဖွဲ့များအား နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အပေါ်ထပ်အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့မှ ဒိုးအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်ငါးသိန်းနှုန်းကို အထွေထွေအသုံးစရိတ်အဖြစ် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ဒိုးအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ရာ ဒိုးအဖွဲ့များကိုယ်စား ကိုယ်စားအမှတ်ပေးဒိုင်ချုပ် ဦးစောထင်ကြေးက လက်ခံရယူကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နှစ်နိုင်ငံချစ်ကြည်ရေးအရ မြန်မာနိုင်ငံရှိ စာသင်ကျောင်းများကို ပညာသင်ဆုပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံရှိ စာသင်ကျောင်း ၁၁ ကျောင်းကို ပညာသင်ဆုအဖြစ် ငွေကျပ်သိန်း ၁၃၆၀ကို ယနေ့ပေးအပ်လှူဒါန်းသည်။ ယနေ့ နံနက်က ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး ယဉ်ကျေးမှုဌာန၌ ကျင်းပသည့် အခမ်းအနားတွင် တရုတ်နိုင်ငံ သံအမတ်ကြီးက ပညာသင်ဆုရရှိသည့် ကျောင်းများသို့ အလှူငွေများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က "ဒီပညာသင်ထောက်ပံ့ကြေးဟာ ဆင်းရဲနွမ်းပါးတဲ့မိသားစုက ဆင်းသက်လာတဲ့ ဇွဲလုံ့လမလျှော့သော ကလေးတွေကို ပညာပြီးမြောက်အောင် သင်ယူနိုင်ဖို့နဲ့ သူတို့ရဲ့ မျှော်လင့်ချက်အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ရည်ရွယ်ပါတယ်၊ ဒါ့အပြင် ထူးချွန်တဲ့ ကျောင်းသားကျောင်းသူတွေကို ရွေးချယ်ပြီး တရုတ်နိုင်ငံကို ပညာတော်သင်စေလွှတ်မှာဖြစ်ပါတယ်၊ ပြီးရင် အမိနိုင်ငံကိုပြန်လာကာ အသိပညာနဲ့ အင်အားတွေကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။




ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ပညာသင်ဆုငွေပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ပညာသင်ဆုငွေများကို ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ နေပြည်တော် အ.ထ.က (၇)၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အ.ထ.က(၁)၊ အ.ထ.က (၂)၊ အ.ထ.က (၃)၊ မူလွန်စံပြမူလတန်းကျောင်း၊ ကောဝန်ယဉ်ကျေးမှုနှင့် ပညာရေးအသင်းတို့အပါအဝင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အသီးသီးရှိ ကွန်ဖြူးရှပ်စာသင်ကျောင်းများကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ- လှမိုး**

# နာဂဒေသတွင် ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်မှုစတင်

**လဟယ် နိုဝင်ဘာ ၈**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်မှု အထိမ်းအမှတ် ဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက လဟယ်မြို့ မာလာတောင် အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးတိုးလွင်တို့က အမှာစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူး ဦးမြင့်သိန်းက ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၆၀၀ ကို ပေးအပ်ရာ လဟယ်မြို့နယ်ပညာရေးမှူး ဦးသန်းငွေက လက်ခံရယူသည်။

ထို့နောက် ကာကွယ်ဆေးများ ထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းနှင့် နာဂဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတုံ့ပြန်ခြင်း ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကိုပြသကာ ဧည့်သည်တော်များက အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မိုးဆက်လက်ထစ်ချုန်းမည်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

# အိမ်တစ်လုံး၏ရာဇဝင်နှင့် ပတ်ဝန်းကျင်အခြေအနေ

**ကျော်ဝင်းသက်**

အိမ်ဆိုသည့် ဝေါဟာရစကားလုံးတစ်လုံးကို တွေ့လိုက်ရသည်ဆိုလျှင် ဝါး၊ သစ်သား၊ အုတ်စသော အရာဝတ္ထုအမျိုးမျိုးတို့ဖြင့် ဆောက်လုပ်ထားပြီး တန်ဖိုးအနည်းအများအလိုက် ကျေးလက်၊ ရပ်ရွာ၊ ရပ်ကွက်၊ မြို့ပြနေရာဒေသအသီးသီးတို့တွင် တည်ရှိနေသော အဆောက်အအုံတစ်ခု၊ သိုက်မြုံတစ်ခု၊ ခိုလှုံနေထိုင်မှီခိုရာ နေရာတစ်ခုဟု ကျွန်ုပ်တို့ နားလည်သဘောပေါက်ထားပြီး ဖြစ်ပါသည်။ ထို့ပြင် နေဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်ကအစ လုံခြုံနွေးထွေးပြီး အကာအကွယ်ရနိုင်သော အရာဝတ္ထု ရုပ်ပစ္စည်းတစ်ခုအဖြစ်လည်း မှတ်ယူသိရှိထားပြီးသား ဖြစ်ပါသည်။

သဘာဝအလျောက် ကျင်လည်ကျက်စား ရှန်းကန်နေထိုင်ကြကုန်သော ကျေးငှက်သာရကာ တိရစ္ဆာန်လေးများပင် သူ့အဆောက်အအုံ၊ သူ့ဝန်းကျင်၊ သူ့အိမ်ဂေဟာနှင့် သူရှင်သန် ရပ်တည်နေထိုင်လျက်ရှိသည်ကို ကျွန်ုပ်တို့မြင်တွေ့နေရသည်။ ထို့အပြင် ၎င်းတို့ကိုမထင်မှတ်ဘဲ ဝင်ရောက်တိုက်ခိုက်လာမည့် သဘာဝဘေးအန္တရာယ်တို့ကို အတတ်နိုင်ဆုံး ခုခံကာကွယ်တားဆီးနိုင်ရန် ကြိုတင်စီမံ ပြင်ဆင်ဆောက်တည်ထိန်းသိမ်းထားသည်ကို ကျွန်ုပ်တို့အားလုံး မျက်မြင်ကိုယ်တွေ့ ကြုံဖူးခဲ့ကြပါလိမ့်မည်။

ဥပမာ-စာဘူးတောင်းလို စာအိမ်ကလေးတစ်ခုဖြစ်အောင် စာငှက်ကလေးတွေဟာ အမှိုက်စကလေးတွေကို ဟိုတစ်စသည်တစ်စ ယူငင်သယ်ဆောင်လာပြီး ၎င်းတို့မိသားစုဘဝတွေ လုံခြုံနွေးထွေး အကာအကွယ်ရအောင် စာဘူးတောင်းအိမ်ကလေးတွေ နေရာတိုင်းမှာ ခိုင်ခံ့စွာတည်ဆောက်ထားသည်ကို ထူးခြားသောမြင်ကွင်းတစ်ရပ်အဖြစ် ကျွန်ုပ်တို့တစ်တွေ တွေ့မြင်ခဲ့ရဖူးပါသည်။

ရိုးသားသောဝန်ခံစကားကိုဆိုရပါမူ ကျွန်ုပ်သည် ထိုမြင်ကွင်းဖြစ်ရပ်အပေါ်မှီ၍ အတွေးစတစ်ခု ဖျတ်ခနဲဝင်ရောက်လာခဲ့ရာမှ ဤဆောင်းပါးကို ရေးလိုစိတ်ဖြစ်ပေါ်ခဲ့ရပါသည်။ ကျွန်ုပ်တွေးမိသောအတွေးမှာ စား၊ အိပ်၊ မေထုန် ဤသုံးပါးကို သာသိသော တိရစ္ဆာန်များပင် ၎င်းတို့မိသားစုဘဝ လုံခြုံနွေးထွေးအောင် သဘာဝဘေးအန္တရာယ်နှင့် နေဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်တို့မှ ကင်းလွတ်အောင် သူတို့အသိဉာဏ်လေးနှင့် ကာကွယ်စောင့်ရှောက် နေထိုင်နိုင်ကြသေးလျှင် ဉာဏ်ပညာ၊ အတတ်၊ အသိတရားတို့ပြည့်နှက်နေသော ကျွန်ုပ်တို့လူသားများသည် မိမိတို့ရပ်တည်နေထိုင်မှီခိုမည့် အိမ်ဂေဟာကိုဒီ့ထက်ပိုမိုခိုင်ခံ့ လုံခြုံနွေးထွေးပြီး နေဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးတို့မှ အတတ်နိုင်ဆုံး ခုခံကာကွယ်တွန်းလှန်တည်ဆောက်နေထိုင်၍ ပြနိုင်ရမည်ဟု တွက်ဆမှတ်ယူလိုက်မိသည်။

ဤနေရာတွင် မိမိတို့ တည်ဆောက်နေထိုင်မည့် အိမ်သည် မိမိတို့၏လက်ရှိဘဝ ရရှိပိုင်ဆိုင်ထားသော အလုပ်အကိုင်၊ ငွေကြေး၊ နေရာဒေသအလိုက်၊ လူတန်းစားအလွှာအသီးသီးအပေါ်မူတည်ပြီး ဝါးအိမ်၊ သစ်သားအိမ်၊ ပျဉ်ထောင်အိမ်၊ တိုက်အိမ်၊ ခနိုမိုး၊ သက်ငယ်မိုး၊ သွပ်မိုး၊ အုတ်ကြွပ်မိုးစသည်ဖြင့် မတူကွဲပြားခြားနားသော အိမ်အမျိုးအစားတွေလည်း အသီးသီး မြင်တွေ့ရမည်ဖြစ်သည်။

ထိုအခါ ထိုအိမ်များကိုပိုင်ဆိုင်သော၊ ထိုအိမ်တို့တွင် ခိုလှုံနေထိုင်လျက်ရှိကြသော ကျွန်ုပ်တို့အားလုံးသည် မိမိမှီခိုနေထိုင်သည့်အိမ်၊ မိမိအိမ်၏ ပတ်ဝန်းကျင်၊ မိမိတို့၏ ရပ်ရွာကျေးလက်၊ ရပ်ကွက်မြို့ပြ၊ တိုင်းပြည်နှင့်ပနံတင့်အောင် မိမိတို့နေထိုင်ရာအိမ်ပတ်လည်တွင် သေသပ်လုံခြုံမည့် ခြံစည်းရိုး၊ မိမိတို့အိမ်ဂေဟာ နေရာဌာန ဒေသလုံခြုံစိတ်ချပျော်ရွှင်အေးချမ်းငြိမ်းချမ်းစွာ နေထိုင်နိုင်ဖို့ အမြဲတစေဖေးမကူညီစောင့်ရှောက်ကြည့်ရှုပေးနိုင်မည့် ပတ်ဝန်းကျင်ကောင်း၊ မိတ်ကောင်း၊ ဆွေကောင်း၊ အဆွေခင်ပွန်းကောင်းတို့နှင့်လည်း ကျွမ်းဝင်ရင်းနှီး မိတ်ဆက်လက်တွဲ ခင်မင်ထားဖို့လည်း လိုအပ်သည်ဟု ကျွန်ုပ်ထင်မြင်ယူဆမိပါသည်။

အဆိုပါ ပတ်ဝန်းကျင်ကောင်း၊ မိတ်ကောင်း၊ ဆွေကောင်းတွေနေရာတိုင်းမှာ ရှိနေမည်ဆိုပါလျှင် ကျွန်ုပ်တို့အားလုံးဟာ အုတ်တံတိုင်းတို့၊ ခြံစည်းရိုးတို့၊ တံခါးသော့ခလောက်တို့ပိတ်စရာခတ်စရာ၊ ကာစရာပင်မလိုတော့ပါ။ ဤတွင်လူပြောသူပြောများသော စကားတစ်ခု ကျွန်ုပ်မှတ်သားသိရှိထားဖူးသည်။ "ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း"၊ "မိမိနှင့်အနီးအနား နေထိုင်ရာပတ်ဝန်းကျင်ကောင်းရှိလျှင် လင်ကောင်း၊ ဇနီးကောင်းပင်ရနိုင်သည်" ဟူသောစကားရပ်ပင်။

အနေအထိုင်ပျက်၊ အလုပ်ပျက်၊ အကိုင်ပျက်၊ မိတ်ပျက်၊ ဆွေပျက်၊ မျိုးပျက်၊ အိုးပျက်၊ အိမ်ပျက်၊ စီးပွားရေး၊ ကျန်းမာရေးတွေပါ အားလုံး ထိခိုက်ပြိုလဲပျက်ပြားသွားနိုင်သည်။ ထိုဆိုးရွားပြင်းထန်သော ပတ်ဝန်းကျင်တို့မှ နောက်ဆက်တွဲအဖြစ် ရိုက်ခတ်ထိခိုက်လာမည့် တို့မီး၊ ရှို့မီး၊ ပစ်မီး၊ သူခိုး၊ ဓားပြဘေးအန္တရာယ်မြောက်မြားစွာတို့သည်လည်း ဟိုမှ သည်မှ ပေါ်ပေါက်လာနိုင်သည်။ ကျွန်ုပ်တို့အားလုံးသည် မှန်းဆရခက်သည့် သဘာဝဘေးအန္တရာယ်ထက် လက်ရှိအချိန်မရွေးဖြစ်ပေါ်လာနိုင်သော အနီးကပ်ရန်သူ အန္တရာယ်ဘေးတွေကို အမြဲသတိထားနေဖို့ လိုပါသည်။ စောင့်ကြည့်နေဖို့ လိုပါသည်။

အချုပ်အားဖြင့် ကျွန်ုပ်တို့ အားလုံးဟာ ဝါးအိမ်၊ တဲအိမ်၊ ပျဉ်ထောင်အိမ်၊ သစ်သားအိမ်၊ တိုက်အိမ်၊ ဘာအိမ်ကိုဆောက်ဆောက် မိမိတို့လက်လှမ်းမီရာ တတ်နိုင်သောငွေကြေးပမာဏဖြင့် ဆောက်လုပ်ထားသောအိမ်တို့သည် အုတ်တံတိုင်းခတ်ခြင်း၊ အိမ်ခြံဝင်းအတွင်း သီးပင်၊ စားပင်၊ ပန်းမာလာစသော မျက်စိပသာဒဖြစ်စေသည့် အရိပ်ရသစ်ပင်များလည်း စနစ်တကျပြုစု ရေလောင်းပေါင်းသင် စိုက်ပျိုးထားဖို့ လိုပါသည်။

**အိမ်တစ်အိမ်အတွင်းရှိ မိသားစုတိုင်းသည် ပတ်ဝန်းကျင်ကောင်းနှင့် မတွေ့လျှင် ထိုမကောင်းသော ပတ်ဝန်းကျင်၏ တွန်းတိုက်လှုံ့ဆော် ထိုးနှက်သွေးခွဲစကားများကို နားယောင်မိသွားလျှင် အိမ်ထဲနေအတူရှိ၊ အတူနေမိသားစုအချင်းချင်း စိတ်ဝမ်းကွဲ၊ သဘောထား အယူအဆတွေ အချိန်ကာလမရွေး ပြောင်းလဲကွဲလွဲသွားနိုင်သည်**

ထို့အပြင် ယင်းအိမ်အသီးသီးတွင်နေထိုင်သော ထိုအိမ်တို့နှင့်သက်ဆိုင်သော မိသားစုဝင်အားလုံးတို့သည် မိမိတို့ပိုင်ဆိုင် နေထိုင်ခိုလှုံလျက်ရှိသော အိမ်ဂေဟာအဆောက်အအုံမပျက်စီးအောင် တစ်ဦးချင်းမှသည် အားလုံးဥမကွဲသိုက်မပျက် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး စောင့်ရှောက်ကာကွယ်ထိန်းသိမ်းပေးနိုင်ဖို့လိုပါသည်။ ဥပမာ- လိုအပ်သောနေရာများကို တိုးချဲ့ပြင်ဆင်မွမ်းမံခြင်း၊ ရေနံချေးဆေးများ သုတ်ပေးခြင်း၊ အိမ်ကိုထိခိုက်စေနိုင်သည့် ကြည့်မကောင်းသောမြက်ရိုင်းချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ဖြင့် မိမိတို့နေထိုင်သောအိမ်သည် ရေရှည်တည့်မတ်၊ ခိုင်ခံ့ တောက်ပနေမည်ဖြစ်သည်။

သည်နှင့်တစ်ဆက်တည်းမှာပင် ကျွန်ုပ်တို့အားလုံးသည် မှန်ပါပေသည်။ ကျွန်ုပ်တို့အားလုံးနေထိုင်ရာအိမ်ဂေဟာပတ်လည်တွင် ကောက်ကွေ့ခြင်းမရှိ၊ သန့်ရှင်းရိုးသားသော ပတ်ဝန်းကျင်ကောင်းတွေ များစွာရှိဖို့လိုပါသည်။ ပတ်ဝန်းကျင်ကောင်းတွေရှိနေလျှင် အိမ်တွင်းအိမ်ပ၊ ခြံတွင်းခြံပအလုံးစုံ အရာခပ်သိမ်း လုံခြုံစိတ်ချရသည်ဟု ကျွန်ုပ်နားလည်သဘောပေါက်ထားမိပါသည်။

ကျွန်ုပ်တို့အားလုံးမျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်တို့သည် ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်ကာလ၊ ဘယ်နေ့မှာ ပေါ်ပေါက်ဖြစ်ပေါ်လာမည်ဟု တပ်အပ်သေချာထုတ်ဖော်အပြတ်ပြော၍မရနိုင်သော်လည်း အိမ်တစ်အိမ်အတွင်းရှိ မိသားစုတိုင်းသည် ပတ်ဝန်းကျင်ကောင်းနှင့်မတွေ့လျှင် ထိုမကောင်းသောပတ်ဝန်းကျင်၏ တွန်းတိုက်လှုံ့ဆော် ထိုးနှက်သွေးခွဲစကားများကို နားယောင်မိသွားလျှင် အိမ်ထဲနေအတူရှိ၊ အတူနေမိသားစုအချင်းချင်း စိတ်ဝမ်းကွဲ၊ သဘောထားအယူအဆတွေ အချိန်ကာလမရွေး ပြောင်းလဲကွဲလွဲသွားနိုင်သည်။

မိမိတို့ မိသားစုနေထိုင်ရန်အတွက် တောင့်တင်းကြံ့ခိုင်လုံခြုံအောင် တည်ဆောက်ကာကွယ်ထားဖို့တော့ လိုပါသည်။


ထို့အပြင် အိမ်တစ်အိမ်ချင်းစီမှာရှိသော မိသားစုတစ်ဦးချင်း၏ ကြံ့ခိုင်မှု၊ မိမိကိုယ်ကိုခုခံကာကွယ်နိုင်မှု၊ ကျန်းမာရေးလေ့လာလိုက်စားကောင်းမွန်ပြီး မိသားစုအချင်းချင်း သွေးစည်းညီညွတ်စည်းလုံးကာ ဖေးမကူညီပေးနိုင်မည့် ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်း၊ ခင်ပွန်းကောင်းတွေနှင့် ထိတွေ့ဆက်ဆံ ရင်းနှီးကျွမ်းဝင်သင့်မြတ်စွာ နေထိုင်သွားနိုင်ကြမည်ဆိုပါလျှင် ကြုံတွေ့လာမည့်ဘေးအန္တရာယ်များကို တွန်းလှန်ဖယ်ရှားနိုင်ပြီး ငြိမ်းချမ်းအေးချမ်းသာယာစိုပြည်လှပသော ကျေးလက်ရပ်ရွာ မြို့ပြများကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်သော အိမ်ရာတို့ဖြင့် တည်ဆောက်ထားသည့် စံပြတိုင်းပြည်ကြီးတစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်ဂုဏ်ယူစွာ နေရာယူရပ်တည်နေထိုင်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထင်မြင်ယူဆနေမိပါတော့သည်။ ။

## မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် သံတွဲ၌ကျင်းပ

**သံတွဲ နိုဝင်ဘာ ၈**

မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၇ ရက် ည ၈ နာရီက သံတွဲမြို့ ညောင်ပင်သာသုခဝတီ စာသင်တိုက် သုခါဝါသဓမ္မရိပ်သာ၌ စည်ကားစွာ ကျင်းပသည်။

ရှေးဦးစွာ နိဗ္ဗာန်ဈေးပွဲတော်ကိုဖွင့်လှစ်ပေးကာ မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ညောင်ပင်သာ သုခဝတီ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ဒိုးပတ်ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး အကဲဖြတ်ဒိုင်ချုပ် ဦးအောင်ကျော်သန်းက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး ပြိုင်ပွဲကို စတင်ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယ ဆုရအသင်းများနှင့် တစ်ဦးချင်း အကောင်းဆုံးဆုများကို ဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။




အဆိုပါ မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ညောင်ပင်သာ သုခဝတီစာသင်တိုက် ပဓာနနာယက ဆရာတော်၏ ဦးဆောင်စီစဉ်မှုဖြင့် ရက္ခိတသာရေး၊ နာရေးနှင့် ပညာရေး အခမဲ့ကူညီမှုအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နိဗ္ဗာန်ဈေးပွဲတော်တွင် ရရှိလာသောအလှူငွေများကို ရှေးဟောင်းဘုရား၊ စေတီနှင့်သာသနိက အဆောက်အအုံများ ပြုပြင်ရန်နှင့် သာရေး၊ နာရေးနှင့် အခြားပရဟိတ လုပ်ငန်းများတွင် လှူဒါန်းမှုများပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲကျင်းပရခြင်းမှာ ရှေးအခါကပင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းထားရှိခဲ့သည့် ရိုးရာဒိုးပတ်တီးမှုများမှာ နှစ်ကာလကြာရှည်လာသည်နှင့်အမျှ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်လာသည့်အပြင် သံတွဲမြို့ရှိ ကျေးရွာများတွင် ဒိုးပတ်အလုံးများပင် ပျောက်ကွယ် လာသည်ကို တွေ့ရှိရသဖြင့် မြန်မာ့ရိုးရာ ဒိုးပတ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ယခုလိုပြိုင်ပွဲများနှစ်စဉ်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ဒိုးပတ်ဝယ်ယူရန် အခက်အခဲရှိသည့် ကျေးရွာများအနေဖြင့် အချိန်မရွေးလာရောက်အကူအညီ တောင်းခံလာပါက ဒိုးပတ်များကို ဝယ်ယူဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ညောင်ပင်သာ သုခဝတီ စာသင်တိုက် ပဓာနနာယက ဆရာတော်က မိန့်ကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## ပန်းချီ၊ ကာတွန်းနှင့် သရုပ်ဖော်ပုံစတာပြိုင်ပွဲကျင်းပ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကျင်းပသည့် အဆင့်မြင့် မြို့တော်တည်ဆောက်ဖို့ စည်းကမ်းကိုယ်စီလိုက်နာစို့ ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်းနှင့် သရုပ်ဖော်ပုံစတာပြိုင်ပွဲ(၂၀၁၆)ကို နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခံခန်းမ၌ ကျင်းပခဲ့သည်။

လက်တွေ့ပန်းချီနှင့် ကာတွန်းရေးဆွဲပြိုင်ပွဲတွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် အထက်တန်းကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း ကျောင်းသား ကျောင်းသူ ၃၈၁ ဦးက ကားချပ်ပေါင်း ၅၇၇ ချပ်ရေးဆွဲယှဉ်ပြိုင်ခဲ့ပြီး ပေးပို့ပန်းချီ၊ ကာတွန်း သရုပ်ဖော်ပုံစတာပြိုင်ပွဲတွင် အထက်တန်း၊ တက္ကသိုလ်နှင့် အလွတ်တန်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်ပေါင်း ၁၄၇ ဦးတို့က ကားချပ်ပေါင်း ၂၂၆ ချပ် ပေးပို့ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပန်းချီ၊ ကာတွန်း သရုပ်ဖော်ပုံစတာပြိုင်ပွဲ(၂၀၁၆)ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်တွင် မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကားချပ်များပြပွဲကို ယင်းနေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ အများပြည်သူတို့အား ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

## ကိုယ့်အားကိုယ်ကိုးကျေးရွာချင်းဆက်တံတားတည်ဆောက်

ကျောက်ဖြူမြို့နယ် သိုင်းချောင်းအုပ်စု ဇိုင်ချောင်းကျေးရွာတွင် နိုဝင်ဘာ ၇ ရက်မှစ၍ သိုင်းချောင်းအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်တံတား တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါတံတားသည် ဇိုင်ချောင်းကျေးရွာနှင့် တောပြိန်ကျေးရွာသို့ ဆက်သွယ်ထားသော တံတားဖြစ်ပြီး အလျား ၁၈ ပေ၊ အနံ ၁၆ ပေ၊ အမြင့်ကိုးပေရှိ RC တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကမ္ဘာအေးစေတီနှင့် ကျိုက္ကစံစေတီတော်တို့၌ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးနှင့် သဃ်ာန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်တို့၌ တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၁၄ ရက်၊ တနင်္လာနေ့) နံနက်ပိုင်းတွင် မြတ်ဗုဒ္ဓ အား ဦးခိုက်ပူဇော်သောအားဖြင့် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်(အဖိတ်နေ့) ညနေပိုင်းမှစတင်ကာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ရင်ပြင်တော်၌ (၁၉) ကြိမ်မြောက်အဖြစ် ရက်ကန်းစင်တော် ခုနစ်စင်ဖြင့်လည်းကောင်း၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်ရင်ပြင် စနေထောင့်၌ (၃၇) ကြိမ်မြောက်အဖြစ် စင်တော်ငါးစင်ဖြင့် လည်းကောင်း ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးငယ်များက ယှဉ်ပြိုင်ရက်ခတ်ကြပြီး ဗုဒ္ဓဝိနည်းတော်နှင့်အညီ မသိုးရွှေကြာသင်္ကန်းတော်များကို ညတွင်းချင်းအပြီးချုပ်လုပ်ကြမည်ဖြစ်သည်။

ချုပ်လုပ်ပြီးစီးသည့် မသိုးရွှေကြာသင်္ကန်းတော်များအား တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၁၄ ရက်)နံနက်အရုဏ်ဦးတွင် စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင် များ၊ အလှူရှင်များနှင့် ပြည်သူများက စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်တို့၌ နံနက်ဆွမ်းတော်ကြီး တင်လှူပွဲနှင့်အတူ ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။

အဆိုပါ မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ် ကပ်လှူပူဇော်ပွဲ၊ဆွမ်းတော်ကြီးတင်လှူပူဇော်ပွဲသို့ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ကြွရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း စေတီတော် ဂေါပကအဖွဲ့များက အသိပေးဖိတ်ကြားထားသည်။

**ကိုချစ်**



# အခြောက်ကြဲခင်းစိုက်စနစ် မိုးစပါးစံကွက်ရိတ် သရုပ်ပြ

**နေပြည်တော် နိုဝင်ဘာ ၈**

ပြောင်းလဲလာသည့်ရာသီဥတုနှင့်အညီ မိုးရေချိန်နည်းပါးသည့်ဒေသများတွင် စပါးကို သမားရိုးကျစိုက်နည်းစနစ်အပြင် တိုက်ရိုက်မျိုးစေ့ချခြင်း၊ လက်ရှိ မိုးရေချိန်ဖြင့် အခြောက်ကြဲစိုက်နည်းစနစ်ဖြင့်စိုက်ပျိုးခြင်းများကို တောင်သူများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် ယခုနှစ်မိုးရာသီအတွင်း မိုးစပါးစိုက်ဧက ၁၂၁၃၅ တွင် ပျိုးစိုက် ၃၇၇ ဧက၊ တိုက်ရိုက်မျိုးစေ့ချ ၆၉၆၂ဧက၊ မိုးကောင်းသောက်ဖြင့်အခြောက်ကြဲ ၄၇၉၆ ဧကစိုက်ပျိုးထားကြောင်း သိရသည်။

နိုဝင်ဘာ ၇ ရက်က ဇေယျာသီရိမြို့နယ် သစ်တပ်အုပ်စု သာယာစုကျေးရွာကွင်းအမှတ်(၁၆၀၇)ရှိ တောင်သူဦးကျော်လင်းနှင့် ဦးအောင်မြင့်စိန်တို့၏ မိုးစပါး အခြောက်ကြဲစိုက်ကွက်များ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီး၍ စံကွက် ၀ ဒသမ ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၀၂ တင်း ထွက်ရှိပြီး ထိုကွင်းရှိမိုးစပါး ဧက ၅၇၀ တွင် ကိုယ်စားပြုစံကွက်ပေါင်း ၃၀ ရိတ်သိမ်း ခဲ့ရာ ပျမ်းမျှ တစ်ဧက တင်း ၁၀၀မှ ၁၂၀ ထိ ထွက်ရှိကြောင်း သိရသည်။

အဆိုပါကွင်း၌ တောင်သူ ၃၂၅ဦး၏ မိုးစပါးဧက ၅၇၀ တွင် မနော်သုခစပါးမှာ အများဆုံးဖြစ်ပြီး သုခမွှေးနှင့်ရက် ၉၀ စပါးမျိုးများလည်း စိုက်ပျိုးကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ကမ္ဘာလှည့်ခရီးသည် မေ့ကျန်ခဲ့သည့် ပိုက်ဆံအိတ်အား ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ရှာဖွေပြီး ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၈**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ပုဂံ)သို့ နိုဝင်ဘာ ၇ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က ဗြိတိန်နိုင်ငံသား Mr. Craig Gary လာရောက်ပြီး ၎င်းသည် Amata Hotel သို့ ကားငှားပြီးပြန်စဉ် ကားပေါ်၌ ပိုက်ဆံအိတ်မေ့ကျန်ခဲ့သဖြင့် ကူညီရှာဖွေပေးရန် အကူအညီတောင်းခံခဲ့သည်။ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ သာယာဝတီရပ်ကွက်နေ ဦးမြင့်အောင် မောင်းနှင်သည့်ယာဉ်ဖြစ်ကြောင်း စုံစမ်းသိရှိရ၍ ဆက်သွယ်စစ်ဆေးရာ ကားနောက်၌ ယူရို ၆၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၈၆ ပါ ပိုက်ဆံအိတ်အားတွေ့ရှိရသဖြင့် တပ်ဖွဲ့ဝင်များက ဦးမြင့်အောင်နှင့်အတူ ပိုင်ရှင်ဖြစ်သူ Mr. Craig Gary ထံသို့ ပြန်လည်လွှဲအပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# မြန်မာသင်္ဘောသားများဘဝ တိုးတက်ပြောင်းလဲရေး ဆန္ဒထုတ်ဖော်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ရှိ မြို့တော်ခန်းမရှေ့တွင်ရှိသော ဗန္ဓုလပန်းခြံအနောက်ဘက်တွင် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက မြန်မာသင်္ဘောသားများဘဝ တိုးတက်ပြောင်းလဲရေးအတွက် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

မြန်မာသင်္ဘောသားများတောင်းဆိုသော အချက်ရှစ်ချက်တွင် Department of Marine Administration(DMA) ဌာန၏ပြုပြင်ပြောင်းလဲရေးကို အဓိကထား တောင်းဆိုထားပြီး DMA ၏ မူဝါဒများလိုလားချက်အရပြောင်းလဲရာတွင် သင်္ဘောသားများ သက်သာချောင်ချိသောနည်းလမ်းများဆောင်ရွက်ပေးရန်၊ စာမေးပွဲစနစ်များကိုပြင်ဆင်ပေးရန်၊ OOW စာမေးပွဲကိုဖြေဆိုရာတွင် Seatime Check အတွက်ပြင်ဆင်လျှော့ပေါ့ပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးရန်၊ သင်္ဘောသားများထံမှရရှိသည့်ငွေကြေးကို မည်သည့်နေရာတွင် အသုံးပြုကြောင်း ဖြေရှင်းပေးရန်၊ သင်္ဘောသားများဘက်မှရပ်တည်ပေးသောအဖွဲ့အစည်းများ အသက်ဝင်ရန်အတွက်ဆောင်ရွက်ပေးရန်၊ SRPS Company များမှ အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ရာတွင် DMA မှ တာဝန်ယူ၊ တာဝန်ခံပေးရန် စသောအချက်များ တောင်းဆိုခဲ့ကြောင်း သိရသည်။

"ဒါက ပထမဆုံးထုတ်ဖော်တာပါ။ မနှစ်က ကြိုးစားခဲ့သေးတယ်။ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ဘူး။ မြန်မာသင်္ဘောသားဘဝက အာရှပဲတိုးနိုင်တယ်။ ဖိလစ်ပိုင်ဆိုရင် ကျွန်တော်တို့ထက်အများကြီးသာသွားပြီ။ သင်္ဘော Market မှာ မြန်မာက အာရှပဲတိုးနိုင်တယ်။ သင်္ဘောသားအလုပ်က အတတ်ပညာတင်ဟုတ်ဘူး။ အသားအရောင်လည်းခွဲခြားတာ ခံရတယ်။ ရုရှားကွဲထွက်သွားပြီး ဂျော်ဂျီယာက အသားဖြူတော့ မြန်မာထက်ဦးစားပေးခန့်တယ်။ ပညာအရည်အချင်းသင်ကြားမှုအပိုင်းကလည်း စံချိန်မမီဘူး။ ရေကြောင်းပညာနဲ့ပတ်သက်တဲ့စနစ်၊ ကျောင်းတွေက IMO က ပြဋ္ဌာန်းပေးထားတာတွေမီအောင် ကြိုးစားနေတဲ့အဆင့်မှာပဲ ရှိသေးတယ်။ပညာရေးအဆင့်နိမ့်ကျခဲ့တော့ အင်္ဂလိပ်စကားပြောလည်း အခြားတိုင်းပြည်ထက် အားနည်းခဲ့တယ်။ အာရှမှာ အရင်က မြန်မာဟာ နာမည်ရခဲ့ဖူးတယ်။ အခု အဲ့ဒီခေတ်ကို မမီဘူး။ သင်တန်းဆရာတွေရဲ့ အရည်အချင်းကိုမြှင့်ပေးရမယ်။ သင်္ဘောသားလက်မှတ်ရပေမယ့် ပင်လယ်ထဲမှာ တကယ်မလုပ်နိုင်တာကြုံနေရတယ်။ဖိလစ်ပိုင်ဆိုရင် သင်တန်းကျောင်းကောင်းတယ်။ မြန်မာပြည်မှာလည်း သင်တန်းကျောင်းကောင်းတွေ ပေါ်ထွန်းဖို့လိုတယ်။ မြန်မာပြည်မှာ သင်္ဘောသားတစ်သိန်းကျော်သွားပြီ။ သင်္ဘောသားဘဝ တိုးတက်ပြောင်းလဲချိန်တန်ပါပြီ"ဟု မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် Lead Inspector Instection Committee Capt. ဦးကျော်မြဦးက ပြောသည်။

သင်္ဘောပေါ်တွင်မြန်မာသင်္ဘောသားများ အခက်အခဲမျိုးစုံရင်ဆိုင်နေရပြီး DMA ထံ ရင်ဆိုင်ခဲ့ရသောအခက်အခဲများပြန်လည်ရှင်းလင်းရာ၌ မြန်မာသင်္ဘောသားများသာနစ်နာမှုများကြုံနေရကြောင်း၊ သင်္ဘောပေါ်တွင် မြန်မာသင်္ဘောသားများရင်ဆိုင်နေရသောအခက်အခဲများကို DMA က ကုမ္ပဏီကိုခေါ်ယူကာ တွေ့ဆုံရှင်းလင်းခြင်းကို သင်္ဘောသားများကလိုလားလျက်ရှိပြီး ကြိုးနီစနစ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်မှုသည် မြန်မာသင်္ဘောသားများနစ်နာမှုကို ပို၍တိုးလာနေကြောင်း သိရသည်။

"တချို့သင်္ဘောအရာရှိတွေက မြန်မာပြည်ရဲ့အခြေအနေကို နားမလည်ဘူး။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ပိုလန်၊ ရုရှားစတဲ့ သင်္ဘောသားတွေ သင်္ဘောတက်ရင်လက်မှတ်ကိုင်တာက မြန်မာလောက်မများဘူး။လက်မှတ်မြန်လည်း မြန်တယ်။ စီစီနဲ့ ပတ်စ်ပို့ပါရင်ရပြီ။ မြန်မာသင်္ဘောသားတွေကို အခြားနိုင်ငံတွေလို အဆင့်အတန်းမြင့်စေချင်တယ်။ သင်္ဘောကုမ္ပဏီနှစ်ရာကျော်ရှိတဲ့အထဲမှာ မြန်မာသင်္ဘောသားတွေအတွက် ရင်ဆိုင်နေရတဲ့အခက်အခဲကို DMA က ဖြေရှင်းဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ဝါရင့်သင်္ဘောသားတစ်ဦးဖြစ်သော ဦးအောင်ကျော်က ပြောသည်။

**သတင်း - သန်းထိုက်**

**ဓာတ်ပုံ - မျိုးမင်းသိန်း**

# လူမှုအခြေပြုစာကြည့်တိုက်များနှင့် လူမှုအခြေပြုဗဟိုဌာနများ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် နိုဝင်ဘာ ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လူမှုအခြေပြုစာကြည့်တိုက်များ (Community Libraries)နှင့် လူမှုအခြေပြုဗဟိုဌာနများ (Community Centres) များ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာအလင်းခေတ်မီစာကြည့်တိုက်၌ ကျင်းပသည်။



လက်မှတ်ရေးထိုးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်ဒေါက်တာ သန့်သော်ကောင်းတို့က နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်နှင့် ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၈** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်း(အရှေ့ပိုင်း)၊ ချင်း၊ ရခိုင်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

# သုဝဏ္ဏဝတီမဟာဗောဓိစေတီ ဗုဒ္ဓပူဇနိယပွဲ၌ ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အားပေးကြည့်ရှုသူများဖြင့် စည်ကား

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက်ရှိ ဝင်းပဇောတိကာရုံတိုက်ကျောင်း၌ နှစ်စဉ် စည်ကားစွာ ကျင်းပသည့် မဟာဗောဓိစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပြိုင်ပွဲနှင့် ဇောတိက အောင်လံပြိုင်ပွဲအား နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ အားပေးသူပရိသတ်များ ယခင်နှစ်များထက် ထူးခြားများပြားစွာ ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(ယာပုံ)**

ပြိုင်ပွဲကို ဝင်ကြေးကောက်ခံခြင်းမရှိဘဲ ဒေသတွင်း အလှူရှင်များက မတည်လှူဒါန်းသော ငွေကြေးဖြင့် ဆုကြေးငွေ ကောင်းမွန်ခြင်းကြောင့်လည်းကောင်း၊ နာမည်ကြီး လက်ဝှေ့ ကလပ်အသင်းများမှ လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်၍ ပရိသတ်အကြိုက် ထိုးသတ်ယှဉ်ပြိုင်ကြသောကြောင့် လည်းကောင်း၊ လာရောက်ကြည့်ရှုသူများကလည်း စေတနာ အလျောက် ငွေကြေးထည့်ဝင်မှုများကြောင့်လည်းကောင်း တစ်နှစ်ထက်တစ်နှစ် ကြည့်ရှုအားပေးသူများပြားလာကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

"ဝင်းပဇောတိကာရုံတိုက်ကျောင်း ဖြစ်ပေါ်လာတာ နှစ်ပေါင်း ၉၉ နှစ်ရှိနေပြီ။ ပထမဆရာတော်နဲ့ ဒုတိယဆရာတော် တွေခေတ်ကတည်းက ကျောင်းဝင်းအတွင်း နေရာတွေမှာ ကျင်းပလာတာ။ အခုပြုလုပ်နေတဲ့နေရာအထိ၊ အနီးအနား ကျေးရွာတွေမှာရှိတဲ့ ကရင်လူမျိုးတွေ၊ ပအိုဝ်းလူမျိုးတွေရဲ့ ဓလေ့လိုဖြစ်နေတဲ့ မြန်မာ့ရိုးရာလက်ဝှေ့ကို တစ်နှစ်တစ်ခါ အမြဲတမ်းကျင်းပကြတယ်" ဟု ဇောတိကာရုံတိုက်ကျောင်း ဆရာတော်ကြီး သီရိန္ဒက မိန့်ကြားသည်။

ယနေ့ယှဉ်ပြိုင်သော ပထမနေ့၌ ဝါသနာရှင် ကလေးပြိုင်ပွဲ များ သုံးချီသုံးလားပြိုင်ပွဲ ၁၄ ပွဲ နှင့် စောလူအောင်(ဒို့ရိုးရာ) နှင့် ဆင်ရိုင်းလေး(ရွှေသောင်ရင်း)၊ စောသန်းဇော် (ဘီလပ်မြေ စက်ရုံ)နှင့် စိုးလင်းအောင်(ရွှေသောင်ရင်း)၊ စနေမင်း (တောင်ကလေး) နှင့် မိုးပြာအောင်(ရွှေသောင်ရင်း)၊ စိုးမိုးအောင်(တောင်ကလေး)နှင့် ကောင်းကောင်း(ဘီလပ်မြေ စက်ရုံ) တို့သည် ငါးချီအထူးစိန်ခေါ်ပွဲအဖြစ် အသည်းမာမာ ဖွဲ့ပါပါနှင့် ပရိသတ်အကြိုက် ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။ ညနေ ၅ နာရီခွဲတွင် ပြိုင်ပွဲပြီးဆုံးခဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် ဒုတိယနေ့အဖြစ် ငါးချီစိန်ခေါ်ပွဲ သုံးပွဲနှင့် ဇောတိကအောင်လံလုပွဲ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# ဖန်းမောက်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စပါးစိုက်တောင်သူများ အခက်တွေ့

**ဖန်းမောက် နိုဝင်ဘာ ၈**

ဖန်းမောက်မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်း၍ ဒေသခံတောင်သူများ စိုက်ပျိုး ထားသော စပါးခင်းများ ယိုင်လဲပျက်စီး ခြင်း၊ ရိတ်သိမ်းထားသော စပါးကောက် လှိုင်းများ ရေစီးနှင့်အတူ မျောပါခြင်း ကြောင့် စပါးအထွက်နှုန်း လျော့ကျမည်ကို တောင်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"ဒီတစ်ပတ်လုံး မိုးက အဆက်မပြတ် ရွာနေတော့ စပါးတွေ ယိုင်လဲကုန်ပြီ။ အခုထိ မိုးက မတိတ်သေးဘူး။ ရိတ်ထားတဲ့ စပါးကောက်လှိုင်းတွေ ရေစီးနဲ့အတူ မျောပါသွားတော့ အနည်းနဲ့အများ ဆုံးရှုံးခဲ့ရတယ်။ ပြီးခဲ့တဲ့ နှစ်ကလည်း မိုးရွာသွန်းမှုကြောင့် အနည်းငယ်ဆုံးရှုံးခဲ့ပြီးပြီ" ဟု အောင်သာကုန်း ကျေးရွာမှ တောင်သူ ဦးချိုမောင်က ပြောသည်။

နိုဝင်ဘာ ၈ ရက် နံနက်အထိ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ဖန်းမောက်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ စပါးခင်းများ မရိတ် သိမ်းမီအချိန်တွင် ယိုင်လဲသွားခြင်းနှင့် ရိတ်သိမ်းပြီး စပါးကောက်လှိုင်းများ လယ် စိုက်ခင်းအတွင်း မိုးရေဝင်ရောက် လျက်ရှိ သောကြောင့် ပျက်စီးမှုများ ပိုမိုများပြား တတ်သဖြင့် စပါးအထွက်နှုန်းလျော့ကျ ကာ အရှုံးပေါ်မည်ကို ဒေသခံ စပါးစိုက် တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။ **ကျော်စွာ(ဖန်းမောက်)**

# မောင်တော-ဘူးသီးတောင်မြို့များမှ ပြည်သူများအတွက် စစ်ဘေးရှောင်ရန်ပုံငွေရရှိရေး တေးဂီတပွဲတော်လက်မှတ်များ လှည့်လည်ရောင်းချ

**မြောက်ဦး နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၌ မောင်တောမြို့နယ်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်မှု များကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့နေထိုင်ရာ ကျေးရွာများကို စွန့်ခွာပြီး ဘေးကင်းလုံခြုံရာနေရာများသို့ ရောက်ရှိ ခိုလှုံနေသော စစ်ဘေးရှောင်ပြည်သူများအား လှူဒါန်းရန်အတွက် မြောက်ဦးမြို့နယ် လူငယ်များအဖွဲ့က ဦးဆောင်ကာ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မြောက်ဦးမြို့တွင်းနှင့် မြို့အနီးကျေးရွာများ၌ ဂီတပွဲတော်လက်မှတ်များ သွားရောက်လှည့်လည်ရောင်းချ ခဲ့သည်။

အဆိုပါ တေးဂီတပွဲတော်လက်မှတ်များ လှည့်လည်ရောင်းချခြင်းကို မြို့နယ် လူငယ်အသင်း၏ ကူညီပံ့ပိုးမှုဖြင့် မြောက်ဦးလူငယ်အဖွဲ့အစည်းနှင့် အီးမြသဇင်ဘုရား သန့်ရှင်းရေးပရဟိတလူငယ်အဖွဲ့တို့ ပူးပေါင်း၍ ရောင်းချခဲ့ခြင်းဖြစ်သည်။ ထို့နောက် တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက် ည ၇ နာရီတွင် လောကမာန်အောင်ဘုရား ရှေ့ကွင်းပြင်၌ မြောက်ဦးမြို့ပေါ် လူငယ်တေးဂီတအဖွဲ့က တီးခတ်ကြပြီး ဝါသနာရှင် လူငယ်များက ခေတ်ပေါ်ငြိမ်းချမ်းရေးတေးသီချင်းများ၊ ရခိုင်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မောင်တောဒေသ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများအား စစ်တွေမြို့သို့ ပို့ဆောင်

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ ၊ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအတွက် မြန်မာနိုင်ငံ ဒေသ အသီးသီးမှ ပြည်သူများက လှူဒါန်းသည့် စားသောက်ဖွယ်ရာများနှင့် အသုံး အဆောင်ပစ္စည်းများကို ယနေ့ နံနက် ပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင် သည်။ **(ယာပုံ)**

ယနေ့ ပို့ဆောင်ပေးခဲ့သည့် ငါး သေတ္တာ ၂၂၅ ဘူး၊ ကြက်စည်သွတ်ဘူး ၄၀၀ ၊ ငါးပိကြော်ဘူး ၁၅၀၀ ၊ ခေါက်ဆွဲ ခြောက် ဂျပ်ဖာကြီး လေးပုံး၊ ပစ္စည်းစုံ ဂျပ်ဖာကြီး ၅၉ ပုံးနှင့် ပီနံအိတ်ကြီး လေးအိတ်၊ ကော်ဖီမစ်ဂျပ်ဖာကြီး တစ်ပုံး၊ အချိုရည် ရှစ်ကတ်၊ ဆေးပေါ့လိပ် ပီနံအိတ် တစ်အိတ်၊ စားဆီ ငါးဘူးနှင့် အခြား အသုံးအဆောင်ပစ္စည်းများကို သက်ဆိုင်ရာဌာနများသို့ ဆက်လက်လွှဲ ပြောင်း ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ထောက်ပံ့ပေးနေသူ နှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကိုးတန်ကောက် ဒုက္ခသည်စခန်းအတွင်း နေထိုင်သူ များအနက် အချို့သောသူများသည် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ရိက္ခာ နှင့် ငွေကြေးများ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်စစ်ဆေးရှာဖွေရာ ယနေ့မွန်းလွဲ ၁ နာရီတွင် စခန်းနေ ဖေမာမောက်(ဘ) အာဇီရာမောက်နှင့် ရှော်ရှီတာ မောက်(ဘ) ကာဆီတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး အင်းဒင်နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သတင်း ရရှိသည်။

**(မြဝတီ)**



**မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ထောက်ပံ့ပေးနေသည့် ဖေမာမောက်နှင့် ရှော်ရှီတာမောက်**

# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ရွာသားများအား အကြောင်းမဲ့ဖမ်းဆီး

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအုပ်စု ဖူခါလီကျေးရွာနေ နူမာမောက်၏ နေအိမ်သို့ နိုဝင်ဘာ ၇ ရက် ည ၁၀ နာရီခွဲခန့်တွင် ဇင်ပိုင်ညာကျေးရွာနေ ဝေါ်ဇီရာမောက်၊ ဂျူဘိုင်၊ နူရူစလန်နှင့် ရာဖစ်တို့ ဦးဆောင်သော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၅ ဦး ခန့် ရောက်ရှိလာပြီး နေအိမ်တံခါးအား တုတ်၊ ဓားတို့ဖြင့် ရိုက်ချိုး ဖျက်ဆီး၍ နေအိမ်အား မီးရှို့ကာ ဖိုက်ဇယ်(ဘ) နူမာမောက်နှင့် မာမွတ်ဖာရို (ဘ) နူမာမောက်တို့ ညီအစ်ကိုနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။



အဆိုပါ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို အချိန်မီဖမ်းဆီးနိုင်ရေး နယ်ခြား စောင့်ရဲတပ်ဖွဲ့ဝင်များက အဆိုပါနေအိမ်နှင့် အနီးပတ်ဝန်းကျင်အား ရှင်းလင်းခဲ့ရာ ည ၁၂ နာရီခွဲတွင် နေအိမ်၏ အနောက်ဘက်လယ်ကွင်းအစပ်၌ မာမွတ်ဖာရိုအား ပြတ်ရှဓားဒဏ်ရာ ၁၁ ချက်၊ ထိုးသွင်းဒဏ်ရာ နှစ်ချက်ဖြင့် တွေ့ရှိသဖြင့် မောင်တော ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**နယ်မြေရှင်းလင်းဆောင်ရွက်**

အဆိုပါ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ဖမ်းဆီးရမိနိုင်ရေး တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား နယ်မြေ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရာဇဝင်များနှင့်ကမ်းခြေ သို့မဟုတ် ကျောက်ပန္နူ

ဝေယံဦး

**စိမ်းညို့နေသော တောင်တန်း၊ ပြာလဲ့နေသည့် ပင်လယ်၊ ဝေ့ဝိုက်စီးဆင်းနေသော မြစ်တို့ ဝိုင်းရံလျက်ရှိသည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သည် မြန်မာနိုင်ငံ၏အနောက်ဘက်ဆုံးတွင်တည်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။ အရှေ့ဘက်တွင် မြင့်မားသွယ်တန်းနေသော မယူတောင်တန်း၊ အနောက်ဘက်၌ ရေပြင်ကို မျက်စိတစ်ဆုံးမြင်တွေ့ရသည့် ဘင်္ဂလားပင်လယ်အော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ပိုင်းခြားထားသည့် နာမည်ကျော် နတ်မြစ်ကလည်း မောင်တောမြို့နယ်အတွက် သဘာဝကပေးထားသည့် လက်ဆောင်ကောင်းများဖြစ်သည်။ စိတ်ဝင်စားစရာအကောင်းဆုံးမှာ ရာဇဝင်သမိုင်းများနှင့် သဘာဝအတိုင်းဖြစ်တည်နေသော ကျောက်ပန္နူကမ်းခြေဖြစ်သည်။ ကျောက်ပန္နူကမ်းခြေက အပျိုစင်ကမ်းခြေ၊ သဘာဝအတိုင်း အရိုင်းဆန်သော ကမ်းခြေအဖြစ် လှပစွာတည်ရှိနေသည်။**



ကျောက်ပန္နူကမ်းခြေဘက်မှ လှမ်းကြည့်လျှင် တွေ့မြင်ရသည့် ဘင်္ဂလားပင်လယ်အော်အတွင်းမှ ဟာနုမာန်ကျောက်တုံး

**“လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှု စသည့် အခြေခံအဆောက်အအုံများ ဖြည့်တင်းနိုင်ပါက ကျောက်ပန္နူကမ်းခြေသည် ခရီးသွားဧည့်သည်များအတွက် တစ်မူထူးခြားသည့် ရာဇဝင်ရှိသည့် အပန်းဖြေကမ်းခြေ ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံ ကမ်းခြေများအနက် သဘာဝအတိုင်း လှပနေသော ကမ်းခြေတစ်ခုဖြစ်သည့်အပြင် ခရီးသွားများသိရှိမှုနည်းပြီး လာရောက်လည်ပတ်မှု များပြားခြင်းမရှိသေးသော ကမ်းခြေသစ်တစ်ခုလည်းဖြစ် ”**

ကျောက်ပန္နူကမ်းခြေမှာ ကျောက်ပန္နူရွာအမည်နှင့်တွဲ၍ ခေါ်ဝေါ်နေကြခြင်းဖြစ်သည်။ ကျောက်ပန္နူဟူသောအမည်မှာလည်း ယင်းနေရာတွင် ရှေးရခိုင်ဘုရင်များခေတ်က ဘင်္ဂလားပင်လယ်အော်အတွင်း ရေကြောင်းခရီးသွားလာသည့်အခါ လမ်းပြအမှတ်အသားအဖြစ် အသုံးပြုခဲ့သည့်ကျောက်ဆောင်ကြီးကို အစွဲပြုပြီး ကျောက်ပန်းတူဟု ခေါ်ဆိုခဲ့ရာမှ ကာလရှည်ကြာလာသည့်အခါ ကျောက်ပန္နူဟု ပြောင်းလဲခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

ကျောက်ပန္နူကမ်းခြေသည် မောင်တော-အလယ်သံကျော်-အငူမော်ကားလမ်းဘေးရှိ ကျောက်ပန္နူကျေးရွာအနီးတွင်တည်ရှိသော ကမ်းခြေဖြစ်ပြီး မောင်တောမြို့မှလာလျှင် ကားလမ်းမှ ညာဘက်ကွေ့ကာ မြေသားလမ်းအတိုင်း အနည်းငယ်ဝင်လိုက်သည်နှင့် ရောက်ရှိသည်။ ကျောက်စိုင်၊ ကျောက်တုံးများနှင့် ကမ်းခြေတစ်လျှောက်တွင် သဘာဝအတိုင်း ပြန့်ကျဲလျက်ရှိနေသည့် မြင်ကွင်း၊ ဟင်းလင်းပြင် မြင်တွေ့ရသော ဘင်္ဂလားပင်လယ်အော်ရေပြင်၊ ကမ်းခြေသို့ရိုက်ပုတ်နေသော လှိုင်းကောက်ဖြူများအပြင် ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သည့် လေနုအေးတို့က ရောက်လာသူများအား စိတ်အေးချမ်းကာ အပန်းပြေစေသည်။

ကျောက်ပန္နူကမ်းခြေတွင် ပင်လယ်ရေလှိုင်းကြောင့် မျက်နှာပြင်ပြောင်ချောနေသည့် သဘာဝကျောက်တုံးကြီးငယ်များစွာ ရောနှောတည်ရှိနေသည်။ သဲသောင်ပြင်မှာ ကျယ်ပြန့်ခြင်းမရှိသော်လည်း ရာမတောင်၊ ဟာနုမာန်ကျောက်တုံးနှင့် ကျောက်စိုင်ကျောက်တုံးကြီးငယ် ရောနှောတည်ရှိသည့် သဘာဝကမ်းခြေဖြစ်သည်။ ကျောက်ပန္နူကမ်းခြေအနီးတွင်လည်း ရာဇဝင်ကြီးသည့် ရာမဇာတ်တော်မှ ရာမမင်းသားနှင့် ဟာနုမာန်မျောက်မင်း၏ ဒဏ္ဍာရီဆိုင်ရာအမှတ်အသားများ တည်ရှိနေပြီး ကမ်းခြေ၏အရှေ့ဘက်တွင် ရာမမင်းသား သီတင်းသုံးခဲ့သည့် ရာမတောင်ရှိသကဲ့သို့ ကမ်းခြေနှင့် ကိုက် ၂၀၀ ခန့်အကွာ၌ ဟာနုမာန်သယ်ယူလာသည်ဆိုသော ကျောက်တုံးကို မြင်တွေ့ရသည်။

ထိုဟာနုမာန်ကျောက်တုံးမှာ ကမ်းခြေဘက်မှကြည့်လျှင် သာမန်ကျောက်တုံးကဲ့သို့ ထူးခြားမှုမရှိသော်လည်း ပင်လယ်ဘက်မှကြည့်လျှင် ပလ္လင်ပုံစံနှင့် နောက်မှီမှာ သဘာဝထိုင်ခုံသဖွယ် ဖြစ်နေသည်။ ရေကျသည့်အချိန်များတွင် ကမ်းခြေမှ ဟာနုမာန်ကျောက်တုံးနေရာသို့ လမ်းလျှောက်သွားနိုင်သည့် ပင်လယ်ကျောက်တန်းတံတားလည်းရှိနေသည်။ ထူးခြားသော ပင်လယ်ကျောက်တန်းတံတားကိုလည်း ဘုရားပွဲတော်လာ ဧည့်သည်များက ရေကျချိန်စောင့်ပြီး ဖြတ်ကူး၍ ကြည့်ရှုလေ့လာကြသည်။ ရာမမင်းသားနေထိုင်ခဲ့သည့်တောင်အနီး ရေချိုကန်ရှိပြီး အသံမစဲပဌာန်းရွတ်သည့် အဆောက်အအုံငယ်လည်းရှိသည်။ နှစ်စဉ် တပို့တွဲလဆန်း ၁၃ ရက်မှ လဆုတ် ၁ ရက်အထိ ဘုရားပွဲတော်ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ဧည့်သည်များအပြင် အိန္ဒိယနိုင်ငံမှ ဧည့်သည်များလည်း လာရောက်လေ့ရှိသဖြင့် အလွန်စည်ကားကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှု စသည့်အခြေခံအဆောက်အအုံများ ဖြည့်တင်းနိုင်ပါက ကျောက်ပန္နူကမ်းခြေသည် ခရီးသွားဧည့်သည်များအတွက် တစ်မူထူးခြားသည့် ရာဇဝင်ရှိသည့် အပန်းဖြေကမ်းခြေဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံ ကမ်းခြေများအနက် သဘာဝအတိုင်းလှပနေသော ကမ်းခြေတစ်ခုဖြစ်သည့်အပြင် ခရီးသွားများသိရှိမှုနည်းပြီး လာရောက်လည်ပတ်မှုများပြားခြင်း မရှိသေးသော ကမ်းခြေသစ်တစ်ခုလည်းဖြစ်သည်။

မောင်တောမြို့နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျက်ရှိရာ အလယ်သံကျော်ကျေးရွာအနီးရှိ ကမ်းခြေမှာလည်း သဘာဝအလှအပများအတိုင်း မပျက်မယွင်းဘဲ တည်ရှိနေသည့် ကမ်းခြေတစ်ခုဖြစ်သည်။ သောင်ပြင်မှာ ရှည်လျားကျယ်ပြန့်ကာ အပန်းဖြေရန်ကောင်းသည့် ကမ်းခြေတစ်ခုဖြစ်သည်။ အလယ်သံကျော်ကမ်းခြေသည် မောင်တောမြို့မှ ၁၂ မိုင်သာဝေးပြီး ကားဖြင့် တစ်နာရီခွဲခန့်မောင်းလျှင်ရောက်ရှိနိုင်သည်။ ဘူးသီးတောင်မြို့နှင့်လည်း ၂၈ မိုင်ခန့်ကွာဝေးသည့် နေရာကောင်းတစ်ခုအဖြစ် တည်ရှိနေသည်။ သင်္ကြန်ကာလများတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများနှင့် စည်ကားနေကြောင်း သိရသည်။

“ဘင်္ဂလားပင်လယ်အော်ရဲ့ ကမ်းခြေဖြစ်ပြီး အလယ်သံကျော်ရွာနဲ့ တစ်မိုင်လောက်သာ ကွာဝေးတဲ့နေရာမှာ တည်ရှိနေတာ ဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေဟာ ရှည်လျားကျယ်ပြန့်ပြီး သောင်ပြင်ကလည်း ပြေပြစ်တာမို့ တနင်္ဂနွေအားလပ်ရက်တွေဆိုရင် မောင်တောမြို့က နိုင်ငံတကာအဖွဲ့အစည်းတွေ၊ နိုင်ငံခြားသားတွေနဲ့ ဝန်ထမ်းတွေ လာရောက်အပန်းဖြေကြပါတယ်”ဟု အလယ်သံကျော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်ထူးက ပြောသည်။

ယင်းကမ်းခြေတွင် ဘန်ဂလိုတစ်လုံး ဆောက်လုပ်ထားရှိသဖြင့် လာရောက်အပန်းဖြေသူများ ခေတ္တနားခိုနိုင်သည်။ ကမ်းခြေနှင့်အနီးဝန်းကျင်တွင် အုန်းခြံများနှင့် သဘာဝအလှအပများကို မြင်တွေ့ခံစားရသည်။ အလယ်သံကျော်ရွာနှင့် ကမ်းခြေအကြား မြေသားလမ်းကို အဆင့်မြှင့်တင်ရန်လိုအပ်ပြီး အခြေခံအဆောက်အအုံများ ဖြည့်ဆည်းနိုင်ပါက သွားလာနေထိုင်မှု အဆင်ပြေပြီး လာရောက်လည်ပတ်သူများအတွက် အပန်းဖြေနေရာကောင်းတစ်ခု ဖြစ်လာနိုင်သည်။

“ဒီအပန်းဖြေကမ်းခြေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် အုန်းကျွန်းနဲ့က ရေမိုင် ရှစ်မိုင်လောက်ပဲကွာတယ်။ အဲဒီ အုန်းကျွန်းပေါ်မှာ ဟိုတယ်တွေရှိပြီး တစ်နေ့ကို အပန်းဖြေ၊ အပျော်စီးသင်္ဘော သုံးစင်းလောက် နေ့စဉ်လာရောက် လည်ပတ်တာတွေ ရှိနေပါတယ်။ ကျွန်တော်တို့ကမ်းခြေကိုလည်း ခရီးသွားလုပ်ငန်းအဖြစ် အဆင့်မြှင့်နိုင်ရင် ဒီဒေသက ဖွံ့ဖြိုးတိုးတက်လာမှာပါ”ဟု ဦးဇော်ထူးက ဆက်လက်ပြောကြားသည်။

အလယ်သံကျော်ကျေးရွာ၊ အလယ်သံကျော်ကမ်းခြေအနီးတွင် အုန်းခြံများရှိသည့်အပြင် လေယာဉ်ကွင်းဟောင်းတစ်ခုလည်း ရှိသည်။ ယင်းလေယာဉ်ကွင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်နှင့်ဂျပန်တို့ အသုံးပြုခဲ့ခြင်းဖြစ်ရာ လေ့လာလိုသူများအတွက် ကမ်းခြေနှင့် လက်တကမ်းအကွာတွင် ရှိနေသည်။ မောင်တောမြို့နယ်နှင့် မလှမ်းမကမ်းတွင်တည်ရှိမှု၊ ကားဖြင့် အလွယ်တကူသွားလာနိုင်မှု၊ သန့်ရှင်းပြီးကျယ်ပြန့်သော သဲသောင်ခုံရှိမှုတို့ကြောင့် အလယ်သံကျော်ကမ်းခြေသည်လည်း သဘာဝခရီးသွားကမ်းခြေအသစ်တစ်ခုအဖြစ် ထွက်ပေါ်လာနိုင်သည်။

မောင်တော-အလယ်သံကျော်-သဝင်ချောင်း-အငူမော်လမ်းကို မကြာမီ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်တော့မည်ဖြစ်ရာ ယင်းလမ်းအနီးတွင်ရှိသော ကျောက်ပန္နူကမ်းခြေနှင့် အလယ်သံကျော်ကမ်းခြေတို့မှာ ရာသီမရွေး လာရောက်အပန်းဖြေနိုင်သည့် ကမ်းခြေများအဖြစ် ရောက်ရှိလာတော့မည်ဖြစ်သည်။ ရာဇဝင်သမိုင်းဖြစ်ရပ်များနှင့် ဆက်စပ်လျက်ရှိသော ကျောက်ပန္နူကမ်းခြေနှင့်အတူ အလယ်သံကျော်ကမ်းခြေတို့မှာ မောင်တောမြို့နယ်အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် ထင်ရှားကျော်ကြားလာတော့မည် ဖြစ်သည်။ ။



အလယ်သံကျော်ကမ်းခြေ၌ လာရောက်အပန်းဖြေသူများ ခေတ္တနားခိုနိုင်သည့် ဘန်ဂလိုကို အုန်းတောများအလယ်၌ တွေ့ရစဉ်

## သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်

**ညောင်လေးပင် နိုဝင်ဘာ ၈** - ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ တစ်လလျှင် နှစ်ရွာကွင်းဆင်းပြီး သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်က ကျူချောင်းအနောက်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ကွင်းဆင်းဆေးကုရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးပြီး အာဟာရလှူဒါန်းခြင်းကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်နှင့်အဖွဲ့ဝင်များက လှူဒါန်းပေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အမေရိကန်ပြည်သူများ သမ္မတသစ်အား မဲပေးရွေးချယ်မှုစတင်

**နယူးယောက် နိုဝင်ဘာ ၈**

အမေရိကန်သမ္မတရွေးကောက်ပွဲ၏အဆုံးအဖြတ်နေ့ဖြစ်သော နိုဝင်ဘာ ၈ရက်နေ့တွင် ပြည်သူသန်းပေါင်းများစွာတို့သည် ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်နှင့် ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်တို့အတွက် မဲဆန္ဒများပေးခဲ့ကြသည်။ ယခုရရှိသော ရလဒ်များအရ ကလင်တန်က အသာစီးရနေသည်။ ကလင်တန်အနေဖြင့် နိုဝင်ဘာ ၈ရက် နံနက်က သူမ၏ မွေးရပ် ဇာတိမြို့ဖြစ်သော နယူးယောက် ချာပါကွာရှိ မူလတန်းကျောင်း၌ မဲပေးရန် ရောက်ရှိလာခဲ့သည်။ ဒေါ်နယ်ထရန့်အနေဖြင့်လည်း မနက်ပိုင်းရုပ်မြင်သံကြား သတင်းအစီအစဉ်မှတစ်ဆင့် မဲဆန္ဒရှင်များကို မိမိအနေဖြင့် အခြေခံကျသောပြည်နယ်များတွင် အနိုင်ရခဲ့သောကြောင့် ယခုကဲ့သို့ ရုပ်မြင်သံကြားမှ ပထမဆုံးပြောကြားနိုင်ခြင်း ဖြစ်သည်ဟု ဆိုသည်။ ဟီလာရီကလင်တန်ကလည်း ကျွန်မတို့အနေနဲ့ နှလုံးသားလှုပြီးအရာအားလုံး ပြည့်စုံတဲ့ အမေရိကန်ပြည်ထောင်စုကို တည်ဆောက်ဖို့ ရည်ရွယ်ထားကြပါတယ်ဟု ဖလယ်ဒီဖီးယားရှိ ပရိသတ်ပေါင်းသုံးသောင်းသုံးထောင်တက်ရောက်သော မဲဆွယ်ပွဲတွင် ပြောကြားခဲ့သည်။ အဆိုပါ မဲဆွယ်ပွဲသို့ ၎င်းနှင့်အတူ အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ သမ္မတကတော်မီရှယ်အိုဘားမား၊ သမ္မတဟောင်း ဘီလ်ကလင်တန်၊ အဆိုတော် ဘွန်ဂျိုဘီနှင့် အဆိုတော် ဘရုစ်စပရင်စတန်တို့လည်း တက်ရောက်ခဲ့သည်။ ဒေါ်နယ်ထရန့်ကလည်း နယူးဟမ့်ရှိုင်းယားတွင် ပြုလုပ်သော အခမ်းအနားသို့ မဟာမိတ်ဖြစ်သော မိုက်ပရင့်စ်နှင့်အတူ တက်ရောက်ခဲ့သည်။ ဒေါ်နယ်ထရန့်က မိမိအနေဖြင့် ယနေ့တွင် အမေရိကန်ရှိအလုပ်သမား လူတန်းစားများအနေဖြင့် ပုံမှန်အခြေအနေသို့ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီ ကလင်တန်အနေဖြင့်လည်း အိမ်ဖြူတော်တွင် သမ္မတကတော်အဖြစ် ၁၉၉၃မှ ၂၀၀၁ခုနှစ်အထိ ရှစ်နှစ်ကြာရပ်တည်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု၏ ပထမဦးဆုံးသော အမျိုးသမီးသမ္မတဖြစ်လာစေရန်ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ မဲရလဒ်၏အဖြေကို ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင် သဲသဲကွဲကွဲသိရှိရမည်ဖြစ်သည်။ **(ရိုက်တာ)**



နိုဝင်ဘာ ၈ ရက်က နယူးယောက်မြို့၌ မဲဆန္ဒရှင်များ မဲပေးနေသည်ကို တွေ့ရစဉ်



## ရွှေ့ပြောင်းသွားလာသူများအရေး ဥရောပသမဂ္ဂ၏ ခွဲတမ်းချထားမှုကို ဟန်ဂေရီလွှတ်တော်၌ မဲခွဲဆုံးဖြတ်

**ဘူဒါပက် နိုဝင်ဘာ ၈**

ဟန်ဂေရီနိုင်ငံအတွင်း ပြည်ပနိုင်ငံသားများစွာတို့ အခြေချနေထိုင်မှုကိုပိတ်ပင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုတစ်ရပ်ကို ဟန်ဂေရီလွှတ်တော်၌ မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံအားလုံးတွင် ရွှေ့ပြောင်းဒုက္ခသည် တစ်သိန်းခြောက်သောင်းကိုနေရာချထားပေးရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ဒုက္ခသည်အရေအတွက်ခွဲဝေလက်ခံရန် ၂၀၁၅ ခုနှစ်တွင် သဘောတူညီခဲ့သည့် ဥရောပသမဂ္ဂ၏ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် မဲခွဲဆုံးဖြတ်မှုပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

ဟန်ဂေရီအနေဖြင့် ဒုက္ခသည်အရေအတွက်၁၂၉၄ဦးကို လက်ခံရမည်ဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့်လက ဥရောပသမဂ္ဂ၏ ခွဲတမ်းချမှုကို ငြင်းဆန်သည့်အနေဖြင့် ဟန်ဂေရီ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ကာမဲပေးခဲ့ကြသည်။သို့သော်မဲထည့်ဝင်သူအရေအတွက်စံနှုန်းပြည့်မီခြင်းမရှိသည့်အတွက် ဆန္ဒခံယူပွဲမဖြစ်မြောက်ခဲ့ပေ။

လွှတ်တော်တွင်မဲထည့်ဝင်ကြသူများအနက် ၉၈ ရာခိုင်နှုန်းသည် ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဗန်၏ ဒုက္ခသည်ခွဲဝေလက်ခံမှုကိုငြင်းပယ်ရန်အဆိုပြုခြင်းကို ထောက်ခံခဲ့ကြသည်။ သို့သော်မဲထည့်ဝင်သူများ၏ ၄၀ ဒသမ ၄ရာခိုင်နှုန်းသာ တရားဝင်မဲအဖြစ် ရေတွက်နိုင်ခဲ့ပြီး ၅၀ရာခိုင်နှုန်း လိုအပ်နေခဲ့သည်ဟု ပြောသည်။ ရွေးကောက်ပွဲသည် ဒုက္ခသည်များအားလက်မခံလိုသည့် ဝန်ကြီးချုပ် ဗစ်တာအော်ဗန်အတွက် အောင်ပွဲလည်းဖြစ်သလို ရှုံးနိမ့်မှုတစ်ခုဟုလည်း ဆိုရမည်ဖြစ်ကြောင်း ဥရောပရှိ ဘီဘီစီသတင်းဌာနမှအယ်ဒီတာကတ်ရာ အက်ဒလာကပြောကြားခဲ့သည်။ အင်္ဂါနေ့တွင် ပြုလုပ်သည့် မဲခွဲဆုံးဖြတ်မှု၏ရလဒ်မှာ သေချာဖွယ်ရာမရှိကြောင်း သိရသည်။ **(ဘီဘီစီ)**

## မဲပေးသည့်နေ့တွင် နယူးယောက်တွင်လုံခြုံရေးတင်းကျပ်

**ဝါရှင်တန် နိုဝင်ဘာ ၈**

အမေရိကန်နိုင်ငံ၌ရွေးကောက်ပွဲ ကျင်းပစဉ်အတွင်း လုံခြုံရေးစိတ်ချသေချာစေရေး နယူးယောက်မြို့တွင် ရဲအရာရှိ ၅၀၀၀ကို တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း သိရသည်။

ယခုတပ်ဖြန့်ထားသည့်လုံခြုံရေး အရေအတွက်မှာ ယခင်ရွေးကောက်ပွဲ ကာလနှင့်နှိုင်းယှဉ်ကြည့်လျှင် နှစ်ဆနီးပါးရှိကြောင်း သိရသည်။ နယူးယောက်မြို့တော်ဝန်နှင့် မြို့တော်၏ရဲမင်းကြီးက တနင်္လာနေ့က လုံခြုံရေးစီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ရဲအရာရှိများသည် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးမည်ဖြစ်ပြီး လုံခြုံရေးတင်းကျပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

နယူးယောက်မြို့အပါအဝင်အခြားသောပြည်နယ်များ၌လည်း အကြမ်းဖက်အစွန်းရောက်သမားများ၏အန္တရာယ်ကို တားဆီးကာကွယ်ရန် စောင့်ကြည့်ကာကွယ်မှုများပြုလုပ်ထားကြောင်း နယူးယောက်မြို့တော်ဝန်က ပြောသည်။

နယူးယောက်မြို့သည် အကြမ်းဖက်သမားများ၏ လက်အတွင်း ကျရောက်ခံမည်မဟုတ်ကြောင်း၊ လုံခြုံရေးအပြည့်အဝပေးနိုင်ရန် ရဲများနှင့် အစိုးရအဖွဲ့အစည်းများအတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ ခရီးသွားများက ရဲများကို ရိုင်ဖယ်များကိုင်ဆောင်လျက် မြို့အတွင်းသွားလာနေသည်ကို တွေ့ရသည်မှာ ထိတ်လန့်မိသော်လည်း လုံခြုံမှုကိုခံစားရကြောင်း ပြောသည်။ **(အင်န်အိတ်ချ်ကေ)**

## တောင်ကိုရီးယားနိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဆမ်ဆောင်းကုမ္ပဏီအား ဝင်ရောက်စီးနင်း

**ဆိုးလ် နိုဝင်ဘာ ၈**

တောင်ကိုရီးယားနိုင်ငံတွင် သမ္မတပက်ဂွန်ဟေး၏ နိုင်ငံရေးဆိုင်ရာဆူပူအုံကြွမှုဖြစ်စေခဲ့သည့် အကြောင်းနှင့်ပတ်သက်ဆက်နွှယ်နေသည်ဟုဆိုကာ ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီရုံးများအား တရားစွဲဆိုသူများက စုံစမ်းစစ်ဆေးရန် စီးနင်းဝင်ရောက်ခဲ့ကြကြောင်း သိရသည်။

တာဝန်ရှိသူများသည် သမ္မတပက်နှင့် ရင်းနှီးကျွမ်းဝင်သည့် သူငယ်ချင်းဖြစ်သူ ချွိုင်ဆွန်ဆီ၏သမီးထံသို့ ဆမ်ဆောင်းကုမ္ပဏီက ငွေပေးခဲ့သည်ဟူသောစွပ်စွဲမှုများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ မစ္စချွိုင်သည် သမ္မတနှင့်ရင်းနှီးကျွမ်းဝင်မှုကို အခွင့်ကောင်းယူကာ နိုင်ငံရေးကိစ္စရပ်များတွင်ဝင်ရောက်စွက်ဖက်ခဲ့ပြီး ငွေကြေးအကျိုးအမြတ်ရှာဖွေမှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲခြင်းခံထားရသူဖြစ်သည်။

ဆမ်ဆောင်းကုမ္ပဏီကဝင်ရောက်စီးနင်းခံရခြင်းကို ဘီဘီစီသို့ အတည်ပြုပြောကြားခဲ့သည်။ သို့သော် တစ်စုံတစ်ရာ ထင်မြင်ပြောဆိုမှုမျိုးမရှိခဲ့ပေ။သမ္မတပက်သည် ချွိုင်ဆွန်ဆီနှင့် ၎င်း၏ဆက်နွှယ်မှုနှင့်ပတ်သက်ပြီး လူသိရှင်ကြား တောင်းပန်ဝန်ချခဲ့သော်လည်း ပြည်သူများက ၎င်းအားရာထူးမှနုတ်ထွက်ရန် တောင်းဆိုနေကြဆဲဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံသားများစွာတို့အား ရက်သတ္တပတ်များစွာကြာအောင် လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့သည့် မစ္စပက်၏ နိုင်ငံရေးဆိုင်ရာ လိမ်လည်လှည့်ဖြားမှုတွင် ဆမ်ဆောင်းကုမ္ပဏီက မစ္စချွိုင်နှင့် ၎င်း၏သမီးဖြစ်သူတို့ ပူးတွဲပိုင်ဆိုင်သည့် ကုမ္ပဏီသို့ အမေရိကန်ဒေါ်လာ ၃ဒသမ ၁သန်းကိုအကူအညီပေးအပ်ခဲ့သည်ဟူသော စွပ်စွဲချက်များအပေါ်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ မစ္စချွိုင်အားနိုဝင်ဘာ၃ရက်တွင် လိမ်လည်မှုနှင့် အာဏာအလွဲသုံးစားမှုတို့ဖြင့် ဖမ်းဆီးခဲ့သည်။
**(ဘီဘီစီ)**



**အကြမ်းဖက်တိုက်ခိုက်ရေးသမားတွေကို မိုဆူးလ်မြို့ကနေထွက်သွားအောင် မောင်းနှင်တိုက်ထုတ်လိုက်ပြီးတဲ့အချိန်မှာ အီရတ်ဘာသာရေးအုပ်စုဝင်ဖြစ်တဲ့ ယာဇီဒစ်မျိုးနွယ်စုတွေဟာ အိုင်အက်စ်အစွန်းရောက်အဖွဲ့ရဲ့လက်အတွင်းမှာ အထိအနာဆုံးနဲ့ ဖျက်ဆီးမှုအခံရဆုံး မျိုးနွယ်စုတွေဖြစ်ခဲ့ပါတယ်။**

# လမ်းလျှောက်ရင်း လမ်းပျောက်ခဲ့ကြသူများ

**ကလျာမိုးမြင့်**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇




ကြေကွဲဖွယ်ရာဖြစ်ရပ်ကို ပြန်ပြောပြချိန်မှာ ယာဇီဒစ်အမျိုးသမီးတစ်ဦးဟာ စတင်ငိုကြွေးခဲ့ပါတယ်။ အဲဒီအချိန်မှာ အနီးမှာရှိနေတဲ့ ၄င်းရဲ့သူငယ်ချင်းအမျိုးသမီးဆီကပါ ငိုရှိုက်သံထပ်မံထွက်ပေါ်လာခဲ့တယ်။ ဒီလိုနဲ့ပဲ ယာဇီဒစ်အမျိုးသမီးတွေရဲ့ အဆက်မပြတ်တဲ့ ငိုရှိုက်သံတွေဟာ ပတ်ဝန်းကျင်တစ်ခွင်လုံး သောသောညံသွားပါတော့တယ်။

ယာဇီဒစ်မျိုးနွယ်စုတစ်စုဟာ ၂၀၁၄ ခုနှစ်က ၎င်းတို့ရဲ့ဇာတိမြေဖြစ်တဲ့ ဆင်ဂျာတောင်ကုန်းဒေသကို အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့တွေ ဘယ်လိုဝင်ရောက်လာကြပြီး လူထောင်ပေါင်းများစွာကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ကာ အပြစ်မဲ့ပြည်သူများစွာကို မညှာမတာမောင်းထုတ်ခဲ့ကြတဲ့ ရင်နင့်စရာအကြောင်းအရာတစ်ရပ်ကို ပြန်ပြောင်းပြောဆိုနေကြတာဖြစ်ပါတယ်။

"ဖမ်းဆီးခံထားရတဲ့ ကျွန်မတို့ရဲ့အိမ်နီးချင်းမိတ်ဆွေတချို့ဟာ ထွက်ပြေးဖို့ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် တောင်တန်းကြီးတွေပေါ်ကို မရောက်ခင်မှာဘဲ စစ်သွေးကြွတွေက ပြန်ဖမ်းမိသွားပြီး ထွက်ပြေးသူတွေအားလုံး အသတ်ခံလိုက်ရတယ်။ မိန်းမတွေနဲ့ ကလေးတွေကို ဖမ်းခေါ်သွားခဲ့ပြီး အများစုက သေဆုံးခဲ့ကြတယ်"လို့ အမျိုးသမီးတစ်ဦးက ပြောပြခဲ့ပါတယ်။ ဘယ်ယာဇီဒစ်အမျိုးသမီးကမှ သူတို့ရဲ့နာမည်ကို ထုတ်ဖော်မပြောရဲလောက်တဲ့အထိ အကြောက်တရားကြီးစိုးနေခဲ့ကြပါတယ်။ နှစ်နှစ်လုံးလုံး ရင်ဆိုင်ခဲ့ရတဲ့ ခါးသီးသောအတွေ့အကြုံက ဒီအမျိုးသမီးတွေရဲ့ရင်ထဲမှာ အကြောက်တရားတစ်ခုကို နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်ခိုင်မာစေခဲ့ပါပြီ။

> **မစ္စတာဆူလီမန် စိုးရိမ်ကြောင့်ကြနေရတဲ့အချက်က အိမ်တွေနဲ့ လမ်းတွေ ပျက်စီးပြိုလဲသွားတဲ့ ပြဿနာထက် ပိုပါတယ်။ ယာဇီဒစ်တွေအနေနဲ့ နေရပ်ပြန်ပြီး ဆင်ဂျာတောင်တန်းတွေပေါ်မှာ ပြန်လည် နေထိုင်သွားဖို့ ခက်ခဲသွားစေတဲ့ အဓိက ပြဿနာကတော့ ကျွန်တော်တို့ရဲ့ အနီးကပ်ဆုံးရန်သူဖြစ်တဲ့ အိမ်နီးချင်းတွေက အိုင်အက်စ်အဖွဲ့ကို အကူအညီပေးနေခဲ့တာကြောင့်ဖြစ်**

"အိုင်အက်စ် အကြမ်းဖက်သမားတွေကို ကျွန်မတို့ရဲ့နယ်မြေကနေ ထွက်ခွာသွားအောင် တိုက်ထုတ်ကောင်း တိုက်ထုတ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်မတို့တွေကတော့ ကိုယ့်ဇာတိမြေကိုပြန်ဖို့ ဘယ်လိုမှမလွယ်ကူနိုင်တော့ပါဘူး။ တစ်ခုခုဆိုးဆိုးရွားရွား ဖြစ်လာဦးမလားဆိုတဲ့ အတွေးတွေနဲ့ပဲ အသက်ဆက်နေခဲ့ရပါတယ်"လို့ အမျိုးသမီးတစ်ဦးက ပြောပါတယ်။ အကြီးအကျယ်ပျက်စီးခဲ့ပြီဖြစ်တဲ့ ဆင်ဂျာမြို့နဲ့ ပတ်ပတ်လည်ကျေးရွာတွေက ယာဇီဒစ်တွေအနေနဲ့ အိမ်ပြန်ဖို့ဘာကြောင့်ဒီလောက်တောင် ကြောက်လန့်နေရတယ်ဆိုတာကို သဘောပေါက်စေခဲ့ပါတယ်။

နေအိမ်အဆောက်အအုံတွေကစပြီး လမ်းတွေ၊ တံတားတွေပါမကျန် ပျက်စီးကြေမွနေပြီလို့ အီရတ်အစိုးရအဖွဲ့က ဝန်ကြီးတစ်ဦးဖြစ်တဲ့ ဒါရာယာရာကပြောကြားခဲ့ပါတယ်။ ယာဇီဒစ်မျိုးနွယ်စုတွေ နေထိုင်သွားတဲ့ ဧရိယာတွေမှာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ကောင်းကောင်းလုပ်ဆောင်နိုင်ဖို့ဆိုတာတောင် အချိန်တွေ ဘယ်လောက်အထိ ကြာမြင့်ဦးမယ်ဆိုတာကို ဒါရာက ပွင့်ပွင့်လင်းလင်းပဲ ပြောကြားသွားခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ဖို့ဆိုတာဟာ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုလိုအပ်တယ်။ ဒီလိုဖြစ်လာဖို့ တော်တော်လေးကိုကြာဦးမှာပါလို့ ၄င်းကပြောပါတယ်။

အခုအခါမှာတော့ ယာဇီဒစ်မျိုးနွယ်စုတွေဟာ ဒုက္ခသည်စခန်းတွေမှာ စိတ်ဓာတ်ကျစွာနေထိုင်ရင်း ရွက်ဖျင်တဲတွေရဲ့အောက်ကနေ နောက်ထပ်ကျရောက်လာတော့မယ့် ဆောင်းရာသီကို အလေးအနက်တွေးတောနေကြပါတယ်။ တချို့ကတော့ အိမ်ပြန်ဖို့ဆိုတဲ့မျှော်လင့်ချက်ကို လုံးဝစွန့်လွှတ်လိုက်ပြီး ဥရောပနဲ့ မြောက်အမေရိကမှာ ခိုလှုံရာရှာဖွေဖို့ လုံးပန်းနေကြပါတယ်။ လာလစ်ရှ်မှာရှိတဲ့ ယာဇီဒစ်တွေရဲ့ အမြင့်မြတ်ဆုံးဘုရားကျောင်းဆီသို့ လူပေါင်းများစွာကိုခေါ်ဆောင်လာခဲ့တဲ့ ကျောင်းဆရာလပ်ကွမန်ဆူလီမန်အတွက်ကတော့ စိုးရိမ်သောကဖြစ်စရာတွေ တစ်ပွေ့တစ်ပိုက်နဲ့ပါ။ ကာဒစ်စတန်မှာရှိတဲ့ယာဇီဒစ်တွေအဖို့ မျှော်လင့်ချက်ပျောက်ဆုံးနေပြီး ၄င်းတို့ဟာ ဂျာမနီ၊ ပြင်သစ်နဲ့ ဩစတြေးလျနိုင်ငံတွေဆီသွားဖို့ စိုင်းပြင်းနေကြတယ်လို့ ၄င်းကပြောပါတယ်။

မစ္စတာဆူလီမန်စိုးရိမ်ကြောင့်ကြနေရတဲ့ အချက်က အိမ်တွေနဲ့လမ်းတွေပျက်စီးပြိုလဲသွားတဲ့ပြဿနာထက်ပိုပါတယ်။ "ယာဇီဒစ်တွေအနေနဲ့ နေရပ်ပြန်ပြီး ဆင်ဂျာတောင်တန်းတွေပေါ်မှာ ပြန်လည်နေထိုင်သွားဖို့ ခက်ခဲသွားစေတဲ့ အဓိကပြဿနာကတော့ ကျွန်တော်တို့ရဲ့ အနီးကပ်ဆုံးရန်သူဖြစ်တဲ့ အိမ်နီးချင်းတွေက အိုင်အက်စ်အဖွဲ့ကို အကူအညီပေးနေခဲ့တာကြောင့် ဖြစ်ပါတယ်။ ၄င်းတို့ဟာ ဆွန်နီအစ္စလာမ်တွေ ဆင်ဂျာတောင်တန်းတွေပေါ်မှာ ရှိနေကြတယ်"လို့ ထပ်တလဲလဲပြောဆိုခဲ့ပြီး ဘယ်သူက ယာဇီဒစ်ဖြစ်တယ်၊ ဘယ်သူက ယာဇီဒစ်မဟုတ်ဘူးဆိုတာကို အိုင်အက်စ်တွေကို ပြောပြခဲ့တဲ့ ယာဇီဒစ်မျိုးနွယ်စုတွေထဲက တစ်ယောက်ဖြစ်နေတယ်လို့ ဆူလီမန်က ပြောကြားခဲ့ပါတယ်။

ယာဇီဒစ်အမျိုးသားတွေကို သတ်ဖြတ်ပြီး အမျိုးသမီးတွေကို ဖမ်းခေါ်သွားအောင် ရွာတွေမှာ ရှိနေကြတဲ့သူတွေကပဲ ကူညီနေကြတာပါ။ ဒီတော့ ဘယ်မိသားစုက အတူတကွ ပြန်ဆုံနိုင်ကြတော့မှာလဲ။ ယာဇီဒစ်အမျိုးသမီးငယ် ဘယ်နှစ်ယောက်လောက်ဟာ အိုင်အက်စ်အဖွဲ့ရဲ့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံလိုက်ရပြီဆိုတာ ဘယ်သူကမှ တိတိကျကျမပြောဆိုနိုင်ကြတော့ပါဘူး။ ဒါပေမယ့် ကုလသမဂ္ဂအဖွဲ့ကတော့ ၅၀၀၀ နဲ့ ၇၀၀၀ အကြားရှိခဲ့ပြီလို့ သတင်းပေးပို့ခဲ့ပါတယ်။ အများစုဟာ မိုဆူးလ်မြို့မှာရောဆီးရီးယားနယ်စပ်တစ်လျှောက်မှာပါ လိင်ကျွန်အဖြစ်အသုံးချခံလိုက်ရတာဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။

မိုဆူးလ်မြို့ရဲ့ လမ်းတွေပေါ်မှာ အီရတ်တပ်မတော်က တင့်ကားတွေဝင်ရောက်လာတာကို ယာဇီဒစ်တွေက စောင့်ကြည့်နေခဲ့ကြပါတယ်။ မကြာသေးမီကမှ သူတို့တွေဟာ အဲဒီနေရာတွေမှာ ရှိခဲ့ကြသေးတယ်။ အဖွဲ့ဝင်တစ်ဦးကတော့ လွတ်မြောက်သွားပါတယ်။ ကျန်တဲ့သူတွေ ဘယ်လိုဆက်ဖြစ်သွားလဲဆိုတာကိုတော့ မသိဘူးလို့ ယာဇီဒစ်အမျိုးသမီးတစ်ဦးက ပြောကြားခဲ့ပါတယ်။ အမည်မဖော်လိုသူ အမျိုးသမီးတစ်ဦးကတော့ အိုင်အက်စ်တွေရဲ့လက်ထဲမှာပဲ ကျန်ရှိနေသေးတဲ့ ၄င်းရဲ့ မိသားစုဝင်တစ်ဦးအတွက် လက်တုံ့ပြန်မယ်လို့ ပြောဆိုနေခဲ့ပါတယ်။ အမျိုးသမီးဟာ ဒီအကြောင်းအရာတွေကို ဗြိတိန်နိုင်ငံကိုယ်စားပြု The Lotus Flower ပရဟိတအသင်းက ဖွဲ့စည်းလုပ်ကိုင်နေတဲ့ ကွာဒီရာဒုက္ခသည်စခန်းရှိ ပြန်လည်ထူထောင်ရေးစခန်းမှာ ပြောပြနေခဲ့တာဖြစ်ပါတယ်။

ဒီနေရာမှာနေထိုင်ရင်းနဲ့ ယာဇီဒစ်အမျိုးသမီးတွေဟာ စက်ချုပ်လုပ်ငန်းအပါအဝင် အခြားသော အသုံးဝင်အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားနေကြပါတယ်။ တစ်နေ့နေ့မှာ အသက်မွေးလုပ်ငန်းတွေကနေ ၄င်းတို့ရဲ့ စားဝတ်နေရေးအတွက် လုံလောက်တဲ့ ဝင်ငွေရရှိဖို့ဆိုတဲ့ မျှော်လင့်ချက်တွေအပြည့်နဲ့ပါ။ အရေးအကြီးဆုံးအချက်က သူတို့တွေရဲ့ဘဝ ကျန်းမာပြီး ထူထူထောင်ထောင်ပြန်ဖြစ်လာဖို့လို့ စီမံကိန်းလုပ်ကိုင်ဆောင်ရွက်နေတဲ့ မန်နေဂျာ ပြောခဲ့ပါတယ်။

ယာဇီဒစ်တွေအနေနဲ့ ၄င်းတို့စွန့်ခွာလာခဲ့ကြတဲ့ ကျေးရွာတွေကို ပြန်မြင်ရဖို့ဆိုတာကတော့ နောက်မျိုးဆက်တွေအထိတောင် မျှော်လင့်ချက်မဲ့နေတဲ့ အခြေအနေမျိုးပါ။ အဲဒီမှာ ကျန်ရစ်ခဲ့တဲ့ မိသားစုဝင်တွေရဲ့ အသက်ရှင်ကျန်ရစ်နိုင်မယ့်အခွင့်အလမ်းဆိုတာဟာလည်း ဝေးသထက်ဝေးကွာလျက်..။

**ကိုးကား- ဘီဘီစီ (၄.၁၁.၂၀၁၆)**

---





## အိန္ဒိယ ရုပ်ရှင်ဇာတ်ကားအတွက် စတန့်သမားနှစ်ဦး သရုပ်ဆောင်စဉ် ရေနစ်

**နယူးဒေလီ နိုဝင်ဘာ ၈**

အိန္ဒိယမှ စတန့်သရုပ်ဆောင်နှစ်ဦးသည် နိုင်ငံတောင်ပိုင်း ဘင်္ဂလားအနီး ဆည်အတွင်းသို့ ခုန်ချသည့် ဇာတ်ဝင်ခန်းရိုက်ကူးစဉ် ရေနစ်ခဲ့သည်။ရုပ်ရှင်သရုပ်ဆောင်နှစ်ဦးမှာ အန်လီဗီရာမာနှင့် ရာချ်အူဒေးတို့ဖြစ်ပြီး ဟယ်လီကော်ပတာမှတစ်ဆင့် ရေထဲသို့ဒိုင်ပင်ထိုးချသည့်အခန်းရိုက်ကူးစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ဒေသတွင်းမှ စုံစမ်းစစ်ဆေးရေးမှူးက ပြောကြားရာတွင် သရုပ်ဆောင်နှစ်ဦးစလုံးမှာ ရေကူးခပ်နိုင်ခြင်းမရှိကြောင်း၊ ထို့ပြင် ၄င်းတို့နှစ်ဦးစလုံးကို အချိန်မီကယ်ဆယ်နိုင်ခြင်းမရှိကြောင်းဖြေကြားခဲ့သည်။

ရဲများက ထုတ်လုပ်သူများကို ပေါ့လျော့မှုအတွက် ရာဇဝတ်မှုအဖြစ် အမှုဖွင့်ထားသည်။ အသက်လုံခြုံရေးအတွက် ကြိုတင်ကာကွယ်ထားမှုများ ရိုက်ကွင်းတွင် စီစဉ်ထားခြင်းမရှိသလို အသက်ကယ်အင်္ကျီဝတ်ဆင်ထားခြင်းမျိုးလည်းမရှိပေ။ ထို့ပြင် ကယ်ဆယ်ရေးအသင်းနှင့် အရေးပေါ်လူနာတင်ယာဉ်များလည်း စီစဉ်ထားခြင်းမရှိပေ။

ထင်ရှားသည့် သရုပ်ဆောင်တစ်ဦးဖြစ်သည့် ဗီဂျေးသည်လည်း ယခုကဲ့သို့အခန်းမျိုးသရုပ်ဆောင်ခဲ့ဖူးသော်လည်း ကမ်းခြေသို့ အန္တရာယ်မရှိကူးခပ်သွားနိုင်ရေး စီစဉ်ထားနိုင်ခဲ့သည်။

**(ရိုက်တာ)**

# မူဆယ်နှင့်(၁၀၅)မိုင်ကြားယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့



**မူဆယ် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ တောင်ပေါ်ဒေသ၌ နိုဝင်ဘာ ၇ ရက်က မူဆယ်နှင့် အောက်တုန်ခန် ကျေးရွာကြား ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားကြောင်း သိရသည်။

အဆိုပါယာဉ်ကြော ပိတ်ဆို့ရခြင်းမှာ(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ယာဉ်စစ်ကွင်းအတွင်းမှ နံနက် ၁၀ နာရီခန့် ဂိတ်ကြေးဆောင်ပြီး ထွက်ရှိလာသော ကုန်တင်ကားများသည် မူဆယ်နယ်စပ်ပေါက်ဖြစ်သည့် မန်ဝိန်းဂိတ်တွင် တန်းစီစောင့်ဆိုင်းနေရသောကြောင့် လည်းကောင်း၊ မော်တော်ယာဉ် အကြီးအသေးများ တစ်စီးနှင့် တစ်စီးကျော်ခွမောင်းနှင်ခြင်းကြောင့်လည်းကောင်း၊ လမ်းများပြုပြင်နေဆဲနှင့် အကွေ့အကောက်များနေသောကြောင့် လည်းကောင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် ပိတ်ဆို့ခြင်းဖြစ်သည်။

ယာဉ်ကြောပိတ်ဆို့သည့် အဓိကနေရာများမှာ မူဆယ်နယ်စပ်မန်ဝိန်းဂိတ်နှင့် မြို့ပတ်လမ်းတစ်လျှောက် မူဆယ်မြို့ဝင် ORIENTAL HIGHWAY အနီး နမ့်ခွမ်ကျေးရွာနှင့် အောက်တုံခန်ကြားတို့တွင် အဓိက ပိတ်ဆို့နေကြောင်း သိရသည်။

မူဆယ်နှင့် ၁၀၅ မိုင်သည် ခုနစ် မိုင်ခန့်ရှိသော်လည်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် ကုန်တင်ကားများနှင့် ခရီးသည်တင်မော်တော်ယာဉ်များ တစ်နာရီကျော် နှစ်နာရီခန့် မောင်းနှင်ခဲ့ရသည်။

"ကျွန်တော်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကနေနံနက် ၁၀ နာရီကျော်လောက်က ဂိတ်ကြေးဆောင်ပြီး ထွက်လာတာ အခုဆို မွန်းလွဲ ၁ နာရီကျော်နေပြီ။ အခုထိမူဆယ်မရောက်သေးဘူး။ ဒီလိုအချိန်နောက်ကျတယ်ဆိုရင် ဟိုဘက်ကမ်းမှာ ကုန်ပစ္စည်းအတင်အချလုပ်ရတာ အခက်အခဲရှိတာပေါ့။ ပြီးတော့ အခုတလောတရုတ်ပြည်ကလည်း အလွှန်ဖမ်းနေတယ်ပြောတယ်။ ဖြစ်နိုင်ရင်တော့ အမြန်ဆုံး ယာဉ်ကြောပွင့်တော့ အားလုံးအတွက် အဆင်ပြေတာပေါ့"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုကြောင့် မူဆယ်မြို့ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များမှ အချိန်နှင့်တစ်ပြေးညီ လာရောက် ရှင်းလင်းပေးသည့်အတွက် နံနက် ၁၁ နာရီခန့်မှ စတင်ပိတ်ဆို့နေသည့် ယာဉ်ကြောသည် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ရှင်းလင်းသွားပြီး ကုန်တင်ကားများ၊ ခရီးသည်ယာဉ်များ မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် မောင်းနှင်သွားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**

# CCTV သတင်းဌာနမှ ဒုံးပုလဲအော်ရှာဒေသခံများ၏ နေထိုင်မှုဘဝများ လာရောက်ရိုက်ကူး



**မြိတ် နိုဝင်ဘာ ၈**

တရုတ်နိုင်ငံအခြေစိုက် CCTV(China Central Television)သတင်းဌာနမှ Myanmar Communication Network Co.Ltd ၏ အစီအစဉ်ဖြင့် နိုဝင်ဘာ ၆ ရက်က မြိတ်မြို့မှ ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ဒုံးပုလဲအော်ကျေးရွာသို့ ခရီးသွားအမြန်ရေယာဉ်ဖြင့် သွားရောက်ကာဒေသခံများ၏ နေထိုင်မှုဘဝများကို ရိုက်ကူးခဲ့ကြောင်း သိရသည်။

ဒုံးပုလဲအော်ကျေးရွာသည် ကျွန်းစုမြို့၏ အနောက်ဘက် မြိတ်မြို့မှ ရေမိုင် ၄၅ မိုင်ခန့်ကွာဝေးသော ကျွန်းရွာဖြစ်ကာ ကရင်၊ ဗမာ၊ ဆလုံ လူမျိုးများစုစည်းနေထိုင်သောရွာဖြစ်ပြီး CCTV သတင်းဌာနမှဒုံးပုလဲ အော်ကျွန်းတည်ရှိမှုနှင့် ဒေသခံ ကရင်၊ ဗမာ၊ ဆလုံလူမျိုးများ၏ လူမှုဘဝနေထိုင်မှုများ၊ ဓလေ့ထုံးတမ်းများကိုလေ့လာရိုက်ကူးခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# မြန်မာအိုင်စီတီပြပွဲ နိုင်ငံပေါင်း ၁၉ နိုင်ငံ ပါဝင်ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်း၊ ဂြိုဟ်တုနှင့် ဖိုက်ဘာဆက်သွယ်ရေးတို့အပါအဝင် အနာဂတ် ဒစ်ဂျစ်တယ်စနစ်အတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည့် Communi Cast Myanmar နှင့် အိုင်စီတီ မြန်မာပြပွဲကြီးကို နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးက ပြောသည်။

"ကျွန်တော်တို့ဒီပြပွဲကြီးက ပြပွဲနှစ်ခုကို တစ်နေရာတည်းမှာပေါင်းပြီး ပြသသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျင်မြန်စွာတိုးတက်နေတဲ့ အိုင်စီတီစီးပွားရေးအတွက် အထောက်အပံ့ပြုနိုင်မယ့် ပြပွဲကြီးဖြစ်ပြီး နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ကုမ္ပဏီပြခန်းပေါင်း ၇၀ ပြသသွားမှာဖြစ်ပါတယ်"ဟု နိုဝင်ဘာ ၇ ရက်က နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် ၄င်းကပြောသည်။

လာမည့်ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည့် အဆိုပါ အိုင်စီတီပြပွဲကြီးတွင် အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး လေးခုကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် Myanmar Satellite Forum 2016 ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ၄င်းက ပြောသည်

အရေးကြီးသော ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ အပါအဝင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံ လုံးဆိုင်ရာ အချက်အလက်များ လိုအပ်နေမှုကို ဝန်ဆောင်မှုပေးနိုင်ရန် တယ်လီကွန်းအခြေခံ အဆောက်အအုံများမှတစ်ဆင့် ကွန်ရက်များ တည်ဆောက်ခြင်းသည် Communi Cast Myanmar 2016 တွင် အဓိက ဆွေးနွေးမည့်အကြောင်းအရာလည်းဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ်မြောက် Myanmar Satellite Forum သည် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရုပ်သံထုတ်လွှင့်သူများနှင့်ဝန်ဆောင်မှုပေးသူများအတွက် အကြံဉာဏ်ကောင်းများ ဖလှယ်ရန်နှင့်ဆက်ဆံရေး ဖွံ့ဖြိုးလာစေရန် မိတ်ဖက်များတည်ဆောက်နိုင်ရေးအတွက် ပေါင်းကူးတံတားအဖြစ် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Myanmar Satellite Forum ကို ဒီဇင်ဘာ ၇ ရက်တွင် ယင်းဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ဂြိုဟ်တုဆိုင်ရာ ထိပ်တန်းကုမ္ပဏီကြီးများဖြစ်သည့် Advantech,APT, Asia Sat, Amplus , နှင့် Network Innovations တို့မှလည်း တက်ရောက် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မကြာသေးမီက အစိုးရမှ စတုတ္ထမြောက် တယ်လီကွန်းလိုင်စင်ထုတ်ပေးရန် ကြေညာခဲ့ပြီးဖြစ်၍ မကြာမီ ဈေးကွက်အတွင်း ဝင်ရောက်လာတော့မည်ဖြစ်ကြောင်းလည်း သိရသည်။ **မြင့်မောင်စိုး**

# မုံရွာ၌ ဒစ်ဂျစ်တယ်မြေတိုင်းတာမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၈**

၂၀၁၆-၂၀၁၇ ခုနှစ် မြေတိုင်းရာသီတွင် မုံရွာမြို့နယ်အတွင်း ကျေးရွာများရှိ စိုက်ပျိုးမြေကွက်များ သာသနာ့မြေ စသည့်မြေ ၂၆၅ ကွင်းကို တိုင်းတာရာတွင် မြန်ဆန်တိကျစေရန်အတွက် ဒစ်ဂျစ်တယ်စနစ် မြေတိုင်းတာမှု အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ တိုင်းဒေသကြီးအတွင်းရှိ မြေတိုင်းစာရေး ၃၀ ဖြင့် မုံရွာမြို့နယ် လယ်ယာမြေစာရင်းစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးမှူးရုံး၌ ကျင်းပလျက်ရှိသည်။

ရပ်ကွက်အတွင်းမှာရှိတဲ့ အစိုးရပိုင်မြေများ၊ အများပြည်သူအကျိုးအတွက် ထားရှိတဲ့ မြေ၊ ဘာသာရေးအသင်းအဖွဲ့ မြေတွေနဲ့ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ရတဲ့ မြေတွေရဲ့နယ်နိမိတ်တွေကိုတိုင်းတာရာမှာ ကျေးရွာနယ်နိမိတ် မှတ်တိုင်တွေကနေ အခြေခံပြီး Total Station နဲ့ တိုင်းတာရမှာဖြစ်ပါတယ်။ PTK GPS နဲ့ အသုံးပြု တိုင်းတာရာမှာ တိုင်းတာမယ့်တည် နေရာရဲ့ ၁၅ ဒီဂရီ ဝန်းကျင်မှာ အဆောက်အအုံ၊ သစ်ပင်၊ တောင်တန်းတွေ လွတ်ကင်းတဲ့မြေကွင်း၊ ရှင်းလင်းတဲ့ ကောင်းကင်ယံဖြစ်ရမှာ ဖြစ်ပါတယ်။ Offset ဝါး၊ သံကြိုး၊ ပေကြိုးတွေနဲ့ တိုင်းတာဖို့ မလိုပါဘူး" ဟု ၄င်းကပြောသည်။

၁၉၀၆ ခုနှစ်က စတင် တည်ထောင်ခဲ့သော မြေစာရင်းဌာနအနေဖြင့် ထိုစဉ်က သံကြိုးအသုံးပြု၍ လက်ဖြင့်မြေတိုင်းတာခဲ့ရာမှ ခေတ်မီ ကွန်ပျူတာနည်းစနစ်ပါဝင်ပြီး ဂြိုဟ်တုဖြင့် ချိတ်ဆက်တိုင်းတာမည့် ဒစ်ဂျစ်တယ် စနစ်မြေတိုင်းတာခြင်းများကို လက်ရှိ မြေတိုင်းစာရေးများ တတ်မြောက်ကာ တိုင်းတာဆောင်ရွက်လျှင် မြေအရှုပ်အရှင်းပြဿနာများကို ဖြေရှင်းရာတွင် တိကျသောအဖြေရရှိရန် များစွာအထောက်အကူပြုသွားစေမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လယ်ယာမြေ စာရင်းစီမံခန့် ခွဲရေးနှင့်စာရင်းအင်းဦးစီးမှူးထံမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်များ အကြောင်းကြားခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းသတင်းထောက်(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၇)နေရာ၊ အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူး(၉)နေရာ၊ ရုံးအကူ(လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရာထူး(၃၀)နေရာ စုစုပေါင်း(၄၆)နေရာတို့အတွက် လျှောက်ထားသူများအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို နေပြည်တော်၊ အထက(၁၄)(စည်ပင်ဇေယျာ့ရိပ်သာအနီး)တွင် ရေးဖြေစစ်ဆေးခြင်း ဖြေဆိုရမည်ဖြစ်ပါသည်။

**ဖြေဆိုရမည့်နေ့ရက်/အချိန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

| ရာထူး | နေ့ရက် | | အချိန် |
|---|---|---|---|
| အငယ်တန်းစာရေး | ၂၆-၁၁-၂၀၁၆ | နံနက် | ၉နာရီမှ ၁၂နာရီအထိ |
| ရုံးအကူ | ၂၆-၁၁-၂၀၁၆ | မွန်းလွဲ | ၁နာရီမှ ၄နာရီအထိ |
| အငယ်တန်းသတင်းထောက် | ၂၇-၁၁-၂၀၁၆ | နံနက် | ၉နာရီမှ ၁၂နာရီအထိ |

လျှောက်ထားသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၂၃-၁၁-၂၀၁၆ရက်နှင့် ၂၅-၁၁-၂၀၁၆ရက်များတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအတွင်း လာရောက်ထုတ်ယူရန် ဖြစ်ပါသည်။

ဖြေဆိုခွင့်ကတ်များ လာရောက်ထုတ်ယူသည့်အခါ ပညာအရည်အချင်း ထောက်ခံစာမူရင်း၊ မှတ်ပုံတင်မူရင်းများကို ယူဆောင်လာရန်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၂၃၊ ၄၁၂၀၂၈ တို့သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် Cop;er/Toner/Cartige နှင့် ဆက်စပ်ပစ္စည်း(၁၁)မျိုးဝယ်ယူခြင်း၊ ရုံးသုံးစာရေးကိရိယာ(၄၃)မျိုးဝယ်ယူ ရေးနှင့်ရုံးလုပ်ငန်းသုံးပုံစံ(၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ရောင်းချလိုသူများနှင့် လုပ်ငန်း သုံးပုံစံများရိုက်နှိပ်မည့်သူများသည် ၁၀-၁၁-၂၀၁၆ ရက်မှ ၂၉-၁၁-၂၀၁၆ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစား၊ အရေအတွက်နှင့်တင်ဒါစည်း ကမ်းချက်များ၊ ရိုက်နှိပ်မည့်လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့်တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်စီလျှင် ငွေကျပ် ၅၀၀၀(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၁၁-၂၀၁၆ရက် ညနေ ၄:၃၀နာရီတွင် နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ် ဖုန်း-၀၆၇-၄၃၁၀၄၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**

## နေကြယ်မင်း
### အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

**ရန်ကုန် ⇌ နေပြည်တော် ⇌ တပ်ကုန်း ⇌ ရမည်းသင်း ⇌ ပျော်ဘွယ်**

နေကြယ်မင်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမှ ပျော်ဘွယ်မြို့သို့ (၉-၁၁-၂၀၁၆) ရက်နေ့တွင် စတင်၍ ခရီးစဉ် တိုးချဲ့ဖွင့်လှစ် ပြေးဆွဲပြီဖြစ်ကြောင်းကို ခရီးသွားပြည်သူများအား အသိပေးအပ်ပါသည်။

ပျော်ဘွယ်မြို့မှ နေ့စဉ်ယာဉ်ထွက်ချိန် } နံနက် ၇ : ၃၀ နာရီ
နံနက် ၉ : ၃၀ နာရီ
ညနေ ၆ : ၃၀ နာရီ

**ပျော်ဘွယ်ဂိတ် - ၀၉ ၄၄၅၅၉၅၇၄၄**

## မိဘအမည်မှန်

သထုံမြို့နယ်၊ ဝင်းပကျေးရွာ၊ အလကကျောင်း၊ အဋ္ဌမတန်းမှ နန်းခိုင်သဇင်ဦး၏ မိဘအမည်မှန်မှာ ဦးဇော်မင်းထက်နိုင်-ဒေါ်နွယ်နွယ် ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထက်နိုင်-ဒေါ်နွယ်နွယ်**

## မွေးသက္ကရာဇ်အမှန်

ရေကြည်မြို့နယ်၊ သခွတ်ကုန်းအုပ်စု၊ ညောင်ကုန်းကျေးရွာမှ ဦးအောင်ထွန်း၏ သားမောင်အောင်ဇင်ထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၉-၁၉၉၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇန်းမော်မြို့၊ အထက-၂ မှ အထက်တန်းပြဆရာမ ဒေါ်စုစုခိုင် ၁/ရကန(နိုင်)၀၀၈၅၉၉၉၏ ဖခင်ဦးဘိုနီနှင့် ဦးကျော်သိန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘိုနီ(ခ)ဦးကျော်သိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၂၆၅၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှအောင် ၉/မနမ(နိုင်)၁၁၂၅၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၆၅၇၇၇ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ထွန်း ၉/အမရ(နိုင်)၁၂၂၁၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့ ဆယ်လန်ရွာနေ ဦးစိုင်းဆိုင်ခေး ၁၃/မဆတ(နိုင်)၀၄၅၅၈၄၏ ပတ်စ်ပို့ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။

**ဖုန်း-၀၉-၄၅၄၇၄၈၉၉၀**

# တောင်ငူမြို့၌ ဆိုင်ကယ် ကယ်ရီမောင်းသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ



**တောင်ငူ နိုဝင်ဘာ ၈**

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည်ဟု သတင်းရရှိသဖြင့် စောင့်ဆိုင်းကာ ဆိုင်ကယ် ကယ်ရီမောင်းနှင်သူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည်ဟု သတင်းရရှိသဖြင့် တောင်ငူမြို့ (၁၄)ရပ်ကွက် MOB ဘဏ်ရှေ့၌ နိုဝင်ဘာ ၈ ရက် နံနက် ၁ နာရီခွဲက တာဝန်ရှိသူများ သွားရောက်စောင့်ဆိုင်းနေစဉ် ၄ဃ/---- ကန်ဒါဆိုင်ကယ်ကို စီးနင်းလာသူ ဖုန်းနိုင်ဦး (၄၆ နှစ်) ၇ လမ်း (၁၄)ရပ်ကွက်နေသူအား စစ်ဆေးရာ ၎င်း၏လက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆ ပြားတစ်ထုပ်နှင့် ၁၇၀ ပါ တစ်ထုပ်တို့ကို တွေ့ရှိပြီး ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၃ ပြား ထပ်မံတွေ့ရှိ၍ စုစုပေါင်း ၁၉၁၉ ပြား သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ဖုန်းနိုင်ဦးအား တောင်ငူမြို့ အမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## ဥယျာဉ်ခြံအတွင်း အမျိုးသားလူသေအလောင်းတစ်လောင်းတွေ့ရှိ

**ကလိန်အောင် နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ လော့သိုင်းကျေးရွာအုပ်စု လော့သိုင်းကျေးရွာ ရေး-ထားဝယ်သွားကားလမ်းမကြီး မိုင်တိုင်အမှတ်(၇၀/၄) အနီးရှိ လမ်း၏အနောက်ဘက်ဥယျာဉ်ခြံအတွင်း အမျိုးသားလူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

ကလိန်အောင်မြို့ လော့သိုင်းကျေးရွာ ရေး-ထားဝယ် ကားလမ်းမကြီး မိုင်တိုင်အမှတ်(၇၀/၄)အနီးရှိ လမ်း၏အနောက်ဘက် ဦးမျိုးချစ်၏ လူမနေသည့် ဥယျာဉ်ခြံအတွင်း ကားလမ်းနှင့် ပေ ၁၀၀ ခန့်အကွာတွင် လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ ကလိန်အောင်မြို့ နယ်မြေစခန်းမှူး ရဲအုပ်မြစိုးနှင့်အဖွဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကလိန်အောင်မြို့နေ သက်ထွေး (၄၀နှစ်)ဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေး ကလိန်အောင်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အမျိုးသားတစ်ဦး ရထားကြိတ်မိ၍သေဆုံး

**တောင်သာ နိုဝင်ဘာ ၈**

တောင်သာမြို့နယ် မကျီးကုန်းရွာအနီး မိုင်တိုင်အမှတ် (၃၄၈/၁)နှင့်(၃၄၈/၂) ကြား၌ နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက အမျိုးသားတစ်ဦး ရထားကြိတ်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

သာစည်-မြင်းခြံ အဆန်ရထားသည် သာစည်မှ ထွက်ခွာလာစဉ် အဆိုပါနေရာအရောက်၌ သံလမ်းကြားတွင် လူတစ်ယောက် လဲလျောင်းနေသည်ကို ရုတ်တရက်မြင်တွေ့ရ၍ ရထားရပ်တန့်ရန် ကြိုးစားခဲ့သော်လည်း မရတော့ကြောင်း၊ ရထားရဲများက သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ ဆက်သွယ်ပြီး စစ်ဆေးမှုပြုလုပ်ရာ သေဆုံးသူ (စုံစမ်းဆဲ) အသက် ၄၀ နှစ်ခန့်သည် စွပ်ကျယ်အဖြူ၊ လုံချည်နက်ဝါကျားတစ်ထည် ဝတ်ဆင်ထားပြီး ၎င်း၏အနီးမှ ကတ္တီပါဖိနပ်တစ်ရန် တွေ့ရှိခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရုံးစည်ကြီးနယ်မြေရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

## သုံးခွမြို့နယ် ဘန့်ဘွေးကျေးရွာ၌ အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိ

**သုံးခွ နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဘန့်ဘွေးကျေးရွာအရှေ့ကွင်း ဦးမြင့်လွင်တဲအနီး ခရာဆူးတောစပ် အကျယ် ပေ ၅၀၀ အနက်ပေ ၁၀၀ ရှိ မှော်ဝန်းချောင်းထဲ၌ နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိရကြောင်း သိရသည်။

မြို့မရဲစခန်းမှူး ဒုရဲမှူး နိုင်နိုင်ငြိမ်း၊ တာဝန်မှူး ဒုရဲအုပ်နန်းဦးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အသက်(၃၅ နှစ်)ခန့်ရှိ အမည်မသိ(မြန်မာ)အမျိုးသားတစ်ဦးဖြစ်ပြီး မှောက်လျက်အနေအထားဖြင့် ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရဘဲ ရေနစ်သည့်လက္ခဏာဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွ မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# ကမာရွတ်မြို့နယ်၌ အရှိန်မထိန်းနိုင်သောယာဉ်တိုက်၍ လမ်းဘေးတွင် အသုပ်ရောင်းချနေသူတစ်ဦး သေဆုံးခဲ့ရ

ရန်ကုန် နိုဝင်ဘာ ၈

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ နိုဝင်ဘာ ၆ ရက် က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လမ်းဘေးတွင် အသုပ်ရောင်းချနေသူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။**

အဆိုပါနေ့ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း စိုင်းနန္ဒရွှေ (၂၀နှစ်) လှိုင်မြို့နယ်နေသူ မောင်းနှင်လာသော မတ်တူးဆလွန်း နက်/ပြာ (ပိုင်) ယာဉ်အမှတ် 9D/---- သည် တက္ကသိုလ်ဓမ္မာရုံပေါက်ရှေ့ အလွန်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးပလက်ဖောင်းပေါ်သို့ တက်ရောက်ကာ ဆက်သွယ်ရေးတိုင်အား တိုက်မိပြီးနောက် လမ်းလျှောက်သွားနေသူနှင့် လမ်းဘေးဈေးဆိုင်အား တိုက်မိခဲ့သဖြင့် ယာဉ်နှင့် ဆက်သွယ်ရေးတိုင် ပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် မချိုချိုမြင့်(လမ်းသွားသူ)၊ ကိုညီညီလွင် (လမ်းသွားသူ)၊ ကိုမျိုးလွင်(အသုပ်ရောင်းသူ)၊ မကေသွယ်မြင့် (၈ နှစ်) (အသုပ်စားနေသူ)နှင့် မစုစုလွင်(၉ နှစ်)(အသုပ်စားနေသူ)တို့ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ယာဉ်၊ ဆက်သွယ်ရေးတိုင်နှင့် လူများ ဒဏ်ရာရရှိသောကြောင့် ယာဉ်မောင်းအား အမှုဖြင့် ဖမ်းဆီးထားစဉ် ကိုမျိုးလွင်(၂၃နှစ်)မှာ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားသဖြင့် ကမာရွတ်မြို့မရဲစခန်းက မူလဖွင့်လှစ်ထားသော ပုဒ်မ ၃၃၈၊ ၃၃၇၊ ၂၇၉ အစား နိုဝင်ဘာ ၇ ရက်တွင် ပုဒ်မ ၃၀၄(က)၊ ၃၃၇၊ ၃၃၈၊ ၂၇၉ အမှုဖြင့် တရားစွဲဆိုတင်ပို့နိုင်ရေးအတွက် အမှတ်(၇) ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်အနောက်) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် ဇော်ဝေလင်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**





# စာဖတ်သူများပြားလှသော တရုတ်နိုင်ငံက စာကြည့်တိုက်များမှအပြန်

*ယမန်နေ့မှအဆက်*

## ဒေါက်တာ နန္ဒာမွန်း . . . .

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစာကြည့်တိုက်၏ အဓိကလုပ်ငန်းစဉ်များမှာ - ပြည်တွင်း ပြည်ပထုတ်စာအုပ်များစုဆောင်းခြင်းနှင့် ဗဟိုအစိုးရ၊ အခြားအစိုးရအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအား ရည်ညွှန်းဝန်ဆောင်မှုပေးခြင်း၊ စာကြည့်တိုက်ပညာကို သုတေသနပြုခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အခြားသော စာကြည့်တိုက်များကို လမ်းညွှန်မှုပေးခြင်း၊ တရုတ်နိုင်ငံနှင့် နိုင်ငံရပ်ခြားရှိ စာကြည့်တိုက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စာကြည့်တိုက်များသည် အထိမ်းအမှတ်ပြခန်းများ ပြုလုပ်ထားရှိ၍ ရှေးဟောင်းစာပေယဉ်ကျေးမှုကို အလေးထားပြသထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ပြည်နယ်စာကြည့်တိုက်များသည် **အခမဲ့စာကြည့်တိုက်များဖြစ်ပြီး** စာကြည့်တိုက်အဆောက်အအုံများကို ပြည်နယ်၏အချက်အချာဒေသများတွင် ဆောက်လုပ်ထားကာ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရပ်တည်ဆောင်ရွက်သည်ကို တွေ့ရပါသည်။

ပြည်နယ်စာကြည့်တိုက်များသည် ပြည်သူလူထုစာကြည့်တိုက် အသုံးပြုနိုင်ရေး၊ စာဖတ်သူတိုးပွားရေးအတွက် ပြည်သူ့စာကြည့်တိုက်အသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စာကြည့်တိုက်များသည် ရှေးဟောင်းစာပေများကို စနစ်တကျစုဆောင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အများပြည်သူ ဖတ်ရှုနိုင်ရန်၊ သုတေသနပြုလုပ်နိုင်ရန် ပံ့ပိုးကူညီပေးသည်ကို တွေ့ရပါသည်။

ပြည်နယ်စာကြည့်တိုက်များသည် အမျိုးသားစာကြည့်တိုက်၏ ဦးဆောင်မှုအောက်တွင် Digitization ပြုလုပ်ခြင်းနှင့် e-book အဖြစ်ဆောင်ရွက်ခြင်း၊ ပြည်နယ်အတွင်းထွက်ရှိသမျှ စာအုပ်စာတမ်းများကို ထိန်းသိမ်းထားရှိခြင်း၊ သက်ဆိုင်ရာပြည်နယ်အလိုက် အထိမ်းအမှတ်ပြခန်းများထားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ယူနန်တက္ကသိုလ် စာကြည့်တိုက်ကို လေ့လာခဲ့ရာတွင် ယူနန်တက္ကသိုလ် စာကြည့်တိုက်သည် ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ ယူနန်ပြည်နယ်အတွင်းရှိ ဒေသထုတ်စာအုပ်စာတမ်းများ၊ တိုင်းရင်းသားလူမျိုးစုဆိုင်ရာ စာစုများအပြင် ရှေးဟောင်းစာအုပ်ပေါင်း နှစ်သိန်းခန့် စုဆောင်းထားရှိပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သုတေသီများအတွက် သုတေသနပြုခြင်း၊ စာဖတ်ဝန်ဆောင်မှုပေးခြင်း၊ စာသင်ကြားခြင်း၊ ဟောပြောပွဲများ ပြုလုပ်ပေးနေသည်ကို လေ့လာတွေ့ရှိရပါသည်။

လေ့လာရေးခရီးစဉ်ကို သုံးသပ်ရသော် တရုတ်ပြည်ရှိ စာကြည့်တိုက်အမျိုးအစားများဖြစ်သော အမျိုးသားစာကြည့်တိုက်၊ ပြည်နယ်စာကြည့်တိုက်နှင့် တက္ကသိုလ်စာကြည့်တိုက်ဟူ၍ စာကြည့်တိုက်အမျိုးအစားသုံးမျိုးကို လေ့လာခဲ့ပါသည်။ အမျိုးသားစာကြည့်တိုက်များသည် နိုင်ငံ



ချန်တူးမြို့ရှိ စီချွမ်ပြည်နယ်စာကြည့်တိုက်

တော်၏ ပြယုဂ်ဖြစ်သည့်အပြင် နိုင်ငံတော်၏ စာပေယဉ်ကျေးမှုကို ထိန်းသိမ်းသည့်ဌာနဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစာကြည့်တိုက်သည် စာပေယဉ်ကျေးမှုကို စနစ်တကျ ထိန်းသိမ်းထားရှိကာ တစ်နိုင်ငံလုံး၏ စာကြည့်တိုက်စနစ်၊ စာပေပစ္စည်း ပြုပြင်ထိန်းသိမ်းရေး၊ digitization project၊ e-library project များအတွက် ပံ့ပိုးကူညီမှုများပြုလုပ်၍ နိုင်ငံ၏ ဦးဆောင် စာကြည့်တိုက်အဖြစ် ရပ်တည်လျက်ရှိသည်ကို တွေ့ရပါသည်။

ပြည်နယ်စာကြည့်တိုက်များသည် ပြည်နယ်၏ ရှေးဟောင်း စာပေလက်ရာများကို စုဆောင်းခြင်း၊ စနစ်တကျ ထိန်းသိမ်းခြင်း၊ ပြည်နယ်အတွင်း ထွက်ရှိသော စာအုပ်စာတမ်းများကို စုဆောင်းထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများ စာပေဗဟုသုတ တိုးပွားရေး၊ ခေတ်မီနည်းစနစ်များနှင့် ရင်းနှီးကျွမ်းဝင်ရေး စီမံဆောင်ရွက်ခြင်း၊ ပြည်နယ်ဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများ၊ ပြပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ပြည်နယ်စာကြည့်တိုက်များသည် ပြည်သူ့စာကြည့်တိုက်များအဖြစ် ရပ်တည် ဆောင်ရွက်လျက် ရှိကြောင်းတွေ့ရှိရပါသည်။

တက္ကသိုလ်စာကြည့်တိုက်အနေဖြင့် ယူနန်တက္ကသိုလ်စာကြည့်တိုက်ကိုလေ့လာခဲ့ရာ ယူနန်တက္ကသိုလ်စာကြည့်တိုက်သည် ဘာသာရပ်ဆိုင်ရာစာအုပ်များအပြင် ပြည်နယ်အတွင်းရှိ ဒေသထုတ်စာအုပ်စာတမ်းများ၊ တိုင်းရင်းသားလူမျိုးစုဆိုင်ရာ စာစုများ၊ ရှေးဟောင်းစာအုပ်များ စုဆောင်းထားရှိပြီး ဝန်ဆောင်မှုပေးလျက်ရှိရာ စာသင်ကြားရေးနှင့် သုတေသနလုပ်ငန်းများအတွက် များစွာအထောက်အကူပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

အချုပ်အားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စာကြည့်တိုက်များသည် သက်ဆိုင်ရာစာကြည့်တိုက် အမျိုးအစားအလိုက် လူအင်အား၊ ငွေအင်အား၊ နည်းပညာ၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နိဂုံးချုပ်အားဖြင့် ဤခရီးစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစာကြည့်တိုက်နှင့် ပြည်နယ်စာကြည့်တိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များကိုပါ လေ့လာခွင့်ရရှိသည့်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ပါသည်။ ထို့အပြင် ခရီးစဉ်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စာကြည့်တိုက်များနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် အဓိကထား၍ နှစ်ဦးနှစ်ဖက်ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့အပြင် စာပေထိန်းသိမ်းရေး လုပ်ငန်းများအတွက် နည်းပညာဖလှယ်ရေးနှင့် စာကြည့်တိုက်များအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများစွာကိုပါ တည်ဆောက်နိုင်ခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စာကြည့်တိုက်များသည် ရှေးဟောင်းစာပေများကို စနစ်တကျစုဆောင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အများပြည်သူ ဖတ်ရှုနိုင်ရန်၊ သုတေသနပြုလုပ်နိုင်ရန် ပံ့ပိုးကူညီပေးသည်ကိုတွေ့ရ**

## မိတ္ထီလာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းမှ စစ်ကျန်ဗုံးသီးဟောင်းများတွေ့ရှိ

**မိတ္ထီလာ နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် အတွင်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ နိုဝင်ဘာ ၆ ရက်က စစ်ကျန်ဗုံးသီးဟောင်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဝင်းအတွင်း၌ နေထိုင်သည့် မောင်ရဲဝင်းအောင်(၂၀နှစ်) နှင့်အတူ ၎င်း၏ညီဝမ်းကွဲ တော်စပ်သူ မောင်ကောင်းခန့်သူ (၁၃နှစ်) အဋ္ဌမတန်းကျောင်းသားတို့သည် သူငယ်ချင်းများနှင့်အတူ ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းသို့ ဘောလုံးကန်ရန် လာရောက်စဉ် သေတ္တာသံကိုင်းခလုတ်အားတိုက်မိသဖြင့် တူးဖော်ကြည့်ရှုရာ သေတ္တာနှစ်လုံး တွေ့ရှိခဲ့ကြောင်းနှင့် ယင်းတွေ့ရှိသည့် သေတ္တာနှစ်လုံးအား ဖွင့်ဖောက်ကြည့်ရာ သေတ္တာများအတွင်းမှ အချင်း ငါးလက်မ၊ အလျား တစ်ပေခန့်ရှိ ဒလက်ပါ စစ်ကျန်ဗုံးသီးဟောင်း သေတ္တာတစ်လုံးလျှင် ငါးလုံးခန့် စုစုပေါင်း ၁၀ လုံးကို တွေ့ရှိခဲ့သဖြင့် ကျောင်းစောင့်ဖြစ်သူ ဦးမြင့်ဦး(၄၉ နှစ်)က အမှတ်(၂)ရဲစခန်းသို့ အကြောင်းကြားရာ ရဲအုပ်သတိုးနှင့် တပ်ဖွဲ့ဝင်များက လာရောက်သိမ်းဆည်းခဲ့ပြီး နယ်မြေခံတပ်မှ ဗိုလ်ကြီး ထိုက်အောင်ထံသို့ စနစ်တကျလွှဲပြောင်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## (၁၈)ကြိမ်မြောက် ငွေလှုရတနာအဘိဓမ္မာသင်တန်းသားများ သွေးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၂)ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ အင်းလျားရွာသစ်ကျောင်းတိုက်တွင် (၁၈) ကြိမ်မြောက် ငွေလှုရတနာ အဘိဓမ္မာ သင်တန်းသားများ၏ ဒါနဉပပါရမီ သွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပရာ အဘိဓမ္မာသင်တန်းမှ သင်တန်းသား သင်တန်းသူများအပြင် ပြင်ပမှ သွေးလှူရှင်များပါ လာရောက်လှူဒါန်းခဲ့ရာ သွေးလှူရှင်ပေါင်း ၂၁၂ ဦး လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် မျက်ကြည်လွှာ အလှူရှင် ၂၈ ဦးနှင့် ကိုယ်ခန္ဓာလှူဒါန်းသူ ၂၁ ဦးရှိကြောင်း သင်တန်းတာဝန်ခံ ဦးအေးလွင်က ပြောသည်။ သွေးလှူဒါန်းမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ ဒေါက်တာသန့်ဇင်မင်းနှင့် ဆရာဝန်များ၊ ဆရာမများက လာရောက်လက်ခံယူခဲ့ကြကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

## ပွင့်ဖြူမြို့၌ လျှော်ဒဏ်သင့် ပျံကျဈေးရုံကြီး ပြန်လည်တည်ဆောက်ပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ လျှော်ဒဏ်သင့်ပျံကျဈေးရုံကြီးကို အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ နိုဝင်ဘာ ၄ ရက်က ရာခိုင်နှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ ယင်းပျံကျဈေးရုံကြီးသည် ဩဂုတ်လက လျှော်လှုပ်ခတ်ခဲ့မှုကြောင့် ပြိုကျပျက်စီးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းနောက် ပျံကျဈေးရုံတည်ဆောက်မှုလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဌေးတို့က ကြီးကြပ်ကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ပျံကျဈေးကြီးကို ၂၀၁၆-၂၀၁၇ စည်ပင်သာယာရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေ ၂၄ ဒသမ ၀၉၉ သန်းကုန်ကျခဲ့ကြောင်း သိရသည်။ ဈေးရုံကြီးပြီးစီးပြီဖြစ်သဖြင့် ပျံကျဈေးသည်များ၊ ဈေးဝယ်သူပြည်သူအများ စိတ်အေးချမ်းသာစွာ ရောင်းဝယ်နိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။ **ပွင့်ဖြူ-ခင်မောင်ဌေး**

## မိုးစပါးကြမ်းအသစ်ဈေးနှုန်း ပြန်လည်မြင့်တက်လာ

**ရန်ကုန် နိုဝင်ဘာ ၈**

ယခုနှစ်မိုးစပါးကြမ်း (အသစ်)ဈေးနှုန်းများ တင်းတစ်ရာလျှင် ငွေကျပ် ၃၅၀၀၀၀ ဝန်းကျင်သို့ ကျဆင်းလာသည့်အတွက် သက်ဆိုင်ရာမှ စပါးစိုက်ပျိုးထုတ်လုပ်သူများ ထုတ်လုပ်မှုစရိတ်ကာမိရေး၊ စပါးဈေးနှုန်း ထပ်မံမကျဆင်းရေးအတွက် စီစဉ်ဆောင်ရွက်မှုသတင်းများ ယခုအပတ်အတွင်း ထွက်ပေါ်လာသည်။

ယခင်က စပါးများပြည်ပသို့ တင်ပို့ခွင့်မပြုခဲ့သော်လည်း တောင်သူများထုတ်လုပ်မှုသက်သာစေရန်အတွက် နိုဝင်ဘာလတွင် ယာယီအစီအစဉ်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ နယ်များတွင်လည်း စပါးဈေးနှုန်းကျဆင်းနေမှုကြောင့် စပါးရောင်းချသူနည်းနေပြီး စပါးဈေးနှုန်းပြန်လည်မြင့်တက်လာသည်ဟု ကျောက်တန်းမြို့မှ ဆန်စက်လုပ်ငန်းလုပ်ကိုင်နေသူ ဦးစန်းအောင်ထံမှ သိရသည်။ သီးထပ်၊ သုခစပါး တင်းတစ်ရာလျှင် အစိုဓာတ်ရှိချိန် စပါးတစ်တင်းလျှင် ၅၅ ပေါင်နှုန်းဖြင့် တင်းတစ်ရာလျှင် ငွေကျပ် ၃၆၀၀၀၀ နှုန်း အောက်တိုဘာလနောက်ဆုံးပတ်အတွင်း ဝယ်ယူခဲ့ရသည်။ နိုဝင်ဘာလဆန်းတွင်မူ စပါးတစ်တင်း ၅၂ ½ ပေါင်နှုန်းဖြင့် ငွေကျပ် ၄၂၀၀၀၀ နှုန်း ဝယ်ယူရာမှ နိုဝင်ဘာ ၆ ရက်တွင် ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် ဝယ်ယူရသည်။ ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် ဝယ်ယူရာတွင် စပါးခြောက်သည့်အတွက် စပါးတစ်တင်းလျှင် ပေါင် ၅၀ နှုန်းဖြင့် ချိန်တွယ်ဝယ်ယူသည်ဟု သိရသည်။

မိုးစပါးကြမ်း (အသစ်)များ ကြိတ်ခွဲ၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရာတွင် ယခင်ရက်ပိုင်းထက် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ဈေးပိုရလာသည်။ ယခုရက်သီးထပ်သုခဆန်သစ်တစ်အိတ်လျှင် ထိပ်စ ငွေကျပ် ၁၆၀၀၀ နှုန်း ရှိလာသည်။ ယခင်နှစ်မိုးစပါးကြမ်းအသစ် ဈေးနှုန်းမှာငွေကျပ်ငါးသိန်းဝန်းကျင်ရှိပြီး ဆန်ဈေးမှာလည်း တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ဝန်းကျင်ရှိခဲ့သည်။ ယခုနှစ်ထွက် မိုးစပါးကြမ်း ဈေးနှုန်းများပြန်လည်မြင့်တက်စပြုလာသဖြင့် တောင်သူလယ်သမားများအတွက် သတင်းကောင်းဖြစ်သည်။

**ခင်ဆိုင်**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# မြောက်ဥယျာဉ်တော်က မြစ်ဖျားခံ၍

**ဆူးငှက်**

မွန်းလွဲပြီးမှသာ မြို့ထဲထွက်ပြီး အလုပ်တာဝန်ရှိရာ ရောက်သူအဖို့ မနက်ပိုင်း လက်ဖက်ရည်ချိန်များကို နန်းရှေ့ ၁၉ လမ်းမကြီးပေါ်က ဆိုင်တွေမှာပဲ ကုန်ဆုံးလေ့ရှိသည်။ များသောအားဖြင့် ရေနီမြောင်းနှင့် မလှမ်းမကမ်းက ကြိုင်သင်းလက်ဖက်ရည်ဆိုင်မှာပဲပေါ့။ တစ်ခါတစ်ရံတော့ အောင်ပင်လယ်ကန်ပေါင်ရိုးလမ်းမကြီးအောက်က သစ်ရိပ်၊ ရေရိပ်၊ အေးရိပ်အပြည့်နဲ့ မိသားစုလက်ဖက်ရည်ဆိုင်လေးမှာ ကောက်ညှင်းပေါင်းနဲ့အကြော်စာရင်း ရေနွေးကြမ်းပူပူလေး သောက်ဖို့ ရောက်နေတတ်ပြန်သည်။

နန်းရှေ့ ကြိုင်သင်းလက်ဖက်ရည်ဆိုင်မှာတော့ ဟိုရှေးယခင်ကတည်းက ပင်တိုင်ထိုင်တတ်သော နန်းရှေ့သား နန်းဦးလွှင်သား အနုပညာရှင်များ၊ အနုပညာချစ်သူများ အမြဲလိုလို ရှိနေပါသည်။ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒါရိုက်တာကဲသာ(တွတ်တွတ်)ရှိနေတတ်သည်။ ကဗျာဆရာ ဥယျာဉ်ခြံစိုက်ပျိုးသူ မောင်ဘိုသိန်း ရှိနေတတ်သည်။ ဇာတ်သဘင်ဆက်တင်ပညာရှင် ဦးကျော်ရှိန် ရှိနေတတ်သည်။ အနုပညာချစ်သူ ရှေ့နေဦးချစ်ညီညီ ရှိနေတတ်သည်။ မြို့မလက်ဟောင်းအဆိုတော် ထိပ်တင်ဆန်း ရှိနေတတ်သည်။ ဒီဝိုင်းမှာ အခြားပန်းချီ ဆရာများ၊ ဂီတပညာရှင်များ၊ ပန်းတျာနည်းပြများလည်း ရောက်လာတတ်၏။ တစ်ခါတစ်ရံ ပြဇာတ်ဒါရိုက်တာ ဆရာမောင်ယဉ်အောင်ကိုလည်း တွေ့ရတတ်သည်။

ဆရာမောင်ယဉ်အောင် ရောက်လာပြီဆိုရင် သူ့အတွေ့အကြုံ၊ သူ့အပြော၊ သူ့ဟာသတွေက တစ်ဝိုင်းလုံးကို ထိန်းထားနိုင်သောကြောင့် နန်းရှေ့ဈေးမနက်စာအတွက် ဈေးဝယ်ထွက်ရင်း ခဏတစ်ဖြုတ် လက်ဖက်ရည်ဝင်သောက်မိသော ကျွန်တော်တို့ဇနီးမောင်နှံလည်း နန်းရှေ့ဈေးမရောက်တော့ဘဲ ဆရာမောင်ယဉ်အောင်ပြဇာတ်တွေထဲက နစ်မျောနေရာမှ ကမန်းကတန်းထပြန်ပြေးရပြီး မနက်စာစားဖို့ လည်တဆန့်ဆန့်ဖြစ်နေရှာသော သားတွေကို လက်ဖက်သုပ်လေးတစ်ထုပ်နဲ့ မျက်နှာချိုသွေးရတော့သည်။

ဟော ၅၈ လမ်း အနောက်နား ၁၉ လမ်းဘေးက စိုးမိုးလက်ဖက်ရည်ဆိုင်မှာတော့ ဂီတသင်္ကေတပညာရှင် စန္ဒရားဆရာဘိုဆေးပေါ့လိပ်လက်ကြားညှပ်လျက် ဆိုင်အတွင်းခုံရှည်မှာ တွေ့ရတတ်ပြန်၏။ ဆရာက သူ၏ရှည်လျားသော ဆံပင်ကိုသပ်ရပ်စွာဖြင့် နောက်သို့ လှန်ဖြီးထားသည်။ ခုံရှည်ပေါ်တွင် ဘယ်ခြေပေါ် ညာခြေတင်ကာ ကျုံ့ကျုံ့လေးထိုင်၏။ စတစ်ကော်လံနှင့် အင်္ကျီလက်ရှည်အဖြူကို အမြဲဝတ်လေ့ရှိကာ အင်္ကျီအိတ်ထဲတွင် ဆေးပေါ့လိပ် တစ်လိပ်စနှစ်လိပ်စလည်း ထိုးထိုးထောင်ထောင်အမြဲရှိနေတတ်ပါသည်။ ကမ္ဘာ့ဂီတနှင့် ကမ္ဘာသုံးသင်္ကေတ နည်းပညာကို ချောက်ချောက်ချားချား တတ်မြောက်သူသည် ပီဘိမြန်မာကြီးတစ်ယောက်ပုံစံဖြစ်၏။ ဆရာဘို ဆံပင်ဖြီးတင်ထားပုံကလည်း ရှေ့တည့်တည့်မှ ကြည့်လျှင် ယောင်ထုံးထားသည့် ရှေးဗမာကြီးတစ်ယောက်နှင့် ပို၍တူသေးတော့။ ထိုစားပွဲတွင် ဂီတပညာရှင် မြို့မဦးရွှန်းမြိုင်ကိုလည်း တွေ့ရပါသည်။ ဆရာမြို့မငြိမ်း၏သားဖြစ်သူ ဦးရွှန်းမြိုင်သည် သူ့ဖခင်မက်ခဲ့သော ဆင်ဖိုနီအိပ်မက်ကို ထွေးထွေးပိုက်ပိုက် ဆက်မက်နေ၏။ သူသည် စိုးမိုးလက်ဖက်ရည်ဆိုင်မှာ သို့မဟုတ် ၂၁ လမ်းနှင့် ၈၆ လမ်းထောင့် မြို့မအသင်းတိုက်၏ ရုံးခန်းလေးထဲမှာ မရောက်ဖြစ်သော အချိန်တိုင်းလိုလိုကိုမူ ရေစစ်ကန်ထိပ်သူ့အိမ်ထဲရှိ စန္ဒရားခလုတ်များနှင့် ကွန်ပျူတာခလုတ်များဆီ လူးလာခေါက်တုံ့ ကူးသန်းကာ ကွန်ပျူတာမှတ်ဉာဏ်ထဲသို့ သံစဉ်များကို ပဲပင်ပေါက်သင်္ကေတများဖြင့် ထည့်သွင်းနေတတ်သူဖြစ်သည်။

ဟော မုန်တိုင်ဇရပ်နားက တမ်းတလက်ဖက်ရည်ဆိုင်တွင်မူ အနုပညာဖြင့် အမြဲပေါက်ကွဲနေတတ်သည့် ပန်းချီဦးဘိုစော ရှိတတ်သည်။ မြို့မတယောပညာရှင် ကိုခင်မောင်စိုး ရှိတတ်သည်။ နှစ်ယောက်စလုံးက အမြဲလိုလို အနုပညာဖြစ်တင်းကျပ် (သို့မဟုတ်) အနုပညာများ ပေါက်ကွဲနေကြသူချည်းဖြစ်၏။ ထိုဆရာနှစ်ယောက်၏ အနုပညာပေါက်ကွဲမှုများကို အားမလိုအားမရစွာဖြင့် ဆရာပိုင်စိုးဝေလည်း ရောက်လာတတ်သေးသည်။ ဆရာပိုင်စိုးဝေကား ဂင်္ဂါငါးနှင့် ယမုံနာငါး အလှပြိုင်ပွဲတွင် ခုံသမာဓိပြုလုပ်သော ဦးရွှေလိပ်မဟုတ်သော်ငြား စကားလုံးတွေ၊ အယူအဆတွေ ပြင်းထန်လာလေတိုင်း သူ၏လက်သုံးစကားလုံးငါးလုံး ဝရဇိန်လက်နက်ဖြင့် ဖြိုခွင်းလိုက်လျှင် အားလုံးငြိမ်သက် ပြီးဆုံးရသည်ချည်းဖြစ်၏။ "အရေးမပါတာ" ဟူသော ပိုင်စိုးဝေအသံကြားလျှင် ထိုဝိုင်း၏စံချိန်က စိုးရိမ်ရေမှတ်ရောက်နေပေပြီ။

နန်းတော်ရှေ့၏ အမှတ်အသားတစ်ခုဖြစ်သော ဆရာပိုင်စိုးဝေသည် တစ်ခါတစ်ရံ " ပုသိမ်ကြီးမြို့နယ်မှ ကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်ကြီး၏ မလှမ်းမကမ်း ရေနီမြောင်းကမ်းနဖူးရှိ ဝတ္ထုတို ဆရာမောင်သာမန်၏ ကွမ်းယာဆိုင်သို့လည်း စောစောစီးစီးရောက်နေတတ်ပါသည်။ ဆရာ မောင်သာမန်နှင့် ဆရာပိုင်စိုးဝေသည် ကဗျာဆရာ အုန်းမြင့်လှိုင်၏ ကဗျာများအကြောင်းလည်း ပြောဆိုဆွေးနွေးတတ်ပါ၏။

သည်ဆရာတွေ၊ သည်နေရာတွေက နန်းရှေ့လမ်းမကြီး အရှေ့ခြမ်းပေါ်မှာပဲဖြစ်သည်။ ဟိုးအနောက်ခြမ်းမှာက ဓာတ်ပုံပညာရှင် ဆရာညောင်ဦးသန်းဋ္ဌေးရှိသည်။ ဝတ္ထုဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)ရှိသေးသည်။ ကဗျာဆရာ မောင်ကြည်သာ (တောင်တွင်း)ရှိသေးသည်။

ကျွန်တော်သည် နန်းရှေ့ မုန်တိုင်ဇရပ်အရှေ့ခြမ်းမှာပင် နန်းရှေ့လမ်းမကြီးပေါ်ရှိ လက်ဖက်ရည်ဆိုင် အသီးသီး၌ အသကအသကရှိနေကြသော အနုပညာရှင်များစွာကို မြင်တွေ့ရသော အခါ မန္တလေး၏ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်၏ လက်ဖက်ရည်စားပွဲများဆီမှ ပေါက်ကွဲလွင့်စဉ်လာသော အနုပညာအပိုင်းအစအချို့ကို ပြန်လည်သတိရနေမိသည် ဟူလို။ အထူးသဖြင့် စာပေအနုပညာ။

တကယ်တော့ မန္တလေးသည် တစ်ချိန်က စာနယ်ဇင်းထုတ်ဝေမှု ရေခံမြေခံ အားကောင်းမောင်းသန်ခဲ့ရာ ဘူမိနက်သန် ဖြစ်ခဲ့ဖူးပါသည်။ လက်လှမ်းမီသလောက် ပြောရလျှင်ပင် ၁၈၇၄ ခုနှစ်က ရတနာပုံနေပြည်တော် သတင်းစာ၊ ၁၈၉၆ ခုနှစ်က မန္တလေးတိုင်း သတင်းစာ၊ ၁၈၉၉ ခုနှစ်က အထက်ဗမာ (မြန်မာ) ပြည်ဂေဇက်၊ ၁၉၀၀ ပြည့်နှစ်က ဗမာ့(မြန်မာ့)တာရာသတင်းစာ၊ ၁၉၀၃ ခုနှစ်က မြန်မာ့ဟိတကာရီသတင်းစာ၊ ၁၉၀၇ ခုနှစ်က ဘားမား(မြန်မာ) ခရစ်တစ် သတင်းစာ၊ ၁၉၁၁ ခုနှစ်က ရတနာပုံမဂ္ဂဇိန်၊ ၁၉၁၇ ခုနှစ်က စီပီမဂ္ဂဇင်း၊ ၁၉၂၀ ပြည့်နှစ်က တိုင်းချစ်သတင်းစာ၊ ၁၉၂၁ ခုနှစ်က နေပြည်တော်ဂျာနယ်နဲ့ ဟုမ္မရူးသတင်းစာ၊ ၁၉၂၂ ခုနှစ်က ရှေ့သွားခေါင်းဆောင်သတင်းစာ၊ ၁၉၂၇ ခုနှစ်မှာ မန္တလေးသူရိယနဲ့ မြန်မာ့ဦးစွန်း၊ ၁၉၄၀ ပြည့်နှစ်မှာ ကြီးပွားရေးဂျာနယ်၊ ၁၉၄၅ ခုနှစ်မှာ လူထုဂျာနယ်၊ ၁၉၄၆ ခုနှစ်မှာ လူထုသတင်းစာ၊ ပဟိုရ်စည်သတင်းစာ၊ ၁၉၅၀ ပြည့်နှစ်မှာ မန်းခေတ်သတင်းစာ၊ ၁၉၅၀ ပြည့်နှစ်မှာ မြန်မာ့လမ်းစဉ်၊ ရွှေမန်းစာဆိုစာစောင်၊ ရွှေမန်းအောင်စည်တော်နဲ့ ရွှေမန်းပြည်ကျော်၊ ၁၉၆၅ ခုနှစ်မှာ မန္တလာစာစောင်၊ ၁၉၆၆ ခုနှစ်မှာ တိမ်ကြားမင်းခေါင် ဦးစီးထုတ်ဝေခဲ့တဲ့ မန္တလေးဂျာနယ်စသော သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများ အပြိုင်းအရိုင်းဆိုသလို ဆက်တိုက်ထုတ်ဝေခဲ့ဖူးပါ၏။

ထိုသည်တို့ကား ခရစ်နှစ် ၁၈၆၄ ခုနှစ်တွင် မင်းတုန်းမင်းကြီးအမှာတော်အရ ဗရင်ဂျီဘုန်းတော်ကြီး ဘီဂန်ဒတ်က မြန်မာပုံနှိပ်စက်တစ်လုံး ဆက်သလာ၏။ ယင်းစာပုံနှိပ်စက်ကို ရတနာပုံနန်းမြို့ မြောက်ဥယျာဉ်တော်အတွင်း ထားရှိပြီး နောင်အချိန်တွင် ဝက်မစွတ်မြို့စား ဝန်ထောက်တော်မင်းကြီး မင်းထင်မဟာစည်သူဟု ထင်ရှားလာမည့် ဦးလတ်အပါအဝင် လူငယ်များက စာပုံနှိပ်အတတ်ပညာကို သင်ကြားတတ်မြောက်ကြရာမှ ဝက်မစွတ်မြို့စား ဝန်ထောက်မင်းကြီး မင်းထင် မဟာစည်သူနောက် အမှာတော်ရေးမင်း ဦးသာအောင်၊ ထို့နောက် ဝန်စာရေးကြီး ဦးကြွယ်တို့အထိ အဆက်ဆက်ကြီးကြပ်ကာ စာအုပ်စာတမ်းရိုက်နှိပ်ထုတ်ဝေမှုလုပ်ငန်းသည် ထီးနန်းကနက် ပျက်သုဉ်းသည့်နောက်ပိုင်း၌ မြဝတီဦးမောင်ကလေး၊ မြန်မာ့တာရာ ဦးညွန့်၊ စီပီဦးခင်မောင်၊ မန္တလာဘုမ္မိဦးမောင်မောင်ဆင် စသူတို့သည် အညွန့်အတက် အခက်အလက်များဖြင့် ပေါက်ဖွားစည်ပင်ခဲ့သော မန္တလေး၌ ရှင်သန်ခဲ့ပါသည်။ ဤသို့ စာပေလုပ်ငန်းများ ဖွံ့ဖြိုးအားကောင်းရှင်သန်ခြင်းကြောင့် မန္တလေး၌ စာပေအနုပညာရှင်များလည်း ကုံလုံကြွယ်ဝခဲ့သည်။ ထိုခေတ် ထိုကာလက မန္တလေးစာရေးဆရာများ ဘာတွေရေးခဲ့ကြသနည်း။ စာအုပ်စာတမ်းနှင့် ဆောင်းပါးဝတ္ထု၊ ကဗျာများကိုကြည့်ကာ ဘဝ၊ ရသ၊ အတတ်ပညာ၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အမျိုးမျိုးသော စာတိုင်များခွဲသော်ငြား တကယ်တမ်းမူ ရေးသားသည့် ဦးတည်ချက်အရ နှစ်မျိုးနှစ်စားသာ ရှိမည်မှာလည်း သေချာပါသည်။ သူ့ကျွန်ဘဝ ရောက်ရှိစဉ်ကာလ အမျိုးသားလွတ်လပ်ရေးအတွက် အားကုန်ဆင်နွှဲနေသော ကာလမို့ အအုပ်စိုးခံ မြန်မာပြည်သူများဆန္ဒနှင့်တစ်ထပ်တည်းကျနေတဲ့ဘက်လား၊ သို့မဟုတ် ဖိမဟဲ့ နှိပ်မဟဲ့ မော်မဟဲ့ မြိန့်မဟဲ့ ဟူသော အုပ်ချုပ်မင်းလုပ်သူ ဘက်လား။ ဒီနှစ်မျိုးပဲရှိပေမည်။

ထိုစဉ်ကာလများတွင် မန္တလေးမှာက စာနယ်ဇင်းလုပ်ငန်းများအရှိန်အဟုန်ကောင်းနေ၏။ ထို့ကြောင့် စာနယ်ဇင်းနှင့် ပတ်သက်သော ပင်မထုတ်လုပ်သူ ဉာဏလုပ်သား စာရေးဆရာများသည်လည်း မည်မျှများပြားပါစေ၊ ဖော်ပြပါ နှစ်မျိုးနှစ်စားပဲခွဲခြားနိုင်မှာ သေချာပါသည်။ ထို့အတူထိုကာလတွင် မန္တလေး၌ ငြိမ်းချမ်းသာယာရေးဆီ ဦးတည်ကာ အများစု လူတန်းစားကို ကိုယ်စားပြုသောစာပေအသိုင်းအဝိုင်းကပဲ စုစည်းညီညွတ်စွာဖြင့် စာပေလုပ်ငန်းများကို အရှိန်အဟုန်ကောင်းစွာဖြင့် လုပ်ဆောင်နိုင်ခဲ့ကြသည်မှာလည်း သမိုင်းသက်သေထူနိုင်ခဲ့ပေပြီ။ ညီညွတ်စွာဖြင့် အထက်ဗမာ (မြန်မာ)နိုင်ငံ စာရေးဆရာအသင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ ညီညွတ်စွာဖြင့် စာပေဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ စာပေအထိမ်းအမှတ်ပွဲများ ဆင်နွှဲခဲ့သည်။ ညီညွတ်စွာဖြင့် လူအများစုဘဝထဲ စိမ့်ဝင်ပေါင်းစည်းကာ စာပေလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့ကြသည်။

၁၉၆၀, ၆၁, ၆၂, ၆၃...။

ပြောင်းလဲလာသော နိုင်ငံရေးစနစ်က ပုဂ္ဂလိကပိုင်ဆိုင်မှုအခန်းကဏ္ဍများကို ပြည်သူပိုင်အဖြစ် ပြောင်းလဲခြင်းနှင့်အတူ အမျိုးသားစည်းလုံးညီညွတ်ရေးမှုအရ ကွဲပြားနေသော အသင်းအဖွဲ့အစည်းပေါင်းစုံကို ချုပ်ငြိမ်းစေခြင်းဖြစ်ရပ်များ နောက်ပိုင်း တဖြုတ်ဖြုတ်ရပ်ဆိုင်းသွားကြသော ပုဂ္ဂလိကသတင်းစာများအနက် မန္တလေးတွင် ပုဂ္ဂလိကသတင်းစာအဖြစ် တစ်စောင်တည်းကျန်ရစ်သော လူထုသတင်းစာသည်လည်း ၁၉၆၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် တစ်ခါတည်းရပ်နားသွားတော့သည်။ အထက်ဗမာ (မြန်မာ)နိုင်ငံစာရေးဆရာအသင်းလည်း ဖျက်သိမ်းလိုက်သည်။ ၁၉၆၃ ကမ္ဘာအေးစာပေညီလာခံက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းသောစာရေးဆရာအဖွဲ့အစည်းဖွဲ့စည်းဖို့ ရည်မှန်းလမ်းညွှန်ခဲ့သည်။

မန္တလေးတွင်သတင်းစာများမရှိကြတော့ငြား စာအုပ်တိုက်ကြီးများ၏ စာအုပ်ထုတ်ဝေမှု လုပ်ငန်းများကတော့ အလျဉ်မပြတ်ခဲ့ကြပေ။ သို့သော် အားကောင်းမောင်းသန်တော့ မဟုတ်ကြတော့။ ရန်ကုန်အခြေစိုက် ရုံးလုပ်ငန်းများအတွက် "အေးဆေးဖြည်းလေး"အချိန်ယူလုပ်ကိုင်ကြရတော့သည်။ အမျှင်မပြတ်ရုံသာ။

***ဆက်လက်ဖော်ပြပါမည်***

***("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***



# ရေကျချိန်အပြောင်းအလဲအများဆုံးလဖြစ်သောကြောင့် ရေကြောင်းသွားလာရာတွင် အထူးဂရုပြုရန်လို

**မန္တလေး နိုဝင်ဘာ ၈**
နိုဝင်ဘာလသည် ရေကျချိန်အပြောင်းအလဲ အများဆုံးလဖြစ်သောကြောင့် ရေကြောင်းသွားလာရာတွင် အထူးဂရုပြုရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။

ယခုလသည် မြစ်ရေများရာသီမှ ရေနည်းရာသီသို့ ကူးပြောင်းသည့်ကြားခံလဖြစ်သည့်အပြင် ရေကျရာတွင်ရုတ်တရက် ကျဆင်းနိုင်သောကြောင့် ရေလမ်းကြောင်းများ ပြောင်းလဲသွားနိုင်သဖြင့် ရေစူးကန့်သတ်ချက်များသာမက ရေကြောင်းပြောင်းလဲမှုကို အထူးဂရုစိုက်ကြည့်ရှုသွားလာရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"ဒီလက ရေကြောင်းအခေါ်အဝေါ်အရ ကျမရာသီလို့ခေါ်တယ်။ ရေကကျရင် ရုတ်တရက်ကျမှာ။ ဒါကြောင့် ရေလမ်းကြောင်းတွေက ပြောင်းလဲသွားနိုင်တယ်။ ဒီနေ့ခုနစ်ပေ ရေစူးမှာတင်ရင် နောက်နေ့ ငါးပေမှာတင်နိုင်တဲ့အတွက် သောင်ပြင်မှာ သင်္ဘောကလုံးဝသောင်တင်နေတာတွေဖြစ်နိုင်တယ်။ ရေစူးပြအမှတ်အသားတွေတင်မဟုတ်ဘဲ ရေကျတဲ့အပေါ်မူတည်ပြီး စည်းပြောင်းလဲမှုကိုကြည့်ပြီး သွားလာသင့်တယ်"ဟု ဦးကိုကိုအောင်က ပြောသည်။

ရေစူးပြကန့်သတ်ချက်များကို ယခုလတတိယအပတ်တွင် စတင်ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ရေကြောင်းသွားလာပါက ပင်မရေလမ်းကြောင်းများမှ သွားလာသင့်ကြောင်း၊ အခြားရေကျသည့်လများတွင် ရေကျချိန်မြန်ဆန်ခြင်း၊ ရေကြောင်း ရုတ်တရက်ပြောင်းလဲခြင်းများမရှိသော်လည်း ယခုနိုဝင်ဘာလ တတိယပတ်တွင် အဆိုပါဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သောကြောင့် ဂရုပြုစေလိုကြောင်း သိရသည်။

"ရေကြောင်းလမ်းညွှန်လုပ်ငန်းတွေကို အကောင်းဆုံး၊ အပြည့်စုံဆုံးရေလမ်းတွေမှာ သတ်မှတ်ပေးသွားမှာပါ။ ဒီလတတိယအပတ်က ရေကျရာသီများတဲ့အတွက် ရေကျတဲ့အပေါ်မူတည်ပြီးတော့ လမ်းကြောင်း တော်တော်များများ ပြောင်းသွားနိုင်တယ်။ ဒါကြောင့် ရေလမ်းကြောင်းကိုလည်း သေချာဂရုစိုက်စေချင်တယ်"ဟု ၎င်းက ပြောသည်။



မြစ်ကြောင်းအတွင်း သွားလာနေကြသည့် သင်္ဘောများအနေဖြင့် ဂရုစိုက် သွားလာခြင်းမရှိပါက သင်္ဘောသောင်တင်ခြင်းများဖြစ်ပေါ်ကာ ရေလမ်းကြောင်းသွားလာရာတွင် အကြီးမားဆုံး အခက်အခဲများနှင့် ရင်ဆိုင်နိုင်ရမည့်အပြင် ရေလမ်းကြောင်းပိတ်ဆို့မှုများပါ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ မြို့မိ မြို့ဖများတွေ့ဆုံ

**အုတ်တွင်း နိုဝင်ဘာ ၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ မြို့မိ၊ မြို့ဖများ တွေ့ဆုံသည့် အခမ်းအနားကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားရာတွင် အစိုးရအဖွဲ့အနေဖြင့် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ပြည်သူ့လွှတ်တော်ကဏ္ဍ ဟန်ချက်ညီညီ ဆောင်ရွက်ရာတွင် ရိုးရိုးသာမန် လျှောက်လှမ်းရခြင်းမျိုးမဟုတ်ဘဲ အချိုးအကွေ့များဖြင့် လျှောက်လှမ်းရသဖြင့် အပြောင်းအလဲဟုဆိုရာတွင် သာမန်ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ စိတ်ထားများပါ ပြောင်းလဲရန်လိုကြောင်း ယနေ့မျက်မှောက်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပိုင်းဆိုင်ရာ အပြောင်းလဲများ ယခင်နှင့်မတူ ပြောင်းလဲတိုးတက်လာပြီဖြစ်ကြောင်း မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံများက လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးရန် ပြောကြားခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီနှင့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းကြရာ မေးမြန်းချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ကိုကိုနေ**

# မှုခင်းအသိပညာပေးရွေ့လျားယာဉ်ဖြင့် မုံရွာခရိုင်အတွင်း ဒုတိယအကြိမ်စတင်လှည့်လည်

**မုံရွာ နိုဝင်ဘာ ၈**
မုံရွာခရိုင်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ရွေ့လျားယာဉ်ကို နိုဝင်ဘာ ၅ ရက်မှစတင်၍ မုံရွာမြို့တွင်းသို့ ဒုတိယအကြိမ်အဖြစ် လှည့်လည်ရာ ပထမအကြိမ်ထက် ပရိသတ်စိတ်ဝင်စားမှု ပိုမိုအောင်ခင်းကျင်းပြသထားကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန်ထံမှ သိရသည်။

မှုခင်းအသိပညာပေး ရွေ့လျားယာဉ်ဖြင့် မုံရွာမြို့တွင် နိုဝင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်အထိ လှည့်လည်ပြသမည်ဖြစ်ပြီး ဘုတလင်၊ အရာတော်နှင့် ချောင်းဦးမြို့နယ်များအတွင်း မြို့သုံးမြို့အပါအဝင် ကျေးလက်နေဒေသခံများ မှုခင်းအသိပညာတိုးစေရန်ရည်ရွယ်၍ အရောက်ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

"ကျေးလက်နေတဲ့သူအများစုကို အဓိကထား မှုခင်းအသိပညာပေးဖို့ ရည်ရွယ်ပါတယ်။ များသောအားဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အဓိကထား ပြောပြပညာပေးဖို့ လိုမှာပါ။ မြို့ပေါ်ကိုတက်လာပြီး စည်းကမ်းချိုးဖောက်တာတွေ လျှော့နည်းအောင်နဲ့ အမှုအခင်းတွေလျှော့နည်းအောင် ဘယ်လိုပြုပြင်နေထိုင်သင့်တယ်ဆိုတာကို သိစေချင်လို့ပါ။ ကျေးလက်မှာတင် သိဖို့လိုတာလားဆိုရင် မြို့ပေါ်အဓိကနေရာတွေမှာ နေ့စဉ်သွားလာရင်း စည်းကမ်းအမြဲဖောက်နေတဲ့သူတွေကိုကြည့်ရင် သိနိုင်တဲ့အနေအထားမှာ ရှိတယ်ဆိုတော့ မြို့ပေါ်မှာလည်း စဉ်ဆက်မပြတ် ပညာပေးဖို့တော့ လိုအပ်တယ်လို့ မြင်ပါတယ်" ဟု ဒုတိယရဲမှူးကြီးက ပြောသည်။

ယခုဒုတိယအကြိမ် ရွေ့လျားယာဉ်ထွက်ရာတွင် လူထုကို အသိပညာထင်ထင်လင်းလင်း ပွင့်လင်းစွာ အချိန်တိုအတွင်း သိရှိစေရန် မှုခင်းဖြစ်စဉ်မှ ဖြစ်ပျက်နေသည်များကို အသိတစ်ခုရစေရန်အတွက် ဗီနိုင်းပိုစတာဖြင့် ပြသသွားမည်ဖြစ်သလို နေ့စဉ်ဖြစ်ပျက်နေသော လမ်းပေါ်ကမှုခင်း၊ အိမ်တွင်းကမှုခင်းစသည့် လူအချို့၏ စည်းကမ်းမဲ့၊ အသိမဲ့ လုပ်ရပ်များကိုပြသထားသလို လက်ကမ်းစာစောင်ပေါ်မှ မှုခင်းအသိတစ်ခုရရှိစေရန်ကိုလည်း ကြိုးစားထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နောင်ချိုမြို့နယ်၌ ပရဆေးဥယျာဉ်ဖွင့်

**နောင်ချို နိုဝင်ဘာ ၈**
အမြဲစိမ်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ ကူညီပံ့ပိုးဆောင်ရွက်မှုဖြင့် နောင်ချိုမြို့ ဈေးရပ်ကွက်နယ်မြေ(၁)ရှိ ပရဆေးမျိုးစုံအပင်များ စိုက်ပျိုးထားသည့် ပရဆေးဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

ပရဆေးဥယျာဉ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ထွေးချစ်၊ ပရဆေးဥယျာဉ်ခြံမြေအလှူရှင် ဦးကျော်အေးကို၊ ဒေါ်မြတ်မြတ်ခိုင်တို့က အမှာစကားပြောကြားကြပြီး ပရဆေးဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါပရဆေးဥယျာဉ်၌ တိုင်းရင်းဆေးအပင်မျိုးစုံတို့ကို စိုက်ပျိုးထားသောကြောင့် တန်ဖိုးရှိပရဆေးပင်များကို ဒေသခံပြည်သူများက လာရောက်လေ့လာကြကြောင်း သိရသည်။ **စိုးဝင်း (နောင်ချို)**

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆွေးနွေး

**ထားဝယ် နိုဝင်ဘာ ၈**
တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူး၊ ညွှန်ကြားရေးမှူး ဦးတင်ဌေးက အမှာစကားဆက်လက်ပြောကြားပြီး ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင် ကျောင်းအုပ်ကြီးများက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြကာ အုပ်စုဖွဲ့ဆွေးနွေးကြ သည်။

ထို့နောက် အုပ်စုအသီးသီး၏ ဆွေးနွေးချက်များကို ကျောင်းအုပ်ကြီးတစ်ဦးက ဖတ်ကြား တင်သွင်းပြီး ထပ်ဆင့်ဆွေးနွေးသူများက ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

# ရေအခက်အခဲမရှိစေရေး ရေစင်များဆောက်လုပ်

**မိတ္ထီလာ နိုဝင်ဘာ ၈**
မိတ္ထီလာမြို့စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၅၀ နှင့်အထက် မြို့ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုတိုးချဲ့ရပ်ကွက်နှင့် ပေါက်ချောင်းတိုးချဲ့ ရပ်ကွက်များတွင် နွေရာသီ၌ ရေအခက်အခဲမရှိစေရေးအတွက် ရေပေးဝေနိုင်ရန် အဆိုပါရပ်ကွက်များတွင် ရေစင်များ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ရေပေးဝေနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်များအတွင်း ပြည်ထောင်စုတိုးချဲ့ရပ်ကွက်နှင့် ပေါက်ချောင်းတိုးချဲ့ရပ်ကွက်တို့တွင် ရေအခက်အခဲရှိနေ၍ အဆိုပါရပ်ကွက်များ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ပြီး မျိုးသစ်ထွန်းကုမ္ပဏီမှ တာဝန်ယူ၍ အမြင့်ပေ ၄၀ ရှိ ဂါလန် ၁၂၀၀၀ ဆံ့ (Steel Structure) ရေစင်တစ်စင်စီ ဆောက်လုပ်လျက်ရှိရာ ရေစင်များဆောက်လုပ်ပြီးစီးပါက ရေဖြန့်ဝေနိုင်ရေးအတွက် ရေတိုင်များဆောင်ရွက်ပြီး မိတ္ထီလာကန်မှ ရေများကို ရေစက်ကြီးများဖြင့်တင်၍ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့်လျှပ်စစ်ကြိုးများလဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့် ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်း ဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ် ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ် ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

**မီးသတ်ဦးစီးဌာန**

## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# မွန်အမျိုးသားပညာရေးကဏ္ဍ မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်ရယူခြင်း ဆွေးနွေးပွဲပြုလုပ်




**ကျိုက်ထို နိုဝင်ဘာ ၈**

မွန်အမျိုးသားပညာရေးကော်မတီ(ဗဟို)နှင့် ကျိုက်ထိုမြို့နယ် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ပူးပေါင်း၍ မွန်အမျိုးသားပညာရေးကဏ္ဍ မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်ရယူခြင်း ဆွေးနွေးပွဲကို ကျိုက်ထိုမြို့ ဝိဝေကာရာမ မွန်ဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကျိုက်ထိုမြို့နယ် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်အောင်ဆန်းက အမှာစကားပြောကြားပြီး မွန်အမျိုးသားပညာရေးကော်မတီ (ဗဟို) မှ စာပေသင်ရိုးညွှန်းတမ်းနှင့် သုတေသနညှိနှိုင်းရေးမှူး ဦးမင်းအောင်ဇေက မွန်လူမျိုးတို့၏ သမိုင်းကြောင်းနှင့် မွန်စာပေနှင့်ယဉ်ကျေးမှု သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲ တက်ရောက်သည့် မွန်တိုင်းရင်းသူ တိုင်းရင်းသားများက မွန်အမျိုးသားပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် မူဝါဒပိုင်းဆိုင်ရာများကို အကြံပြုတင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မွန်အမျိုးသားပညာရေး ကော်မတီအနေဖြင့် လူမျိုးများ၏ အမျိုးသားရေးလက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းရန် မိခင်ဘာသာစကား အခြေပြု ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ၄၅ နှစ်ရှိပြီဖြစ်ကြောင်းနှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မွန်လူမှုအဖွဲ့အစည်းနှင့် အရည်အသွေးရှိသော ပညာရေးမှတစ်ဆင့် အရည်အချင်းရှိသော မွန်လူမျိုးတစ်ရပ် ဖြစ်ပေါ်စေရန် ရည်ရွယ်လျက် မွန်အမျိုးသား ပညာရေးနှီးနှောဖလှယ်ပွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်သည့်အတွက် နှီးနှောဖလှယ်ပွဲနှင့်ပတ်သက်၍ မွန်လူမျိုးများထံမှ လိုအပ်သည့်အကြံဉာဏ်များ ရယူနိုင်ရန် ဆွေးနွေးခြင်းဖြစ်ကြောင်း ကော်မတီဝင် နိုင်အောင်ကျနှစ်နှင့် နိုင်အိုက်ကွန်းတို့၏ ဆွေးနွေးချက်များအရ သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# လွှတ်တော်အတွေ့အကြုံများ ရှင်းလင်း

**ရေဦး နိုဝင်ဘာ ၈**

ရေဦးမြို့ မြသီတာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ ပြည်သူများထံ ရှင်းလင်းပွဲကို နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ပြီး ပြည်သူ့အသံများလည်း ရယူခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေးတို့က လွှတ်တော်အလိုက် တွေ့ကြုံခဲ့ရပုံများနှင့် လွှတ်တော်တွင်းဆောင်ရွက်ချက်များကို ပြည်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲတက်ရောက်သော ရပ်ကွက် ကျေးရွာအသီးသီးမှ ကိုယ်စားလှယ်များက ဒေသအလိုက် လိုအပ်ချက်များနှင့်ပတ်သက်၍ မေးခွန်းပေါင်းနှစ်ဆယ်ကျော် မေးမြန်းကြပြီး ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက လတ်တလောဖြေရှင်း၍ရသည့် တင်ပြချက်များကို ချက်ချင်းဖြေကြားရှင်းလင်းပေးခဲ့ကာ ချက်ချင်းဖြေရှင်းမရနိုင်သည့် ကိစ္စရပ်များကိုမူ မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**



# မိုးညှင်းတွင် တိုင်းလိုင်(ရှမ်းနီ)ရိုးရာသိုင်းသင်တန်းဆင်းပွဲ ကျင်းပ



**မိုးညှင်း နိုဝင်ဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရှမ်းနီလူငယ်များအဖွဲ့က ကြီးမှူးဖွင့်လှစ်ခဲ့သော ရှမ်းနီရိုးရာသိုင်းသင်တန်း အမှတ်စဉ်(၁)၏ သင်တန်းဆင်းပွဲကို မိုးညှင်းမြို့ သန္တိသုခဓမ္မာရုံ၌ နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရှမ်းနီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး အကျိုးတော်ဆောင်အဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ရှမ်းနီလူငယ်များသိုင်းအဖွဲ့ချုပ်နာယက ဦးတင်ငွေလေးနှင့် ရှမ်းနီလူငယ်များသိုင်းအဖွဲ့ချုပ် သင်တန်းမှူး ဦးဌေးမောင်ဆွေတို့က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူ ၅၂ ဦးအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကာ သင်တန်းသား သင်တန်းသူများက သရုပ်ပြသိုင်းကွက်များ တင်ဆက်ပြသခဲ့ကြသည်။

အဆိုပါ သင်တန်းကို တိုင်းလိုင်(ရှမ်းနီ) တိုင်းရင်းသားတို့၏ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန်နှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်းကာလ တစ်လကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(ဝ၆၇)**

# အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်အတွင်းရှိ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် (၅၀)ဆံ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာ ၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် (၅၀)ဆံ့ဆေးရုံမှ H.A ဒေါ်မြင့်မြင့်သန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းခုနစ်ဦးအဖွဲ့က ရွှေအင်ကြင်းရပ်ကွက် ဉာဏ်အလင်းစာကြည့်တိုက်၌ အခြေပြု၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဆေးကုသမှုဆောင်ရွက်ရာတွင် ရွှေအင်ကြင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပူးပေါင်းကူညီခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**



# တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းအကြောင်း ဆွေးနွေးပွဲပြုလုပ်

**လှိုင်းဘွဲ့ နိုဝင်ဘာ ၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ဆောင်ရွက်မည့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း ဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်နိုင်ထွန်းနှင့် ကော်သူးလေကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနမှ အကြီးတန်းအတိုင်ပင်ခံပုဂ္ဂိုလ် ဒေါက်တာအက်ဒမာတာတို့က အမှာစကားပြောကြားကာ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်သိန်းထွန်းနှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးလုပ်သား ၆၁ ဦးတို့က တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆင်စခန်းစာသင်ကျောင်းများသို့ ရေသန့်စက်နှင့် စာရေးကိရိယာများ လှူဒါန်း

**ဒိုက်ဦး နိုဝင်ဘာ ၈**

မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အရှေ့) ပဲခူး(မြောက်) သစ်ထုတ်လုပ်ရေးဒေသ အားမာန်(၂)နယ်အတွင်းရှိ ဆင်စခန်းစာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် ရေသန့်စက်နှင့် စာရေးကိရိယာများ၊ စာအုပ်များကို အလှူရှင်များက နိုဝင်ဘာ ၅ ရက်တွင် ကျောင်းများသို့အရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရုချောင်း ဆင်စခန်းစာသင်ကျောင်း၊ သဃ်န်းမြောင်ဆင်စခန်း စာသင်ကျောင်းနှင့် ကြိမ်နီဆင်စခန်းစာသင်ကျောင်းတို့တွင် ချို့တဲ့စွာ ပညာသင်ကြားနေကြရသော ကျောင်းသား ကျောင်းသူများအတွက် ၃၂ လီတာ ရေသန့်စက်သုံးလုံး၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ နာရီများ၊ သွားတိုက်ဆေး၊ သွားပွတ်တံများ၊ မုန့်မျိုးစုံတို့ကို မေတ္တာရိပ်(မန္တလေး)ပရဟိတအဖွဲ့၊ ဒိုက်ဦးပရဟိတအဖွဲ့နှင့် ပဲခူးမြို့ MEGAကုမ္ပဏီမှ ဆေးကိုယ်စားလှယ်နှင့် ဝန်ထမ်းများက ရန်ပုံငွေယ်ဆည်အတိုင်း စက်လှေဖြင့်သွားရောက်၍ ကျောင်းအရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ထို့အတူ ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ကျောင်းစာကြည့်တိုက်များအတွက် ကာတွန်း၊ ပုံပြင်စာအုပ်များ၊ နံရံကပ် စာပေရေချမ်းစင်စာအုပ်များနှင့် ဂျာနယ်မျိုးစုံကို သွားရောက်လှူဒါန်းခဲ့ကြပြီး အဆိုပါကျောင်းများမှ စတုတ္ထတန်း အောင်မြင်သည့် ကျောင်းသား ကျောင်းသူများမှာ မြို့နှင့်အလှမ်းဝေးသဖြင့် ဆက်လက်ပညာသင်ကြားနိုင်ရန် ခက်ခဲနေမှုနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မန္တလေး-မြစ်ကြီးနား ကုန်တင်စာပို့ရထား ဘီးချော်မှုဖြစ်

**အင်းတော် နိုဝင်ဘာ ၈**

ဝန်းသိုမြို့နယ် ဘုံချောင်းဘူတာနှင့် အင်းတော်မြို့နယ် မဲဇာဘူတာကြား၌ မန္တလေး-မြစ်ကြီးနား ကုန်တင်စာပို့ရထားသည် နိုဝင်ဘာ ၆ ရက်က ဘီးချော်မှုဖြစ်ပွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

စက်ခေါင်းမောင်း ဦးနေမျိုးအောင်နှင့် ဂတ်ဗိုလ် ဦးဟိန်းမင်းစိုးတို့ မောင်းနှင်လာသည့် စက်ခေါင်းအမှတ် DD-969 ရထားသည် ဝန်းသိုမြို့နယ် ဘုံချောင်းဘူတာမှ အင်းတော်မြို့နယ် မဲဇာဘူတာသို့ ထွက်ခွာလာစဉ် ရထား၏ ကုန်တင်တွဲအမှတ် GPHV 40262၊ GPHV-40423 နှင့် ဘရိတ်တွဲ BBEZ- 10591 တို့မှာ ဘီးချော်သွားခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါဖြစ်စဉ်ကြောင့် ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်းသိရသည်။

ရထားဘီးချော်မှုဖြစ်ရာနေရာသို့ နမ်းခမ်းရုံပိုင်ကြီး ဦးရဲသီဟနှင့် အဖွဲ့ဝင်များ၊ လမ်းဗိုလ် ဦးကျော်မင်းထွန်းနှင့် အဖွဲ့ဝင်များ၊ နမ်းခမ်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ နမ်းခမ်းဘူတာရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်၍ လမ်းရှင်းလင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ဘာနေဗျူးကွင်းမှာ အသက် ၃၆ နှစ်တိုင်အောင် ဆက်ကစားမယ့် စီရော်နယ်ဒို

မိုးမြင့်လင်းလက်



*ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်နဲ့အတူ အောင်ပွဲတွေဆက်လက်ရရှိနေပါတယ်။ ဒီအတွက်ကြောင့်လည်း ရီးရဲမက်ဒရစ်က နောက်ထပ် ငါးနှစ်သက်တမ်းစာချုပ်ဖို့ သဘောတူလိုက်ပြီ ဖြစ်ပါတယ်။ ဘာနေဗျူးရဲ့တာဝန်ရှိသူတွေက စီရော်နယ်ဒိုကို အသက် ၃၆ နှစ်အထိတိုင်အောင်ကစားဖို့ တရားဝင်ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ပါတယ်။*

### ငါးနှစ်စာချုပ်

ဆန်တီယာဂိုမြို့မှာရှိတဲ့ ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌရုံးမှ ဘာနေဗျူးရဲ့တာဝန်ရှိသူတွေက ငါးနှစ်ထပ်မံစာချုပ်ဖို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီအတွက်ကြောင့် သူဟာ ၂၀၂၁ ခုနှစ် ဇွန်လအထိ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ကစားနေဦးမှာဖြစ်ပါတယ်။ ဒီစာချုပ်သစ်အရ တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ၁၂ နှစ်အထိကြာအောင် ရီးရဲမက်ဒရစ်နဲ့ ကစားတဲ့ တိုက်စစ်မှူးဖြစ်လာမှာဖြစ်ပါတယ်။

### အမြင့်ဆုံးလစာ

တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုဟာ လက်ရှိအခြေအနေမှာ အမြင့်ဆုံးလစာ ရရှိထားသူလည်းဖြစ်ပါတယ်။ နာမည်ကြီး တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂါရက်ဘေးလ်ထက် လစာပိုရနေတဲ့ တိုက်စစ်မှူးလည်းဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ တစ်ပတ်ကို လုပ်ခလစာ ပေါင် ၃၆၅၀၀၀ အထိ ရရှိသူဖြစ်လာပါတယ်။ စာချုပ်သစ်ချုပ်ဆိုပေမယ့် သူ့ရဲ့လစာ အမြင့်ဆုံးအနေအထားကိုတော့ ပြောင်းလဲဖို့ရှိပုံမပေါ်ပါဘူး။ သို့ပေမယ့် သူဟာ ဒီနှစ်ရာသီမှာတော့ အဆိုးရွားဆုံးခြေစွမ်းတွေနဲ့ ရာသီသစ်ကို စတင်ခဲ့တာပါ။

### စံချိန်တင်ဂိုး

သူဟာ အသင်းရဲ့စံချိန်တင်ဂိုးသွင်းယူသူလည်း ဖြစ်လာပါတယ်။ မန်ယူကနေ ပြောင်းလာပြီးကတည်းက ပွဲပေါင်း ၃၅၉ ပွဲ ကစားရာမှာ ၃၇၁ ဂိုးသွင်းယူခဲ့ပါတယ်။ ဒီဂိုးတွေဟာ ရီးရဲမက်ဒရစ်အသင်းမှာတော့ အများဆုံးစံချိန်တင်သွင်းယူတဲ့ ဂိုးလို့ ဆိုပါတယ်။ စီရော်နယ်ဒိုကတော့ သူ့ရဲ့ဘောလုံးသမားဘဝကို စပိန်မြို့တော်ကြီးမှာ အဆုံးသတ်သွားလိုတယ်လို့ ပြောဆိုခဲ့ပါတယ်။

### ချန်ပီယံလိဂ်ဖလားနှစ်လုံး

သူဟာ ၂၀၀၉ ခုနှစ်က မန်ယူမှ ရီးရဲမက်ဒရစ်ကို ပြောင်းလာပြီးနောက် ပထမဆုံး စာချုပ်ခဲ့တာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းနဲ့ အတူ ခြောက်နှစ်တာကာလအတွင်း ချန်ပီယံလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ဒီကာလအတွင်းမှာ စပိန်လိဂ်ဖလားကိုတော့ တစ်လုံးသာဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်နဲ့အတူ ဘောလုံးကစားသမားဘဝကို အဆုံးသတ်နိုင်မှာဖြစ်တဲ့အတွက် အလွန်ပျော်မိတယ်လို့ စီရော်နယ်ဒိုက ဆိုပါတယ်။ အသင်းရဲ့နည်းပြ ဇီးနက်ဒင်းဇီဒန်းကလည်း စီရော်နယ်ဒိုရဲ့ စာချုပ်နဲ့ပတ်သက်လို့ အတည်ပြုပြောဆိုခဲ့ပါတယ်။

### မန်ယူမှာထက်ပိုမိုအောင်မြင်

၂၀၀၉ ခုနှစ်က ပေါင်သန်း ၈၀ နဲ့ပြောင်းရွှေ့လာတဲ့ စီရော်နယ်ဒိုဟာ မန်ယူမှာထက် ဘောလုံးသမားဘဝကို ပိုမိုအောင်မြင်တဲ့ ကစားသမားဖြစ်လာခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ အကောင်းဆုံးဘောလုံးသမားဆုတွေကိုလည်း ဆက်တိုက်ရယူခဲ့သူဖြစ်ပါတယ်။ သူဟာ အောင်မြင်တဲ့ အားကစားသမားတစ်ယောက်ဖြစ်ဖို့ ဘောလုံးကွင်းထဲမှာသာမက ကိုယ်ပိုင်အားကစားလေ့ကျင့်တဲ့အခန်းမှာလည်း အမြဲတမ်း လေ့ကျင့်နေတဲ့သူဖြစ်ပါတယ်။ ခန္ဓာကိုယ်နဲ့ပတ်သက်တဲ့ ကြွက်သားပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေကို အမြဲလေ့ကျင့်နေသူဖြစ်ပါတယ်။ ဒါကြောင့် သူဟာ အမြဲတမ်း အောင်မြင်နေတဲ့ကစားသမား ဖြစ်လာတယ်လို့ ဆိုပါတယ်။ ။



## ငါးပွဲမြောက်အနိုင်မရမှုကို အဆုံးသတ်ခဲ့တဲ့ ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၁)မှာ လက်ရှိချန်ပီယံ လက်စတာကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ငါးပွဲမြောက် အနိုင်မရမှုကို အဆုံးသတ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ပရီမီယာလိဂ်ရဲ့ချန်ပီယံလက်စတာအသင်းကို ဇယားနံပါတ် ၁၄ နေရာကို အရောက်ပို့လိုက်ပါတယ်။

အိမ်ကွင်းပွဲပေါင်း ၂၀ ရှုံးပွဲမရှိ စံချိန်တင်ထားတဲ့ လက်စတာအသင်းကို အကြိတ်အနယ်ကစားပြီး ဂျိမ်းမာရီဆင်နဲ့ မက်ဖီးလစ်တို့ရဲ့ဂိုးတွေနဲ့ လက်စတာကို အနိုင်ယူခဲ့ပါတယ်။ ယာနီရေးရီရဲ့လက်စတာအသင်းဟာ ဒီပွဲရဲ့ရလဒ်ကြောင့် ဇယားနံပါတ် ၁၄ နေရာကို ခုန်ဆင်းလိုက်ရပါတယ်။

ဝက်စ်ဘရွန်းအသင်းဟာ အကောင်းဆုံးခြေစွမ်းပြပြီး အနိုင်ရခဲ့တယ်လို့ ဆိုပါတယ်။ ပရီမီယာလိဂ် အိမ်ကွင်းပွဲအများစုမှာ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ လက်စတာအသင်းရဲ့ တိုက်စစ်မှူး ဗာဒီဟာလည်း အရန်လူထိုင်ခုံမှာသာ ထိုင်ခဲ့ရပါတယ်။ ဒီအတွက်ကြောင့်လည်း ဂိုးတွေမသွင်းနိုင်ဘဲဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဝက်စ်ဘရွန်းကတော့ ဒီပွဲအနိုင်ရခဲ့တဲ့အတွက် ငါးပွဲဆက်တိုက်အနိုင်မရမှုကို အဆုံးသတ်သွားနိုင်ခဲ့ပါတယ်။



## အင်္ဂလန်အသင်းမှာ ပါဝင်လာတဲ့ ကွင်းလယ်ကစားသမား ဂျက်ဝီရှရီ

ယူရို ၂၀၁၆ မှာ အခြေမလှခဲ့တဲ့ အိုက်စလန်ကစားသမား ဂျက်ဝီရှရီကို အင်္ဂလန် ယာယီနည်းပြဆောက်ဂိတ်က ပထမဆုံးအကြိမ်အဖြစ် အင်္ဂလန်အသင်းနဲ့အတူ ကစားဖို့ ရွေးချယ်ထားပါတယ်။ အင်္ဂလန်အသင်းဟာ စပိန်က အိမ်ရှင်အဖြစ် လက်ခံမကစားမီ သောကြာနေ့မှာ စကော့တလန်အသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။

ဘုန်းမောက်ကို အငှားချထားတဲ့ အာဆင်နယ်အသင်းရဲ့ကွင်းလယ်ကစားသမား ဝီရှရီဟာ ယူရို ၂၀၁၆ အပြီးမှာ နိုင်ငံတကာပွဲ ပါဝင်ကစားခဲ့ရခြင်း မရှိသေးပါဘူး။ သို့ပေမယ့် ဆောက်ဂိတ်ကတော့ ဂေါဒန်စထရာချန်ရဲ့စကော့တလန်အသင်းနဲ့ ကစားဖို့ ၂၅ ဦးစာရင်းမှာ ဂျက်ဝီရှရီကို ရွေးချယ်ထားပါတယ်။ သောကြာနေ့မှာ အင်္ဂလန်နဲ့ စကော့တလန်တို့ဟာ ဝင်ဘလေကွင်းမှာ ချစ်ကြည်ရေးကစားကြမှာ ဖြစ်ပါ တယ်။ ဒီပွဲအပြီး လေးရက်အကြာမှာတော့ စပိန်နဲ့ အင်္ဂလန်တို့ ချစ်ကြည်ရေးပွဲတွေအဖြစ် ကစားကြဖို့ ရှိပါတယ်။ ပြီးခဲ့တဲ့လက မော်လ်တာနဲ့ ဆလိုဗေးနီးယားတို့နဲ့ ကစားတဲ့ပွဲတွေမှာတော့ ဂျက်ဝီရှရီကို ဒဏ်ရာကြောင့် ခေါ်ယူကစားခဲ့ခြင်းမရှိပါဘူး။

## ပထမဆုံးအကြိမ် ဇယားထိပ်တက်လာတဲ့ လီဗာပူး



ဂျာဂျင်ကလော့ရဲ့ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၁)မှာ ဝက်ဖို့ဒ်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ဇယားထိပ်ဆုံးနေရာကို ရောက်လာခဲ့ပါတယ်။ နည်းပြဂျာဂျင်ကလော့လက်ထက်မှာတော့ ပထမဆုံး အကြိမ်ဖြစ်ပါတယ်။

ဒီပွဲအနိုင်ရလိုက်တဲ့ လီဗာပူးအသင်းဟာ မန်စီးတီး၊ ချယ်လ်ဆီးတို့နဲ့အပြိုင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်မယ့်အသင်းအဖြစ် ရေပန်းစားလာခဲ့ပါတယ်။ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ရဲ့အပေါ်မှာ အမြဲတမ်းနေသွားနိုင်အောင် ကြိုးစားသွားမယ်လို့ နည်းပြဂျာဂျင်ကလော့က ဆိုပါတယ်။ ဆာဒီယိုမန်း၊ ရောဘတ်ဖာမီနိုနဲ့ ကော်တင်ဟိုတို့ဟာ လီဗာပူးနဲ့အတူ အထူးခြေစွမ်းပြကစားလာကြပါတယ်။

သူတို့ရဲ့ဦးဆောင်မှုနဲ့အတူ လီဗာပူးအသင်းဟာ အောင်မြင်တဲ့ လမ်းကြောင်းတစ်ခုပေါ်သို့ ရောက်ရှိသွားဖို့ နည်းပြ ဂျာဂျင်ကလော့အနေနဲ့ မျှော်လင့်ထားပါတယ်။ ဝက်ဖို့ဒ်အသင်းကတော့ စက်တင်ဘာ ၂၆ ရက် ဘန်လေကို နှစ်ဂိုးပြတ်နဲ့ ရှုံးပြီးကတည်းက နိုင်ပွဲမရခဲ့သေးဘဲနဲ့ ဇယားနံပါတ် ၈ နေရာမှာ ရပ်တည်လျက်ရှိပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ဖိုဝင်းတောင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရိုးရာလှည်းဝိုင်းယဉ်ကျေးမှု



ဗုဒ္ဓပူဇနီယပွဲလည်းဖြစ်၊ ဖိုဝင်းတောင်ရှင်မယ်တော်ကြီး(ဖိုဝင်းရှင်မ)ကို ဆိုင်ရာများက ပသရသည့်ပွဲလည်းဖြစ်သော ဖိုဝင်းတောင်ပွဲကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပကြသည်။ ဖိုဝင်းတောင်ပွဲသို့ ပတ်ဝန်းကျင်ကျေးရွာများမှ ရွာလုံးကျွတ် နွားလှည်းများဖြင့် လာရောက်ကြရာ ယနေ့ခေတ်တွင် ရှားပါးလှသည့် အညာကျေးလက်လှည်းဝိုင်းယဉ်ကျေးမှုကို တွေ့မြင်နိုင်သည်။ ဖိုဝင်းတောင်ပွဲတွင်နှစ်စဉ်ဆုံနေကျ လှည်းဝိုင်းယဉ်ကျေးမှုကို လေ့လာလိုသူများအနေဖြင့် တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ ၁၄ ရက်အတွင်း လာရောက်လေ့လာမှသာ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ဖိုဝင်းတောင်ဒေသခံများက ဆိုသည်။

"ဖိုဝင်းတောင်ပွဲဆိုတာ ဗုဒ္ဓပူဇနီယပွဲလည်းဖြစ်၊ ဖိုဝင်းရှင်မယ်တော်ကြီးကို ဆိုင်ရာများက ပူဇော်ပသတဲ့ပွဲလည်း ဖြစ်ပါတယ်။ နတ်ဆိုပေမယ့်လည်း တောင်ပြိုးလို နတ်ကတဲ့ပွဲမပါတဲ့ ဘုရားဖူးနတ်တက်ပွဲလို့ ခေါ်ရပါမယ်။ ဒီပွဲကို ဖိုဝင်းတောင်ကို မှီခိုဆိုင်တဲ့ ဆားလင်းကြီးမြို့နယ်နဲ့ ယင်းမာပင်မြို့နယ်တွေထဲက ရွာတွေအားလုံးနီးပါး နှစ်စဉ်လာကြပါတယ်။ တစ်နှစ်လုံး တောအလုပ် တောင်အလုပ်တွေ ကုန်းကျုံးလုပ်လာခဲ့ရာက တစ်နှစ်လုံးမှာ ဒီပွဲက စည်စည်ကားကားရှိတော့ ရှာထားတဲ့ အထဲက လှူကြတန်းကြ ဝယ်ကြခြမ်းကြပေါ့ဗျာ" ဟု ဖိုဝင်းတောင် ဒေသခံတစ်ဦးက ပြောသည်။

**ရှေးဟောင်းယဉ်ကျေးမှု**

သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိသေးသလို ရှေးဟောင်းယဉ်ကျေးမှုအနုပညာများ တည်ရှိရာဖြစ်သော ဖိုဝင်းတောင် သာသနာ့မြေသို့ မုံရွာမြို့မှ ချင်းတွင်းမြစ်ကိုဖြတ်၍ ညောင်ပင်ကြီးဆိပ်ကမ်းမှတစ်ဆင့် ယင်းမာပင်-ပုလဲလမ်းအတိုင်းလာနိုင်ပြီး ထိုလမ်းအတိုင်း ၁၀ မိုင်ခန့်အရောက်တွင် လမ်းခွဲမှအတွင်းသို့ သုံးမိုင်ခန့်ဝင်ရောက်ပါက လောင်းလှေကြီးမှောက်ထားသည့် သဏ္ဌာန်ရှိ ဖိုဝင်းတောင်သာသနာ့မြေကို ရောက်ရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် တစ်မိုင်ခွဲအကွာရှိ ရွှေဘတောင်ကိုသွားရင်း ကျောက်သားကျောက်စိုင်ချပ်ကြီးများအလယ်ရှိ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများကို လေ့လာနိုင်မည်ဖြစ်သည်။

**ဖိုဝင်းတောင်ပွဲ**

ယခင်က ဖိုဝင်းတောင်ပွဲအချိန် ညများတွင် ရောက်ရှိနေသောလှည်းဝိုင်းများ၌ အိုးစည်ဒိုးပတ်များဖြင့် တစ်ရွာနှင့်တစ်ရွာ အဆို၊ အတီး၊ အကပြိုင်ဆိုင်ခဲ့ကြသည်။ ယခုအချိန်တွင် ခေတ်ပေါ်တေးသီချင်းများ အစားထိုးဝင်ရောက်လာကာ ကက်ဆက်ဆောင်းဘောက်များ အသံကုန်ဖွင့်၍ တစ်ညလုံးပျော်ကြသည့်ပွဲအဖြစ် ရပ်တည်နေသည်။ ယခင်က ဖိုဝင်းတောင်ပွဲကို တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့အရောက် လာခဲ့ကြရာမှ ယခုအခါတွင် လဆန်း ၁၂ ရက် နံနက်ဝေလီဝေလင်းအချိန်ကျမှ ရွာကထွက်ကြသည်။ နွားလှည်းဝိုင်းဟုဆိုသော်လည်း ယခုအခါတွင် နွားလှည်းများအပြင် ထော်လာဂျီ၊ ဆိုင်ကယ်၊ မော်တော်ကားများဖြင့် လာရောက်ကြသည်ကိုပါ တွေ့ရသည်။ လှည်းဝိုင်းဖွဲ့နေကြသည့်နေရာတွင် ယခင်က ရွက်ဖျင်များကို တဲထိုးနေကြပြီး နောက်ပိုင်းတွင် ကားသမား၊ ထန်းလျက်သမားများက မိုးကာများဖြင့် တဲထိုးနေကြသလို အချို့ရေလုပ်ငန်းလုပ်ကိုင်သူများက လှေသမားများ၏ ရွက်ကိုယူ၍ အမိုးလုပ်ကာ ယာယီနေထိုင်ကြသည်။



**ဘုရားပွဲ**

ဖိုဝင်းတောင်ပွဲကို မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များမှ လာကြသူများအနေဖြင့် တန်ဆောင်မုန်းလပြည့် နံနက်ခင်းတွင်မှ လာကြသည်က များသည်။ တချို့က ညအိပ်လာကြသော်လည်း ညအိပ်သူက နည်းသည်။ နေ့ချင်းပြန်သာ များသည်။ ဒေသခံများမှာမူ လမပြည့်ခင် လဆန်း ၈ ရက်၊ ၉ ရက် ညကတည်းက အုပ်စုလိုက် ပေါင်းမိုးအုပ်လှည်းတန်းကြီးဖြင့် ရောက်ရှိနေကြပြီး ဘုရားပွဲဆင်နွှဲကြမြဲဖြစ်သည်။ ဆားလင်းကြီးနှင့် ယင်းမာပင်မြို့နယ်များမှ ကျေးရွာများဖြစ်သော ထန်းပုရွာ၊ ထန်းစင်ရွာ၊ ကျေးပင်ဖူးရွာ၊ ဖောင်းကတာရွာ၊ မကျီးတထောင်ရွာ၊ ရေခါးရွာ စသည့်ရွာများတွင် နေသူများမှာ နှစ်စဉ် ရိုးရာစဉ်လာမပျက် ရွာလုံးကျွတ် နွားလှည်းများဖြင့် ဖိုဝင်းတောင်ပွဲသို့ လာကြသည်။

**ကျောက်ပန်း**

ရှေးအခါက ဖိုဝင်းတောင်ပွဲနှင့်ပတ်သက်၍ ပြောသည့်စကားဖြစ်သော 'ဘီးဆံပတ်နှင့် ကျောက်ပန်းပန် ဖိုဝင်းတောင်ကရတဲ့မိန်းမ' ဟုသည့် စကားကို ဒေသခံတို့ ယခုအထိ လက်ဆင့်ကမ်းဆဲဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ နေ့လယ်နှင့် ညနေပိုင်းတို့တွင် ဖိုဝင်းတောင်မှ ပြန်လာကြသည့် မိသားစုများထဲမှ အမျိုးသမီးအများစု၏ ဦးခေါင်းထက်တွင် ကျောက်ပန်းအခွေလိုက်ကလေးများပန်၍ ပြန်လာကြသည့်မြင်ကွင်းကို မုံရွာဒေသခံများ နှစ်စဉ်မြင်နေကျဖြစ်သည်။ ဘုရားပွဲအပြီးတွင် ချင်းတွင်းမြစ်ကမ်း ဇက်ဆိပ်ကူးတို့ဆိပ်၊ စက်တပ်လှေငယ်ဆိပ်များမှတစ်ဆင့် မုံရွာမြို့ လေးပြင်လေးရပ်ကို သွားနေကြသည့်သူများထဲတွင် ကျောက်ပန်းပန်လာသည်ကို မြင်ရပါက ဖိုဝင်းတောင်ကပြန်လာသည်ဟု မုံရွာမြို့ခံများ တန်းသိကြသည်။

**ပြန်ဆုံကြဦးမည်**

ဘုရားပွဲနေ့ဟု အများသိထားသော တန်ဆောင်မုန်းလပြည့်နေ့ နံနက်တွင် ဝေလီဝေလင်းအချိန်မှစ၍ ဘုရားပွဲလာသူများမှာ တဲများဖြုတ်၊ အထုပ်များစည်းကာ ပြန်ရန်ဟန်ပြင်နေကြပြီဖြစ်သည်။ နံနက် ၆ နာရီခွဲ ၇ နာရီဝန်းကျင်တွင် အလင်းရောင်ရလာပြီးနောက် လှည်းတစ်စီးနှင့်တစ်စီး အော်ဟစ်နှုတ်ဆက်သံ၊ စကားပြောသံ၊ လှည်းဘီးများက ကျောက်လမ်းကို နင်းကြိတ်သွားသံများကို ကြားရသည်။ ထိုအသံများသည် ဖိုဝင်းတောင်ဒေသ၏ တစ်နှစ်တစ်ခါ ကြားကြရသည့် အသံ၊ ကြားနေကျအသံများ ဖြစ်သည်။ နှစ်စဉ် နွားလှည်းဝိုင်းများဖြင့်လာနေကျ ဒေသခံမိသားစုများအနေဖြင့် ကုန်းကမူအမြင့်များကို အစီအရီတရွေ့ရွေ့ဖြတ်ကျော်ရင်း မိမိတို့နေရပ်များသို့ ပြန်သွားကြသော်လည်း အားလုံးသည် နောင်နှစ် ဒီနေရာတွင် ဒီအချိန်မှာ ပြန်ဆုံကြဦးမည်ပင်ဖြစ်သည်။ ။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဒလ-တွံတေးကားလမ်းမကြီး လမ်းမီးလင်းရေးအတွက် အလှူငွေ ကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်း

**ဒလ နိုဝင်ဘာ ၈**

ဒလမြို့နယ် ဒလ-တွံတေးကားလမ်းမကြီး ကမ်းနားအဝိုင်းပတ်မှ ဒလမြို့ဝင်/ထွက် ဆာပါချောင်ရပ်ကွက်အထိ လမ်းမီးများလင်းရေးအတွက် အလှူငွေပေးအပ် လှူဒါန်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် လမ်းမီးလင်းရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အလှူရှင်အား ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်မိုးက မြို့နယ်အတွင်း လမ်းမီးများထွန်းထားပြီးသည့် အခြေအနေ၊ မြို့တွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့်စနစ်နှင့် ယခုရက်ပိုင်းအတွင်း လျှပ်စစ်မီးပျက်နေရသည့်အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဦးကိုကိုနိုင်က လမ်းမီးများမရှိခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် အခက်အခဲဖြစ်ခြင်းနှင့် ဒုစရိုက်မှုများ ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် လမ်းမီးများလင်းစေရန် လှူဒါန်းခြင်းဖြစ်ကြောင်းပြောကြားပြီး အလှူငွေ ကျပ်သိန်း ၃၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံ ပေးအပ်ခဲ့ကာ ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မော်စက်ရပ်ကွက်နေ အလှူရှင် ဦးကိုကိုနိုင် မိသားစုသည် လမ်းမီးအတွက် အလှူငွေကျပ်သိန်း ၃၀ အပြင် မော်စက်ရပ်ကွက် သမ္မန်ဆိပ်မှ ဆာပါချောင်ရပ်ကွက် သမ္ဗာန်ဆိပ်အထိ ကွန်ကရစ်ဓာတ်တိုင် ၃၄ တိုင်နှင့် မီးလင်းရေးဆက်စပ်ပစ္စည်းများ တန်ဖိုး ကျပ်သိန်း ၂၃၀ ကျော်ကိုလည်း လှူဒါန်းခဲ့ပြီးဖြစ်ကာ လစဉ်လျှပ်စစ်မီတာခများကိုလည်း ကုသိုလ်ယူကျခံပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

## ဝါးအခြေခံလက်မှုထည်ပြုလုပ်နည်း သင်တန်းဆင်း

**မြိုင် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု အင်းရောင်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အမျိုးသမီးအခြေပြု ဝါးအခြေခံလက်မှုထည် နည်းပညာသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းဘိုက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



အဆိုပါသင်တန်းကို တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ယင်းတိုင်းတောင်ဆည်ရှိ ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism- CBT)ရုံး၌ အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၄ ရက် အထိ ၁၂ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ဒေသတွင်းကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## မူးယစ်ဆေးဝါးကင်းစင်သော ကျေးရွာအဖြစ် ဆိုင်းဘုတ်တင်ပွဲကျင်းပ

**ကျိုက်ထို နိုဝင်ဘာ ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်စု ကင်းမွန်းချောင်းကျေးရွာ၌ မူးယစ်ဆေးဝါးကင်းစင်သောကျေးရွာအဖြစ် ဆိုင်းဘုတ်တင်ပွဲကို နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။ ဆိုင်းဘုတ်တင်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်း၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနန္ဒဝင်း၊ ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ ကင်မွန်းချောင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်သူရ၊ ကင်မွန်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးဦးနှင့် တောင်တက်မော်တော်ယာဉ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်တိုးတို့က 'ကင်မွန်းချောင်းကျေးရွာသည် မူးယစ်ဆေးဝါးကင်းစင်သောကျေးရွာဖြစ်သည်' ဟူသည့် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ ဖွင့်ပွဲသို့ ကင်မွန်းချောင်းအထက(ခွဲ)မှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**


IKBZ Insurance
"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"
IKBZ Insurance You Can Rely On
မြန်မာနိုင်ငံတွင် ပထမဦးဆုံး " အွန်လိုင်း အာမခံစနစ် " အား
IKBZ မှ စတင်လိုက်ပါသည်။
www.i-kbz.com သို့ဝင်ရောက်၍
မီးနှင့်သဘာဝဘေးအန္တရာယ်အာမခံနှင့် အလုံးစုံမော်တော်ယာဉ်အာမခံတို့အား
အွန်လိုင်းအာမခံစနစ်ဖြင့် (၁၁.၁၁.၂၀၁၆) မှ စတင်၍
ဝယ်ယူအာမခံထားရှိနိုင်ပြီ ဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
အခြားအာမခံဝန်ဆောင်မှုများကိုလည်း
မကြာမီ အချိန်တွင်
အွန်လိုင်း စနစ်ဖြင့်ဝယ်ယူ
အာမခံထားရှိနိုင်တော့မည်ဖြစ်ပါသည်။
အမှတ်(၅၃) Strand Square၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။
Phone : 01-2307000, 378842, Fax : 01-2307126, www.facebook.com/ikbzinc , www.i-kbz.com

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်အရိုးရောဂါအထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် ဆေးနှင့် ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်း၊ ခွဲစိတ်မှန်ခန်းသုံး ပစ္စည်းများ (FDAအသိအမှတ်ပြုများ)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၁၁-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၂-၂၀၁၆ ရက် ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဥတ္တရသီရိဟိုတယ်ဇုန်အနီး၊ သစ်ဝင်တိုင်းရွာအနီး**
**ဖုန်း-၀၆၇-၄၁၇၁၇၀**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရှုမည့်နေရာ** - အမှတ် ၆၉/၇၁၊ မြဲမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ဝန်ကြီးရုံး) ရုံးအမှတ် ၁၉၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၀-၁၁-၂၀၁၆ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၆-၁၂-၂၀၁၆ရက် ၁၆:၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၀၈၃၊ ၀၆၇-၄၁၄၁၈၄ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## လမ်းအထူးအဖွဲ့(၉)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်-၄/၂၀၁၆

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)မှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

(၁) **တင်ဒါလျှောက်လွှာ စတင်ရယူနိုင်သည့်ရက်** - ၁၀-၁၁-၂၀၁၆ ရက်

(၂) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၁၂-၂၀၁၆ ရက်၊ ၁၆:၃၀ နာရီ

(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂-၁၂-၂၀၁၆ ရက်၊ ၉:၃၀ နာရီ

(၄) **တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ** - လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၆၄-၂၃၁၁၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**မြန်မာနိုင်ငံ FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ခွဲစိတ်ခွဲခန်းသုံးဆေးများ
(ဂ) ခွဲစိတ်မှန်ဖလင်နှင့်ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Comsumables)

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁၁-၂၀၁၆ ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | နိုင်ငံခြားစက္ကူ ၃၀" (High Bright) 45 Gsm | - ၁၇၀၀ တန် |
| (ခ) | Web Ink (Black) | - ၁၄၀၀၀ ကီလို |
| (ဂ) | Web Ink (Cyan) | - ၈၀၀၀ ကီလို |
| (ဃ) | Web Ink (Magenta) | - ၅၆၀၀ ကီလို |
| (င) | Web Ink (Yellow) | - ၆၉၀၀ ကီလို |
| (စ) | Fountain Solution | - ၂၀၀၀ လီတာ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၁၁-၂၀၁၆ရက်မှ ၂၅-၁၁-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၀၉:၀၀နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁၁-၂၀၁၆ရက် နံနက် ၀၉:၀၀နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇) ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇- ၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြစ်ကြီးနားခရိုင်တရားရုံး
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၈

၁။ ဦးမရန်လတောင် **နှင့်** ၁။ ဦးစန်းလွင်(ခ)ဦးစိန်ထွန်း
၂။ ဒေါ်ဂျာအောင်လု ၂။ ဦးအောင်ကျော်မိုး
**တရားလိုများ** **တရားပြိုင်များ**

အထက်ပါအမှုမှ (၁) တရားပြိုင် ဦးစန်းလွင်(ခ)ဦးစိန်ထွန်း၊ အောက်ချိုင့်ရပ်ကွက်၊ အောင်ပန်းမြို့၊ ရှမ်းပြည်တောင်ပိုင်းနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမရန်လတောင် ပါ ၂-က နေအိမ်အား ပြုပြင်ဆောက်လုပ်ခ ကုန်ကျစရိတ်ငွေကျပ်(၃၄၇၄၀၀၀ိ/-)လက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၂၂ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) နံနက် ၁၀:၀၀ နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဝေါမြို့နယ်တရားရုံး
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈၁

ဦးပိန်(ခ)ဦးရွှေလှိုင် **နှင့်** ၁။ ဦးစိုးမြင့်၊ ၂။ ဒေါ်ကျင်၊ ၃။ ဦးမောင်ဇော်
**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဝိုင်းပါတ်ကျေးရွာအုပ်စု၊ အောက်ဝိုင်းပါတ်ကျေးရွာနေ (၃) တရားပြိုင် ဦးမောင်ဇော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးပိန်(ခ)ဦးရွှေလှိုင်က ချေးငွေ ၁၂၁၀၀၀၀ိ/- ရလိုကြောင်း စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၈ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးသူရအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဝေါမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၃၃၅၂ Dayang 125ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/မရမ(နိုင်)၀၁၁၄၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

# Govt- High School အထက(၁)စစ်တွေ
# မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

နှစ်စဉ်ကျင်းပမြဲ မြတ်ဆရာပူဇော်ပွဲကို စစ်တွေမြို့နှင့် ရန်ကုန်မြို့တို့တွင် အောက်ပါအစီအစဉ်အတိုင်း တစ်ပြိုင်နက်တည်း ကျင်းပမည်။ သက်ကြီး ကျောင်းသူ ကျောင်းသားများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများပါမကျန် ပါဝင်တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် (အထူး)ဖိတ်ကြားအပ်ပါသည်။

**နေရာ** - (အထက-၁ စစ်တွေ) မူလကျောင်းဟောင်းခန်းမ၊ ကျောင်းကြီးလမ်း

**ရန်ကုန်** - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်

**အချိန်** - နံနက် ၈:၃၀ နာရီမှ ၁၂:၀၀ နာရီအထိ

**နေ့ရက်** - ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (ကြာသပတေးနေ့) (အမျိုးသားနေ့)

**ဆက်သွယ်ရန်**

**ရန်ကုန်** ဦးစောအောင် ဖုန်း-၀၉-၅၀၈၂၄၃၉၊ ဦးမင်းစိန် ဖုန်း-၀၉-၅၆၈၀၅၈၀၊ ဦးသာကျော် ဖုန်း-၀၉-၅၀၉၂၇၃၄၊ ဦးကျော်ထွန်းအေး ဖုန်း-၀၉-၇၃၁၆၄၁၀၇၊ ဦးစံသာအောင် ဖုန်း-၀၉-၅၁၅၀၀၉၆၊ ဦးထွန်းဝင်း ဖုန်း-၀၉-၅၁၉၃၀၈၂၊ ဒေါ်မာလာကြည် ဖုန်း-၀၉-၇၃၁၅၄၃၁၃၊ ဒေါ်မေသင်းလှိုင် ဖုန်း-၀၉-၄၂၁၇၄၉၂၂၃

**စစ်တွေ** ဦးဇော်ဝင်းမောင် ဖုန်း-၀၉-၄၂၁၇၃၆၈၄၇၊ ဒေါ်စောစောဝင်း ဖုန်း-၀၉-၂၅၄၂၀၃၂၆၇၊ ဒေါ်တင်တင်ဦး (အထက-၁ ကျောင်းအုပ်ကြီး) ဖုန်း-၀၉-၂၅၀၉၉၉၆၃၀၊ ၀၉-၂၅၁၁၃၃၀၃၆

**မှတ်ချက်** ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အသက်(၆၀)ပြည့်ပြီး ဆရာ ဆရာမများ ဆက်သွယ်ကြပါရန်။

# ပဥ္စမအကြိမ်မြောက် အထက၊ ပလစ(၂)
# အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အထက၊ ပလစ(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသောကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

**ရက်** - ၂၄-၁၂-၂၀၁၆ ရက် (စနေနေ့)

**အချိန်** - နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ

**နေရာ** - အထက၊ ပလစ(၂)ကျောင်း၊ မန္တလေးမြို့

**ဆက်သွယ်လှူဒါန်းလိုပါက-**

| | |
|---|---|
| ကိုလှမျိုး | ဖုန်း-၀၉-၂၀၀၄၇၈၃ |
| ကိုညီညီစိုး | ဖုန်း-၀၉-၄၂၁၁၇၃၂၃၂ |
| ကိုမောင်မောင်လွင် | ဖုန်း-၀၉-၉၁၀၀၄၄၁၈ |
| ကိုဝဏ္ဏ | ဖုန်း-၀၉-၂၀၁၀၆၉၅ |
| ကိုသိန်းသျှန် | ဖုန်း-၀၉-၉၁၀၂၁၆၇၇ |

# မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ
# စာရင်းပေးသွင်းရန် နှိုးဆော်ခြင်း

မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးသုံးဘာသာနှင့် ဂုဏ်ထူးသုံးဘာသာအထက်ရရှိကြသော တမီလ်ဟိန္ဒူဘာသာဝင် ကျောင်းသား ကျောင်းသူများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုပွဲကျင်းပမည်ဖြစ်သဖြင့် မိမိတို့၏ နေရပ်နှင့် နီးစပ်ရာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပဲခူး၊ သထုံအဖွဲ့ခွဲများသို့ဖြစ်စေ၊ ဗဟိုရုံးသို့ဖြစ်စေ ၂၅-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပညာရေးဆပ်ကော်မတီ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**
**အမှတ် ၁၁၁/၁၁၃၊ ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၀၁-၂၉၆၃၂၃၊ ၀၁-၂၉၈၉၆၂၊ ၀၁-၂၉၉၂၄၁**

# သထုံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း
# နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲ

သထုံမြို့ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် နှစ်အလိုက် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ၇-၁-၂၀၁၇ရက် ၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၁၀ရက် (စနေနေ့)ညနေ ၃:၀၀နာရီတွင် အထက(၁) နဝဒေးခန်းမဆောင်နှင့် မြက်ခင်းပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အထက(၁) သထုံတွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နဝမအကြိမ် ပူဇော်ပွဲသို့တက်ရောက်ကြပါရန်နှင့် ကျောင်းတော်ကြီး၌ ပညာသင်ကြားဖူးခဲ့ကြသည့် ရပ်ဝေး ရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများကလည်း မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ပါဝင်လှူဒါန်းသူများသည် ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ် ၀၇၄ ၃၀၂၀ ၇၄၀၀၃၀၄၀၀၁ သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့်ရန်ကုန်မြို့တွင် ကိုသက်အောင် ဖုန်း-၀၉-၅၀၁၆၈၉၄၊ မစံပယ်လွင် ဖုန်း-၀၉-၄၃၀၈၃၂၄၄၊ မညီညီအောင် ဖုန်း-၀၉-၅၁၃၅၅၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ဦးပိုင်အမှတ်(၁၃၉-ခ)၊ မြေဧရိယာ ၀ဒသမ ၀၅၃၈ကေရှိ ဦးစုအမည်ပေါက် မြေကွက်အား အမွေဆက် အမွေခံပိုင်ဆိုင်ထားသူများဖြစ်သော (၁) ဒေါ်ကျင်စိန်၊ (၂) ဦးစိန်ထွန်း၊ (၃) ဦးလှမြင့်သောင်း၊ (၄) ဒေါ်နီနီမာ၊ (၅) ဦးထွန်းထွန်း၊ (၆) ဦးဇင်မိုးအောင်၊ (၇) ဦးတင်ထွန်း၊ (၈) ဦးခင်မောင်ထွေးတို့မှ မြေကွက်အရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး ကျောက်ဆည်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်ချုပ်ဆိုမှတ်ပုံတင်သွားမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျောက်ဆည်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက စာချုပ်စာတမ်းမှတ်ပုံတင် ဆောင်ရွက်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| **ဒေါ်ကျင်စိန်** | **ဦးစိန်ထွန်း** | **ဦးလှမြင့်သောင်း** | **ဒေါ်နီနီမာ** |
| **၉/ကဆန(နိုင်)** | **၁၂/ကမတ(နိုင်)** | **၉/ကဆန(နိုင်)** | **၉/ကဆန(နိုင်)** |
| **၀၅၇၅၆၇** | **၀၄၂၀၆၃** | **၀၅၇၅၃၇** | **၀၅၇၅၆၈** |
| **ဦးထွန်းထွန်း** | **ဦးဇင်မိုးအောင်** | **ဦးတင်ထွန်း** | **ဦးခင်မောင်ထွေး** |
| **၉/ကဆန(နိုင်)** | **၉/ကဆန(နိုင်)** | **၉/ကဆန(နိုင်)** | **၉/ကဆန(နိုင်)** |
| **၀၈၇၄၈၄** | **၁၄၆၃၉၀** | **၁၁၆၁၉၁** | **၀၂၀၂၀၅** |

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ တောင်ညောင်ကုန်းကျေးရွာ (အထက)၊ နဝမတန်း(B)မှ မောင်ဇော်မျိုးနှင့် နဝမတန်း(C)မှ မစန္ဒာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/ပဘန(နိုင်)၁၃၉၉၀၆ ဖြစ်ပါကြောင်း။

**ဦးခင်မောင်မြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၈၉၈၂၀ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၆/သရခ(နိုင်)၀၉၆၉၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

# တိုင်းဒေသကြီး၊ ပြည်နယ်များ ဖွံ့ဖြိုးမှုကွာခြားချက် နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးနေ

**ဟားခါး နိုဝင်ဘာ ၈**

ချင်းပြည်နယ်တွင်ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ချင်းတွင်းတံတား(ဟုမ္မလင်း) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဟားခါးမြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံ၊ ဒုတိယဝန်ကြီးများနှင့်အတူ ခန္တီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား (ဟုမ္မလင်း) တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းဒုတိယညွှန်ကြားရေးမှူးက တံတားဆိုင်ရာအချက်အလက်များ၊ ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❂



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ချင်းတွင်းတံတား(ဟုမ္မလင်း) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစဉ်** (သတင်းစဉ်)




# ရာသီဥတုကောင်းမွန်လာပြီဖြစ်၍ ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများပြေးဆွဲ

**စစ်တွေ နိုဝင်ဘာ ၈**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်ကြောင့် ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများ ခေတ္တရပ်နားထားခဲ့ရသော်လည်း နိုဝင်ဘာ ၈ ရက်တွင် သင်္ဘောများ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် နိုဝင်ဘာ ၆ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကိုဝင်ရောက်ပြီးနောက် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ရာသီဥတု ကောင်းမွန်လာခြင်းကြောင့် ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက် ရှိသည်။ "မုန်တိုင်းတိုက်သော အချိန်နှင့်ဖြတ်နေတဲ့နေ့ကတော့ ကျွန်တော်တို့အတွက် သိပ်ပြဿနာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မုန်တိုင်းဖြတ်တဲ့နေ့က စစ်တွေမြို့မှာ တနင်္ဂနွေဆို ဈေးပိတ်တဲ့နေ့ဖြစ်နေလို့ပါ" ဟု ပေါက်တောမြို့နယ် သဝင်ချောင်းကျေးရွာမှ ဈေးလာဝယ်သူ ကိုစံကျော်အောင်က ပြောသည်။

နိုဝင်ဘာ ၇ ရက် နံနက် ၆ နာရီမှစတင်ပြီး ကျွန်တော်တို့သင်္ဘောတွေ ပြေးဆွဲနေပါပြီ။ ဒါပေမယ့် စစ်တွေမြို့ကိုအခြေပြုပြီး ဘူးသီးတောင်မြို့၊ မြောက်ဦးမြို့၊ ပေါက်တောမြို့၊ မင်းပြားမြို့၊ မြေပုံမြို့တွေကို ပြေးဆွဲနေသော အမြန်ယာဉ်များကိုသာ ခွင့်ပြုထားပြီး ကျောက်ဖြူမြို့နှင့် တောင်ကုတ်မြို့တွေကို မုန်တိုင်းအန္တရာယ်ကင်းရှင်းပြီးမှ ပြေးဆွဲကြပါရန်ပြောထားကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ဦးစီးဌာနမှ ကိုပြည့်ဖြိုးဝင်းက ပြောသည်။ ဆက်လက်၍ ကိုပြည့်ဖြိုးဝင်းက "ဒီနေ့မနက်ပိုင်းစပြီး သင်္ဘောအကုန်လုံးက ရာသီဥတုကောင်းမွန်လာတဲ့အတွက် ပြေးဆွဲကြပါပြီ" ဟု ပြောကြားသည်။

"ကျွန်တော်တို့ကတော့ ရာသီဥတုကောင်းမွန်လာတဲ့အတွက် ခရီးစဉ်ကို ပုံမှန်အတိုင်းပြေးဆွဲနေပါပြီ။ ဒါပေမယ့် ကျောက်ဖြူမြို့နှင့် တောင်ကုတ်မြို့ကိုသွားတဲ့အခါ ပင်လယ်ပြင်ကို ဖြတ်ကျော်သွားရတဲ့အတွက် ခရီးသည်တွေ အသက်အန္တရာယ်နှင့် လုံခြုံရေးကိုစိတ်ချရသည့်အချိန်မှ ပြေးဆွဲသွားမည်ဖြစ်ပါတယ်" ဟု မလိခအမြန်ရေယာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**တင်ထွန်း(မြန်/ဆက်)**


## မာတိကာ

**နှစ်နိုင်ငံချစ်ကြည်ရေးအရ မြန်မာနိုင်ငံရှိ စာသင်ကျောင်းများကို ပညာသင်ဆု ပေးအပ်** စာ-၅

**မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများအား ထောက်ပံ့ပေးနေသူ နှစ်ဦး ဖမ်းဆီးရမိ** စာ-၈

**ရေကျချိန်အပြောင်းအလဲ အများဆုံးလဖြစ်သောကြောင့် ရေကြောင်းသွားလာရာတွင် အထူးဂရုပြုရန်လို** စာ-၁၇